


mgyoe.com




mgyoe.com

ISBN 9789997114396
FIC 129
9 789997 114396
4,000.00KS

mgyoe.com

အချစ်ရပ်ဝှမ်းဒေသ၊ ငြိမ်းကျော်
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၃၁၉ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇန်နဝါရီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၉ အရှေ့မြို့ကုပ်စက်ဝိုင်း၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၄ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အချစ်ရပ်ဝှမ်းဒေသ

## ငြိမ်းကျော်

တတိယအကြိမ် ၂၀၀၉

mgyoe.com

mgyoe.com

ယခုစာအုပ်၏ ဒုတိယအကြိမ်မူတွင်
စာအုပ်အမည်ကို အချစ်ရပ်ဝန်းဒေသ ဟု ပြင်ဆင်ရိုက်နှိပ်ခဲ့ပါသည်။
သို့သော်လည်း ရပ်ဝန်း နှင့် ရပ်ဝှမ်း နှစ်မျိုးလုံးမှာပင်
မူလအဓိပ္ပာယ်ရှိပြီးဖြစ်သောကြောင့်
ယခုအကြိမ်တွင် ဆရာငြိမ်းကျော်၏ မူလအသုံးအတိုင်း
အချစ်ရပ်ဝှမ်းဒေသ ဟုပင် ထားရှိလိုက်ပါကြောင်း။

mgyoe.com

mgyoe.com

# (၁)

မြသား မြရွက်တို့အကြားတွင် ရွှေရည်ပြောက်ထားလေသလားဟု ထင်ရ၏။ တစ်မျှော်တစ်ခေါ် ဝေးနေရာမှ တစ်စတစ်စ နီးကပ်လာသောအခါ တောနှင့်တောင်ခွင် ထက်ဝန်းကျင်၏ ရေမြေအလှအပတို့သည် ပိုမိုပီသလာလေ၏။ ရွက်ကျင်ကြွေသော ကာလ၏ ဆွတ်လွတ်တိမ်းမူးဖွယ်များပေတည့်။ အနုအရင့်ခြားနားသော သစ်ရွက်စိမ်းများကိုတောင် ခြေတစ်လှမ်းလျှောက် လမ်းတစ်လျှောက်တွင် မြင်ရသည်။ အရွက်သဏ္ဌာန်တို့သည် အကွဲကွဲ အပြားပြား။ ရွက်နုသစ်တို့၏ အဆင်းသည် ဝေးမောစေလောက်သော အစွမ်းနှင့် ပြည့်စုံလေ၏။ ရှားရောင်အသွေးဖြင့်လည်းကောင်း၊ စိမ်းဝါဖျော့ဖျော့အရောင်ဖြင့်လည်းကောင်း၊ နီကြန်ကြန်အဆင်ဖြင့်လည်းကောင်း ပုရစ်အညွန့်အကိုက်များ စည်ပင်လျက်ရှိလေသည်။ လှမ်း၍မြင်ရသော ရွက်နုပျိုတို့သည် ကားလမ်းဝန်းကျင်၌ ကြွေကျနေသော ရွက်ဟောင်းတို့၏ အရောင်အဆင်းနှင့် နီးစပ်လှသည်။

"ကျွန်တော် ဘယ်ကို မောင်းပို့ပေးရမလဲ"

လေယာဉ်ကွင်းရှေ့ အငှားကားစခန်းတွင် ပထမဦးဆုံး တွေ့ရာ ဂျစ်ကားပေါ်သို့ ကျွန်တော်တက်ခဲ့သည်။ ကားဆရာက ကျွန်တော် အပေါ်သို့ရောက်သည်တွင် စက်နှိုး၍ မောင်းထွက်ခဲ့သည်။ လေယာဉ်ကွင်းမှ မြို့ထဲသို့ သွားရာလမ်းမှာ တစ်လမ်းတည်းရှိသည်။ ထိုလမ်းအတိုင်း ကားဆရာ အရှိန်မြှင့်၍ မောင်းနေသည်။ တစ်မိုင်နှစ်မိုင်မက မောင်းလာပြီးမှ မေးသည်။ သူ ရုတ်တရက် မေးလိုက်သဖြင့် ကျွန်တော် ကြောင်အအဖြစ်သွား၏။ ကျွန်တော်သွားမည့်နေရာကို ဖြေရမည်။ ဖြေစရာနေရာ အတိအကျမရှိ။ ထို့ကြောင့်...

"မြို့ထဲကိုမောင်းဗျာ"

mgyoe.com

mgyoe.com

ဖြေပြီးသည်တွင် သူ့ကို ဒူးယား အစီခံဘူး ကမ်းလိုက်၏။ စီးကရက်ထုတ်ယူခြင်း၊ မီးညှိခြင်းတို့ကို ကားအရှိန်မလျှော့ဘဲလျက် ကားဆရာပြုသည်။ ကျွန်တော့်ထံသို့ စီးကရက်ဘူး ပြန်လည်ပေးသည်။ နှုတ်ခမ်းထောင့်တွင် စီးကရက်ခဲထားရင်း...

"မြို့ထဲ ဘယ်အပိုင်းကိုလဲ"

ကျွန်တော် အဖြေရခက်၏။ ဖြစ်သည့်နည်းနှင့် ဖြေရပေမည်။ သို့သော် ကျွန်တော်သည် ဤမြို့ ဤနေရာသို့ တည်းခိုနေထိုင်စရာ အိမ်အသိအကျွမ်းမရှိဘဲ လာသည်ဟု သူထင်သွားလျှင် မကောင်း။

"လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်ကို ပို့ပေးဗျာ။ လက်ဖက်ရည်သောက်ပြီးမှ ကျွန်တော်သွားမယ်"

သူ့ဘယ်လက်က စီးကရက်ကို ယူသည်။ စီးကရက်ညှပ်ထားသောလက်သည် လက်ကိုင်ဘီးပေါ်တွင် အသာတင်လျက်ရှိ၏။ သူ့ကိုလှည့်ကြည့်ကာ ပြုံး၏။ ကားဆရာ၏ မျက်နှာသည် မေးရိုးကားကား၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ရိတ်ထားခါစ။ အသားအရေ စိုပြည်သည်။ အသားလတ် မျက်လုံးပေါက်ကား ကျဉ်းလှသည်။ ပါးရိုးတို့သည် အရေပြားထူသော သူ့မျက်နှာကို ပို၍ကြီးစေသည်ဟု ထင်ရ၏။

"ညှိသည်ထင်ပါတယ်"

သူ့အသံသည် တိုင်းရင်းသားတစ်ဦးဦး၏ ဝဲသံ။ မည်သည့်အမျိုးအနွယ်ဟု မမှန်းဆတတ်။

"ဘယ်လိုလုပ်သိလဲ"

ကားဆရာက ရယ်သည်။

"ဒီမြို့ကလူတွေ ဘယ်သူမှ ဂျစ်ကားတစ်စင်းလုံး မငှားဘူး။ လေယာဉ်ကွင်းကနေ သုံးယောက်၊ လေးယောက်၊ ငါးယောက်စုပြီး ငှားတယ်။ ပစ္စည်းတွေ သိပ်များမှ တစ်ယောက်တည်းငှားတာ။ ဆရာက ဒီခရီးဆောင်အိတ်လေးတစ်အိတ်ပဲပါတာ။ သိတာပေါ့။ ဆရာ ဘယ်မှာတည်းမယ်ဆိုတာ အစီအစဉ်မရှိဘူးမဟုတ်လား။ ပြီးတော့ ဆရာ အရင်က တစ်ခေါက်နှစ်ခေါက်ပဲ ရောက်ဖူးမယ်"

ကျွန်တော် အံ့အားသင့်သွား၏။ စီးကရက်သောက်ရင်း ပြုံးပြကာ...

"တစ်ခေါက်ရောက်ဖူးတယ်။ ခင်ဗျား ဘယ်လိုလုပ်သိလဲ"

ကားဆရာက လက်ဝဲဘက် ပစောက်ကွေ့ကို သတိထားပြီး ကွေ့သည်။ လမ်းဖြောင့်ပေါ်သို့ရောက်မှ...

mgyoe.com

mgyoe.com

"မြို့ထဲအရောက် တစ်ဆယ်လားတဲ့၊ ကျွန်တော့်ကို ဆရာမေးတယ်လေ။ လွန်ခဲ့တဲ့ နှစ်နှစ် ဟိုဘက်က တစ်ဆယ်လေ။ အခု နှစ်ဆယ်ဖြစ်နေတာ နှစ်နှစ်ရှိရော့မယ်။ ပြီးတော့ ကျွန်တော်တို့ကို ကားဆရာတဲ့။ ဒီကလူတွေ မန္တလေးက လာနေကျလူတွေအားလုံးက ကျွန်တော်တို့ကို တက္ကစီလို့ပဲခေါ်တယ်။ ဒီစကားက ကျွန်တော့်အဖေ ကားမောင်းတဲ့ ခေတ်ကတည်းက။ ခုထိ ဒီအတိုင်းပဲ။ ကားဆရာဆိုတဲ့ ဆရာခေါ်သံကြားရတော့ ဆရာ ဒီမြို့ခံမဟုတ်ဘူး၊ လာနေကျဧည့်သည် မဟုတ်ဘူးလို့ ကျွန်တော်သိတာပေါ့"

ကျွန်တော် ရယ်လိုက်၏။ ကားဆရာက ခပ်ပြုံးပြုံးနှင့်။

"မှန်တာပေါ့ဗျာ၊ ခင်ဗျား စုံထောက်တော့ မဟုတ်ပါဘူးနော်"

ကားဆရာ၏ အပြုံးသည် ချက်ချင်းပျောက်သွား၏။ ခေါင်းခါပြသည်။

"မဟုတ်ပါဘူးဆရာ။ ကျွန်တော် တက္ကစီအစစ်ပါ။ ဘာဖြစ်လို့လဲဆရာ"

ကျွန်တော် ထပ်၍ရယ်လိုက်သည်။

"တက္ကစီအစစ်မဟုတ်လည်း ကိစ္စမရှိပါဘူးဗျာ။ ဘာဖြစ်လို့ဆိုတော့ ဒီမြို့ကို ကျွန်တော်လာတာ မကောင်းမှုတစ်ခုခု လုပ်ဖို့လာတာမှမဟုတ်ဘဲ"

ကားဆရာက ရယ်သံဖြင့် ပြောသောစကားကြောင့် ပြုံးယောင်ယောင်နှင့် ...

"မြို့ထဲရောက်ရင် ဆရာ ကျွန်တော့်ကိုမေးကြည့်၊ ကျွန်တော့်နာမည် မောင်နွံအောင်၊ အားလုံးသိကြပါတယ်။ ဆရာ ကျောင်းသားလား"

ကျွန်တော် ခေါင်းညိတ်သည်။

"ရန်ကုန်တက္ကသိုလ်ကပါ။ ဒီကို လေ့လာရေးကိစ္စနဲ့ လာတာပါ"

ဩော်... ဟု မေးကိုမော့၍ အာမေဋိတ်ပြု၏။ တုတ်ခိုင်သော လည်တိုင်ရှိ အကြော ပြိုင်းပြိုင်းတွေ ထင်းလျက်။

"ကျွန်တော် ဘာအကူအညီပေးရမလဲဆရာ"

စီးကရက်ရှိုက်ဖွာနေဆဲဖြစ်၍ ပြန်မဖြေအားသေး။

"ကျေးဇူးတင်ပါတယ် ကိုနွံအောင်"

ကတ္တရာတွေ အထပ်လိုက်ကွာနေသော လမ်းပေါ်သို့ ရောက်လာ၏။ လိပ်သဲနှင့် ကျောက်စရစ်ခဲတွေ ကတ္တရာနှင့် စေးကပ်ခြင်းမရှိ။ ပြန့်ကျဲနေသည်။ ကားအရှိန်ကို ကိုနွံအောင် လျှော့ချသည်။ ကားကိုယ်ထည် မြည်သံ၊ လမ်းကြမ်းနှင့် ဘီးပွတ်သံ ဆူလှ၏။

"ဆရာတည်းဖို့ခက်ရင် ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ တည်းပါလား။ ကျွန်တော် က ကားပိုင်ရှင်ဂိုဒေါင်ထဲမှာ ကပ်နေရလို့ မခေါ်တာပါ။ ကျွန်တော် အိမ်ပိုင်မရှိဘူးဆရာ။

mgyoe.com

ဒီမြို့မှာ ကျွန်တော့်ဆွေမျိုး တစ်ယောက်မှမရှိဘူးလေ။ ကျွန်တော့်ဇာတိက ဂန့်ဗီမှာ။ ဟိုး မြောက်ဖျား။ နို့မဟုတ်ရင် ကျွန်တော့်ဆီမှာ တည်းဖို့ခေါ်ပါတယ်"

ပွင့်လင်းစွာပြောတတ်သည်ဟု ကျွန်တော်ထင်သည်။ စီးကရက်တိုကို လမ်းဘေးသို့ တောက်ပစ်ပြီး…

"ကိစ္စမရှိပါဘူး ကိုနွံအောင်။ တည်းခိုရိပ်သာတစ်ခုခုမှာ ကျွန်တော်တည်းမယ်"

ကိုနွံအောင်က စီးကရက်ကို တအားရှိုက်ပြီး မီးခိုးကို ဂျုံးခနဲ မှုတ်ထုတ်သည်။ ခေါင်းခါပြ၏။

"ဒီမြို့မှာ တည်းခိုရိပ်သာမရှိဘူးဆရာ"

"ဗျာ မရှိဘူး၊ ဟုတ်လား"

"ဟုတ်တယ်ဆရာ၊ ဒီကိုလာတဲ့သူဆိုတာက ဆွေမျိုးမိတ်ဆွေမရှိဘဲနဲ့ လာတဲ့သူ ရယ်လို့ သိပ်မရှိဘူးလေ။ အစိုးရအမှုထမ်းဆိုလည်း ဆိုင်ရာဆိုင်ရာမှာ တည်းကြခိုကြတာပဲ။ လူခံမရှိဘဲနဲ့ လာတဲ့သူ သိပ်နည်းတယ်ဆရာ။ လာလည်း ဘုန်းကြီးကျောင်းတို့ ရဲ ဌာနတို့မှာ တည်းတတ်ကြတာပဲ"

ကျွန်တော် စကားပြောရန် အာရုံပြတ်သွားသည်။ လျှိုနှစ်ခုအကြားမှ ဖြတ်ဖောက်ထားသော ကားလမ်းကို လှမ်းကြည့်သည်။ ကြည့်နေဆဲတွင် ကားသည် လျှိုကြားလမ်းသို့ ရောက်လာ၏။ ဟူးဟူးထသော လေတိုးသံသည် နားနှစ်ဖက်ကို ရိုက်ခတ်လျက်ရှိ၏။ ဆံပင်တွေကို ဖွာဖွာလွင့်အောင် လုပ်နေသည်။ လေအလျဉ်တွင် အအေးစီးလျက်ရှိလေသည်။ ရေခဲငွေ့ဖြင့် မျက်နှာကို ပက်နေသကဲ့သို့ ခံစားရ၏။ အအေးငွေ့သည် တစ်ကိုယ်လုံးကို ပြင်းပြင်းမှုတ်ခြင်းနှင့်မခြား ရှိလေသည်။

"ဆရာ့လေ့လာရေးက ဘာအကြောင်းပါလိမ့်ဆရာ၊ ကျွန်တော့်ကို စပ်စုတယ်လို့ မထင်ပါနဲ့။ ကျွန်တော်ကူညီနိုင်တာဆို ကူညီချင်လို့ပါ။ ဒီမှာက လူမျိုးတော်တော်စုံတယ် လေ။ ကချင်ရှိတယ်၊ ပြီးတော့ ချင်း၊ ဝ၊ ပလောင်။ လီဆူး။ အာ့ဆီ။ မရူ။ ရှမ်းလည်းရှိတယ်၊ ခမ္ပတီးပေါ့။ နောက်ပြီး အစုလိုက်နေတာတွေဆို ဆရာ့နှယ် အများကြီး။ ထားဝယ်သား တောင်ရှိတယ်၊ တောင်နဲ့မြောက်။ မွန်ရော ကရင်ရော။ ဈေးထဲမှာ အထည်ဆိုင်တွေ့ပါ လိမ့်မယ်။ သူတို့က ရခိုင်တွေ။ ဗမာတွေလည်း အများကြီး။ တရုတ်တွေ ကုလားတွေ ကျတော့ သူ့အစုနဲ့သူမဟုတ်ဘူး၊ ရောပြီးနေတယ်။ ဈေးထဲမှာ တိဗက်နဲ့ ထရန်တချို့တောင် ဒီမှာလာနေတာ အတော်များလာပြီ။ ဆရာ သူတို့စကားကို လေ့လာဖို့ဆိုရင် ပြောပါ။ ကျွန်တော် ကူပေါ့မယ်။ လွန်ခဲ့တဲ့ လေးငါးနှစ်က ပြင်သစ်ပညာရှင်နှစ်ယောက်

mgyoe.com

ရောက်လာလို့ ကျွန်တော် ကူညီဖူးသေးတယ်"

စိတ်ရင်းစေတနာကောင်းမည်ဟု ကျွန်တော်တွက်သည်။ စိတ်ထဲတွင်ရှိသည့်အတိုင်း ပြောတတ်သူဖြစ်ပေမည်။ စကားပြောမြန်သော်လည်း မြန်သောအခါ ပိရိဝဲသော်လည်း သူ့စကားကို နားလည်သည်။ စကားကို ဆက်တိုက်ပြောနိုင်သည်။ စကားများများပြောနိုင်သူဟု ကျွန်တော် အောက်မေ့၏။ ယခုမှ သူနှင့်ကျွန်တော် တွေ့မြင်ရသည်။ သို့ရာတွင် မိတ်ဆွေအရင်းအချာတွေလို အကျွမ်းတဝင်ဆက်ဆံသည်။ သူပေးလိုသည့် အကူအညီနှင့် ကျွန်တော်လာရခြင်း အကြောင်းကိစ္စမှာ တခြားစီ။ အမှန်အတိုင်းပြောရန် မဖြစ်သေးချေ။

"အဲဒီဘာသာရပ်တော့ မဟုတ်ပါဘူး ကိုနွံအောင်"

ကျွန်တော့်စကားတည်ပုံ နေရာမကျမှန်း ပြောပြီးမှ သတိရ၏။ သူမေးချင်လျှင် မေး၍ဖြစ်နေသေးသော စကားဖွဲ့ထုံး။ ထင်သည့်အတိုင်းပင်။

"ဘူမိဗေဒဆိုလည်း ပြောနော်ဆရာ။ တချို့နေရာတွေကို လူတွေမသိကြသေးဘူး။ သုံးလေးလလောက်က သတင်းစာထဲမှာပါတဲ့ သံကြောကြီးကို ကျွန်တော်တို့အရပ်ထဲက ကောင်လေးတွေ တွေ့လာခဲ့တာ။ ဆိုင်ရာကို အကြောင်းကြားလို့ ဆိုင်ရာက လိုက်လာပြီး စစ်ဆေးကြည့်တာလေ။ ခက်တာက သတင်းစာထဲပါတဲ့အတိုင်း နောင်အနှစ်သုံးထောင်နေမှ သုံးလို့ရမယ့်သံ ဖြစ်မယ်ဆိုတာပဲ ဆရာရဲ့။ ကျွန်တော်တို့ ဘယ်လာရှိတော့မလဲ။ အခုတော့ နုနုလေးတွေဆိုပဲ။ ဆရာအလိုရှိရင် အဲသလို ဓာတ်သတ္တုလိုလို ဘာလိုလိုရှိတဲ့ နေရာတွေ ကျွန်တော်တို့လိုက်ပြမယ်။ ကျွန်တော်တို့က ဟိုသွားဒီသွား သွားနေတော့ ကိုယ်တိုင်မမြင်တောင်မှ တစ်ဆင့်ကြားတော့ အများကြီးရှိတာပေါ့။ အင်မတန် ခရီးကြမ်းတဲ့ ဆွမ်ခါတောင်ရိုးတစ်လျှောက်အထိ ကျွန်တော်ရောက်ဖူးတယ်"

တည်းခိုနေထိုင်ရေးနှင့် စပ်လျဉ်းကာ တကြောင့်ကြကြဖြစ်နေ၍လားမဆိုနိုင်။ ကိုနွံအောင်၏ ဖော်ရွေကူညီလိုသော စကားများကို နားမသာယာ။ စကားပြန်ပြောလျှင် စကားပြန်ဆက်ချေလိမ့်မည်။ ထို့ကြောင့် ခေါင်းကိုသာ အလိုက်သင့်ညိတ်ကာ နေလာရ၏။ ကိုနွံအောင်၏ တွင်းထွက်သတ္တုစကားများက နားတွင် ဝင်တစ်လှည့် မဝင်တစ်လှည့်။ လူမှုဆက်ဆံရေးအရ သူ့ကိုကြည့်လိုက် ပြုံးလိုက် ခေါင်းညိတ်လိုက်ပြုသော်လည်း စိတ်က လွင့်ချေတစ်ခါ၊ ရောက်ချေတစ်ခါ။ နားထဲတွင် အဘိုး၏ တောက်ခေါက်သံ၊ အဘွား၏ စိတ်ပူသံ၊ အဖေ၏ လှောင်ရယ်သံ၊ အမေ၏ စုတ်သပ်သံ၊ အစ်မ၏ သက်ပြင်းချသံ၊ ညီ၏ ခေါင်းကုတ်သံ။ အသံတွေ ထွေးနေ၏။ နား၌ ဆတ်ဆတ်မကြားရသော်လည်း၊

mgyoe.com

ဇကန်ကြားရချိမ့်သော ပြောလေ့ပြောထသံတွေ ကြားယောင်၏။ ယခုအချိန်တွင် ကျွန်တော့်စာကို အမေတို့ ဖတ်ပြီးလောက်ပေပြီ။ သည်အရပ်သို့ ကျွန်တော်ရောက်နေပြီဟု သိကြခြင်းမှတစ်ပါး၊ စိတ်ပူပန်မှုတွေ လျော့မည်မဟုတ်ကြ။ မည်သည့်နေရာသို့ ရောက်နေသည်ကို မသိသည်နှင့်စာလျှင် အတိအကျ သိရသည့်အတွက်ကား သောကအတန်မျှ သက်သာဖွယ်ရကြပေလိမ့်မည်။ သို့သော် သူတို့မျက်စိရှေ့တွင် ကျွန်တော်ရှိမနေသည့်အတွက်မူ မည်သည့်နည်းနှင့်မျှ စိတ်အလုံးစုံ အေးချမ်းလိမ့်မည်မဟုတ်ကြ။

ကျွန်တော်ရှိရာသို့ အဘိုးလိုက်မလာနိုင်။ အဘိုးတွင် လမ်းများများ လျှောက်ပါကဒူးဆစ်ရောင်သော ရောဂါရှိသည်။ ထို့ပြင် အဘွားက သွေးတိုးရောဂါရှိနေ၍ အဘွားကိုပြုစုနေရသည်။ အဖေက ကြီးလေးလှသော နိုင်ငံ့တာဝန်ကို အချိန်ပြည့် ထမ်းဆောင်နေရသည်။ အမေက သူ့အထက်တန်း ကျောင်းသားတွေကို အုပ်ချုပ်ရသော တာဝန်မှ ခွင့်ယူပြီး လိုက်လာနိုင်စရာ အကြောင်းမရှိ။ အစ်မသည် သူ့ လက်ထောက်ကထိကတာဝန်ထမ်းဆောင်နေရာဌာနမှ ခွင့်ယူ၍ ရကောင်းရနိုင်၏။ သို့တစေ၊ အဖော်မပါလျက် သည်ခရီးကို လာရန် ခဲယဉ်းလှသည်။ ညီက စက်မှုတက္ကသိုလ်ကျောင်းသား။ ကျောင်းဖျက်၍ လာနိုင်မည်မဟုတ်။ မည်သူမျှ မလာနိုင်သဖြင့် တစ်နည်းတော့ ကောင်းသည်။

သည်မြို့မှာ မည်မျှကြာရှည်စွာ နေရဦးမည် မသိသေး။

ဘယ်နေ့တွင် ယုကို ကျွန်တော်တွေ့ရမည်ဟု မမှန်းဆနိုင်ရဲသေး။ သည်မြို့၏အဘယ်အိမ်တွင် ယုတစ်ယောက် ရှိနေလိမ့်မည်ဟု ကျွန်တော် မပြောတတ်။ ယုရှိရာနေရာကို သတင်းအငွေ့မျှရအောင်ပင် မည်သို့မည်ပုံ ကြိုးစားရမည် မတွေးတတ်သေးချေ။

"ရှေ့စခန်းရောက်ရင် နားဦးမလားဆရာ"

စီးကရက်တိုကို လွှင့်ပစ်ပြီး သူ့မျက်ပေါက်ကျဉ်းကို အစွမ်းကုန်ဖွင့်သည်။ ကျွန်တော့်ကို လှည့်ကြည့်သည်။

"လက်ဖက်ရည်ဆိုင်ရှိလား"

သူခေါင်းခါ၏။ ထို့နောက် ပြုံးသည်။

"တရုတ်အစားအစာပဲရမယ်။ ပြီးတော့ အရက်မျိုးစုံရမယ်။ လက်ဖက်ရည်ကတော့မြို့ထဲရောက်မှ ဆရာသောက်ရမှာ။ အရက်ကတော့ အစုံပဲ။ ခေါင်ရည်ကနေ ဂျော်နီဝါကားတို့ ဘီးယိုက်တို့အထိ ရှိတယ်"

ကျွန်တော် ပြုံးလိုက်သည်။

"မနားတော့ဘူးဗျာ။ ကျွန်တော် အရက်မကြိုက်ဘူး ကိုနွံ့အောင်"

mgyoe.com

mgyoe.com

"မသောက်တာ အကောင်းဆုံးပဲ။ ဆေးလိပ်ကိုတောင် ကျွန်တော် တော်တော် လျှော့နေပြီ။ တစ်နေ့ နှစ်ဘူးပဲကုန်တော့တယ်"

ကျွန်ပေဘ် ရယ်မိ၏။

"လျှော့တာတောင် အလိပ်လေးဆယ်။ သဘောကျတယ်ဗျာ"

သူကပါ ရယ်လေသည်။ ရယ်ရင်းနှင့် စက်အရှိန်ကို လျှော့သည်။ ရှေ့တွင် မြင်ရသော အခင်းအကျင်းမှာ လေးအိမ်စုရွာတစ်ရွာနှင့်တူသည်။ သွပ်မိုးပျဉ်ကာ အဆောက်အဦလေးခု။ ကတ္တရာလမ်းဘေးရှိ တောစပ်အစွန်းတွင် တည်ရှိ၏။ အနီးတစ်ဝိုက်တွင် ကျွဲလှည်းတစ်စီးကို တွေ့ရသည်။ ကုန်တင်ကားနှစ်စင်းက ဆိုင်ရှေ့တွင် ရပ်ထား၏။ ထိုအဆောက်အဦတို့ရှေ့မှ ကားအဖြတ်တွင် ကျွန်တော် လှမ်းကြည့်သည်။ စားသောက်နေသူတချို့ကို တွေ့ရ၏။ ကိုနွံအောင်က စခန်းရှေ့မှအဖြတ်တွင် တစ်စုံတစ်ရာ လှမ်းအော်ပြောသည်။ တိုင်းရင်းသားဘာသာစကားတစ်မျိုးဖြစ်သည်ဟု သတိထားမိသည်။ မည်သည့်ဘာသာဟုကား ကျွန်တော်နားမလည်။ ကားပြင်နေသူနှစ်ဦးက လှည့်ကြည့်သည်။ သူ့ထံသို့ လက်ပြနှုတ်ဆက်ကာ ပြန်လည်အော်၍ပြောသည်။ စခန်းကို လွန်သောအခါ စက်အရှိန်တင်သည်။ မိုင်နှုန်းပြ ဒိုင်ခွက်ကို ကျွန်တော်ကြည့်သည်။ သုံးဆယ်နှင့်လေးဆယ်ကြားတွင် မြားနီက ကူးနေ၏။ ကားဦးမှ ဝင်လာသောလေသည် တိုက်ပုံအကျီရင်ဖုံးနှစ်ဖက်ကို ဖျပ်ဖျပ်ပာစေ၏။ ကားစက်မြည်သံ မညက်ညောတော့။ ခွေးသွားစိပ်ချင်းပွတ်တိုက်သံ ကျီကျီမြည်လျက်ရှိ၏။

"ဆရာ အိမ်ထောင်ရှိလား"

သူ့မေးခွန်းကြောင့် ကျွန်တော် အံ့အားသင့်ရသည်။

"မရှိပါဘူး ကိုနွံအောင် ဘာဖြစ်လို့လဲ"

ဖြေပြီးမှ ကျွန်တော်ရယ်လိုက်၏။ ကျွန်တော့်ရုပ်သည် အိမ်ထောင်သည်သဏ္ဍာန်ပေါ်နေ၍လားဟု တွေးမိ၏။ သူပြုံးပြီး ခေါင်းခါသည်။

"ဘာမှမဖြစ်ပါဘူး။ ဆရာလူပျိုဆိုရင် ကိစ္စမရှိပါဘူး။ အိမ်ထောင်သည်တွေဆိုရင်တော့ ဒီမှာ သိပ်ကြာကြာမနေနိုင်ဘူး"

အံ့ဩဖွယ်စကား။ ထို့ကြောင့်…

"ဟာ တယ်ဆန်းပါလား။ ဘာဖြစ်လို့လဲဗျ"

သူ မဖြေသေး။ မျက်နှာချင်း မောင်းလာသော ဂျစ်ကားကို လမ်းဖယ်ရန် လက်ယာဘက်သို့ ဆင်းပေးပြီးမှ…

mgyoe.com

mgyoe.com

"ဒီမြို့မှာက ဘယ်နေရာကြည့်ကြည့် လွမ်းစရာကောင်းတယ်လေ။ ဒီမှာနေရင်း အိမ်ကိုလွမ်းတော့ ကြာကြာမနေနိုင်ဘူးလေ။ အိမ်ထောင်သည်မပြောနဲ့၊ ရည်းစားရှိတဲ့ လူတောင် မလွယ်ဘူးဆရာ"

ပြောပြီးနောက် တဟားဟားရယ်သည်။ ယခုမှ သတိပြုမိသည်။ ကိုနွံအောင်၏ သွားတွေ နက်ပြောင်နေ၏။ ပြောဟန်ဆိုဟန်ကြောင့် တစ်ကြောင်း၊ အကဲမှန်းမိနိုင်သော ကြောင့်တစ်ကြောင်း၊ သူသည် ခင်မင်ဖွယ်လူတစ်ယောက်ဟု ကျွန်တော်ထင်သည်။ ကားမောင်းသူနှင့် ကားငှားသူဟူသော အလုပ်သဘော ဆက်ဆံရေးထက် နှစ်လိုစဖွယ် လူမှုဆက်ဆံရေးကျွမ်းသူဟု အောက်မေ့၏။

"ဒီလိုဆို မလွယ်တဲ့လူတွေထဲမှာတော့ ကျွန်တော်လည်း ပါမှာပေါ့ဗျ"

သူရယ်သည်။ ခေါင်းညိတ်သည်။ ထို့နောက်၊ ဂျာကင်အင်္ကျီအိတ်ထဲသို့ လက်နှိုက် ပြီး ကျွန်တော့်ဘက်သို့ကမ်း၏။ ငါးသုံးလုံးစီးကရက်။ သောက်ပါဆရာဟုပြော၏။ ကျွန်တော် ဒူးယားအစီခံမသောက်နိုင်ဘူးဆရာ။ ဒူးယားက တစ်ဆယ်၊ ဆယ့်တစ်ကျပ်။ ငါးသုံးလုံးက ငါးကျပ်ခွဲ ခြောက်ကျပ်။ ပြတ်မှ ခုနစ်ကျပ်အထိပဲဟု ကိုနွံအောင် ပြော၏။ ဟာ... ဟုတ်လားဟု အံ့သြစွာ ပြောမိရင်း စီးကရက်တစ်လိပ် ထုတ်ယူလိုက်သည်။ ထိုစဉ် ကိုနွံအောင်လှမ်းပေးသော ရွှန်ဆွန်ဓာတ်ငွေ့မီးခြစ်ကို ယူပြီး မီးညှိသည်။ သူ့ စီးကရက်ဘူးနှင့် မီးခြစ်ကို ပြန်ပေးချိန်တွင် တကယ်ကောင်းတာက ဒူးယား၊ ကျွန်တော် အကြိုက်ဆုံးဟု ကိုနွံအောင်ပြောသည်။ ကျွန်တော့် တိုက်ပုံအင်္ကျီ အတွင်းအိတ်ထဲသို့ နှိုက်လိုက်သည်။ မဖောက်ရသေးသော ဒူးယားအစီခံဘူးတစ်ဘူး ရှိသေးသည်။ ခင်ဗျား အတွက် လက်ဆောင်ဟု ကျွန်တော်ပေးရာ သူငြင်းသည်။ လေးငါးခါငြင်းသော်လည်း မရမကပေးမှ သူ ကျေးဇူးပဲဆရာဟုပြောကာ လက်သင့်ခံ၏။ ကျွန်တော့်မှာ မဖောက် ရသေးတဲ့ ငါးသုံးလုံးဘူး ပါမလာလို့ ပြန်ပေးစရာ လက်ဆောင်မရှိ ဖြစ်နေပြီဟု ကိုနွံအောင် က အားနာစွာပြော၏။ ရပါတယ်၊ ကိစ္စမရှိပါဘူးဟု ကျွန်တော်ပြောသည်။

"မနက် ခုနစ်နာရီဆို ဈေးဂိတ်မှာ ကျွန်တော် အမြဲရှိတယ်။ ခုနစ်နာရီကျော်မှ လေယာဉ်ပျံကွင်းဂိတ်ကို ကျွန်တော်သွားတာ။ အကူအညီလိုရင် ပြောပါဆရာ"

ကျေးဇူးတတင်ညိတ်သော ဦးခေါင်းကို သူမြင်သည်။ စကားပြတ်သွားကြသည် တွင် စီးကရက်ဖွာရင်း ရှေ့သို့ ကျွန်တော်ကြည့်၏။ ကုန်းမြေမြင့်၏ လေပြည်ရနံ့ကို ရလေသည်။

❐

mgyoe.com

mgyoe.com

(၂)

နေကို မှတ်ထား၍သာ မမှားသည်။ သို့မဟုတ်လျှင် အရှေ့အနောက်တောင်မြောက် အရပ်ခွဲခြားရန်ပင် ခက်လိမ့်မည်။ ဧရာဝတီမြစ်သည် မြို့၏အရှေ့ဘက်၌လော၊ အနောက်ဘက်လောဟု မကွဲမပြား ဖြစ်နေသေးသည်။ မြို့ခင်းမြို့ကွက်ကို မနက်ဖြန်ကျမှ ကားငှားပြီး အနှံ့လျှောက်မောင်းခိုင်းမည်။ ဘုံကျောင်းရပ်ကွက်ကို အသေးစိတ် ဝင်ထွက်ကြည့်မည်။ ယခုသော် ဘုံကျောင်းရပ်ကွက်ကို နေနေသာသာ။ ဈေးနှင့်ကျောင်းကို မည်သည့်အရပ်တွင် ရှိမည် မှန်းဆမရ။ လွန်ခဲ့သည့် ခြောက်နှစ်၊ ခုနစ်တန်းကျောင်းသားဘဝတုန်းက တစ်ခေါက်ရောက်ခဲ့သည်။ တစ်ပတ်မျှကြာသည်။ ဦးလေးတစ်ဝမ်းကွဲ တော်စပ်သူခေါ်၍ ရောက်ခဲ့သည်။ ဦးလေး၏ စစ်တပ်အတွင်း၌သာ အနေများခဲ့သည်။ ဈေးနှင့်မြို့ဝန်းကျင်သို့ တစ်နေ့တစ်ခေါက် ရောက်သည်။ တစ်ယောက်တည်း စိတ်ကြိုက်လည်ခွင့်မရ။ ဦးလေးက စိတ်ပူသဖြင့် ကျွန်တော့်ကို မလွှတ်။ ထို့ကြောင့် မြို့ရာမြို့ခင်းသည် အာရုံမှေးမှိန်၍နေ၏။

ဘုံကျောင်းရပ်ကွက် တည်ရှိရာနေရာထက် လတ်တလော သိရမည့်ပြဿနာက ဦးခေါင်းထဲတွင် မွှေနေ၏။ ယနေ့ည ဘယ်မှာအိပ်ရပါ့မလဲ၊ သည်မြို့မှာနေသည့် ကာလပတ်လုံး တည်းရမည့်အိမ်။ မြို့မြေပေါ်သို့ ခြေချခါစက စိတ်အေးအေးဖြင့် နေခဲ့သော ထိုကိစ္စသည် နေစောင်းသည်နှင့်အမျှ ပူပြင်းသော ပြဿနာတစ်ရပ်အဖြစ် ကူးပြောင်းလာလေ၏။ သစ်ပင်အောက်တွင် အိပ်ရမည်လား၊ ဘူတာရုံစင်္ကြံတွင် အိပ်ရမည်လား။ အိပ်တတ်အိပ်နိုင်သည်။ သို့သော်၊ လုယက်သူ ခိုးသားဓားပြအန္တရာယ် ရှိလာနိုင်သည်။ အကျီ အဝတ်အစားတွေလုလျှင် ကိစ္စမရှိ။ ခရီးဆောင်အင်ကိုးလစ် လက်ဆွဲအိတ်ထဲတွင်

mgyoe.com

ရှိသည့် ငွေငါးထောင်မျှကိုမူ အထိမခံရဲ။ မိဘအိမ်တွင်နေစဉ် အိတ်ထဲမှာ တစ်ပြားမှမရှိလျှင် မရှိစေနှင့်။ မိဘပိုက်ဆံ ကိုယ့်ပိုက်ဆံ။ ကိုယ့်ဒေသတွင်နေစဉ် အိတ်ထဲရှိသမျှကုန်ကုန်ခန်းခန်း။ လမ်းလျှောက်သွားလျှင် အိမ်သို့ပြန်ရောက်သည်။ ထိုအခါ ထိုနေရာတွင် အိတ်ထဲကငွေသည် နေစရာအတွက်မဟုတ်၊ အစားရေစာအတွက်မဟုတ်။ ယခုအခါ ဤနေရာတွင်ကား ငါးပြားတစ်စေ့သည် နေစရာအတွက်။ လိုအပ်မှုမှန်သမျှအတွက်။ အိမ်မှာနေစဉ်က နေစရာနှင့် စားစရာအတွက် တစ်ကြိမ်မျှ ယခုသို့ အလေးအနက် မစဉ်းစားစဖူး။ အိမ်၏တန်ဖိုးသည်လည်းကောင်း၊ အိပ်ရာ၏ တန်ဖိုးသည်လည်းကောင်း ယခုအခါ ကျွန်တော့်အဖို့ အသိမြင်ဆုံးသောအရာများ ဖြစ်လေ၏။ စိတ်လှုပ်ရှားမှုကို မျက်နှာအမူအရာနှင့် စကားတွေတွင် မပေါ်လွင်အောင် ချုပ်ထိန်းတတ်သော ကျွန်တော့်အလေ့အထသည် အတန်မျှ ကျိုးပျက်လာချင်သည်။ ကားဆရာအကြံပေးလိုက်သည့်အတိုင်း ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ တည်းခိုရန်ကိုမူ တွေးမရသေး။ မိမိအတွက် တာဝန်ပိုခြည်ကိုစိုးသည်။ သာသနာ့ဝန်ထမ်းတို့နှင့် နီးနီးကပ်ကပ် နေရမည့်အရေးမှာ တွေးကြည့်ရုံဖြင့်ပင် ကျဉ်းကျပ်လှ၏။ ဆယ့်သုံးလေးနှစ်သားတုန်းက ကိုရင်ဝတ်ခဲ့ရသည်မှာ တနင်္ဂနွေတစ်ပတ်။ အပြောအဆို ဝေါဟာရများကို မှတ်ပင်မမှတ်မိ။ အပြောအဆိုမှားယွင်းလျှင် ခက်ချေလိမ့်မည်။ အိမ်တစ်အိမ်အိမ် ရှာပြီးငှားလျှင် အကောင်းဆုံးဟု သဘောရသည်။ ငှားမည့်အိမ်ကို စနည်းနာရန် ထမင်းဆိုင်ရှင်ထံသို့ ကြည့်သည်။ ထမင်းစားပွဲ ဝိုင်းတစ်ဝိုင်းတွင် စကားကောင်းနေသည်။ ကျွန်တော် စားသောက်ပြီး၍ ငွေရှင်းခဲ့သည်မှာပင် နာရီဝက်သာသာ ရှိပေပြီ။ ဆိုင်ရှင်ကို စကားပြောရန် စောင့်ဆိုင်းနေရသည်မှာ ပျင်းရိဖွယ်ကောင်းလှ၏။ စိတ်မရှည်ချင်တော့။ သူ စကားပြောနေရာစားပွဲသို့ သွားမည် စိတ်ကူးသေး၏။ ဘေးလူတွေကြားလျှင် ဘယ်ရပ်ကွက်မှာတော့ သတင်းကြားတယ်ဟု ပြောကောင်းပြောလိမ့်မည်။ သို့သော်၊ အမှုမဲ့အမှတ်မဲ့ နေကြမည်မဟုတ်တော့။ ကျွန်တော့်ကို မှတ်မှတ်ရရဖြစ်သွားပေလိမ့်မည်။ အသိုသိပ်ဆုံးနေရမည့် အနေအထိုင်ကို သတိရသောကြောင့် စောင့်လက်စနှင့် ဆက်၍စောင့်မည်။

အဋ္ဌမမြောက် စီးကရက်ညှိလိုက်ချိန်တွင် မျက်လုံးက လက်ဝဲဘက်သို့ ရောက်သွားသည်။ ဝင်းလဲ့သော မျက်လုံးအစုံ။ မျက်ခုံးနှင့် နှာတံမှတစ်ပါး လှပသောမျက်နှာ။ ကျွန်တော့်ကို ငေးစိုက်၍ကြည့်နေသည်။ သူ့အကြည့်သည် မာကျောခြင်းမရှိ။ ပျော့ပျောင်းခြင်းမရှိ။ အမျိုးသမီးတိုင်းတွင် မရှိတတ်သော စူးစူးရဲရဲအကြည့်။ ဆိုင်ထဲတွင် ကြာမြင့်စွာထိုင်နေသောကြောင့် အထင်တစ်မျိုး ရောက်နေဟန်တူ၏။ ကျွန်တော် အတန်ကြာ ပြန်

mgyoe.com

mgyoe.com

လည်ကြည့်သည်တွင် မျက်နှာလွှဲသွားသည်။ ကျွန်တော်ကမူ မျက်နှာမလွှဲခဲ့။ ထို့ကြောင့်၊ ခဏအကြာတွင် သူ့လှမ်းကြည့်သောအကြည့်နှင့် ဆုံသည်။ ထိုအခါ သူမျက်လွှာချသည်။ ကောင်တာစားပွဲပေါ်ရှိ စာရင်းစာအုပ်ကိုယူကာ ကြည့်ယောင်တွက်ယောင်ပြု၏။ ဆိုင်ရှင်၏ သမီးဖြစ်မည်ဟု ကျွန်တော်ထင်သည်။ မကြာမီတွင် သူ့မျက်လုံးက လှစ်ခနဲရောက်လာ၏။ တိတ်တဆိတ်ကြည့်ကာမှ ကျွန်တော့်အကြည့်နှင့် ဆိုင်လိုက်ရ၍ ခေါင်းငုံ့ပစ်သည်။ ရှက်ပြုံး တစ်ချက်ကို မြင်လိုက်ရ၏။ ထိုအခိုက် ထမင်းဆိုင်ရှင် ထိုင်နေရာစားပွဲမှ ကုလားထိုင် ဖယ်သံ၊ နှုတ်ဆက်သံတွေ ကြားရ၏။ လှမ်းကြည့်သည်။ ဆိုင်ရှင်၏ မိတ်ဆွေများ ဆိုင်ထဲမှ ထွက်သွားသည်အထိ စောင့်ရလေ၏။ ဆိုင်ရှင်သည် ထိုစားပွဲမှထကာ၊ ကောင်တာစားပွဲသို့ လျှောက်သွားသည်။ သူ လမ်းတစ်ဝက်အရောက်တွင် ကျွန်တော် ထလိုက်၏။ သမံတလင်းပေါ်ရှိ လက်ဆွဲအိတ်ကို ကောက်ယူပြီး လှမ်းသည်။ သူ မိန်းကလေး၏ရှေ့သို့ ရောက်သည့်အခါ သူ့အနီးသို့ ကျွန်တော်ရောက်ပေပြီ။

သူလှည့်ကြည့်သည်။ ကျွန်တော်ပြုံးလိုက်၏။ သူ ဖော်ရွေစွာပင် ပြန်ပြုံးသည်။

"ကျွန်တော် တစ်ခုလောက်သိချင်လို့ပါ"

ကျွန်တော့်ဘက်သို့ ကိုယ်ကိုလှည့်၏။ ငွေရှင်းစားပွဲပေါ်သို့ သူ့တံတောင်တင်သည်။ "ဘာပါလိမ့်။ ပြောပါ"

အမျိုးသမီးဘက်သို့ ကျွန်တော် မျက်လုံးဝေ့၏။ စာရင်းစာအုပ်ကို ပြန်ပိတ်ပြီး ကျွန်တော့်ကို လှမ်းကြည့်နေသည်။ သူနှင့် မျက်နှာချင်းဆိုင်ပြီးပြီးချင်း...

"ဒီပတ်ဝန်းကျင်မှာ အိမ်ကလေးဘာကလေးငှားမယ်လို့ သတင်းကြားပါသလား ခင်ဗျာ။ ကျွန်တော် ငှားချင်လို့ပါ"

သူ နဖူးတွန့်ထား၏။ ကျဲရုံမျှသာမက အဖြူနှောနေသော ဆံပင်တွေကို လက်ငါး ချောင်းဖြင့် သပ်ကာတင်ရင်း တွေနေ၏။

"စာတိုက်နားက အိမ်တစ်အိမ်ငှားမယ်လို့ တစ်နေ့က ပြောသံကြားလိုက်ပါတယ်။ အင်း ပြောတဲ့သူတောင် ဘယ်သူပါလိမ့်။ သြော် ဟိုဒင်း ခွာလျင်းနန်းပြောသွားတာ"

အမျိုးသမီးက အရင်ဝင်ပြောသည်။ ဆိုင်ရှင်အဘိုးကြီးက တွေလျက်သာ ရှိသေး ၏။ ခဏကြာမှ...

"ငှားပြီးသွားပြီ။ မရှိဘူးသူငယ်။ ဒီနားမှာတော့ ငှားမယ့်အိမ်မရှိဘူး"

ဖြေသံမှာ ပြတ်ပြတ်။ ခက်ထန်သည်ဟု နားအဝင်ဖြင့်ပင် သိနေသည်။ ပြောကျင့် ဓလေ့ဟု တွေးကြည့်ရသည်။

mgyoe.com

"တခြား ဘယ်နေရာမှာစုံစမ်းရင် သိနိုင်မလဲ"

"မသိ"

သံရှိန်အငင်မရှိ။ တိတိပြတ်သောအသံ။

"ဦးတို့မိတ်ဆွေတချို့များ ကြားမကြား သိရရင်ကောင်းမှာပါပဲ"

"မသိ"

မျက်နှာချင်းဆိုင်နေရာမှ ကိုယ်တစောင်းနေသည်။ အမျိုးသမီးက ကျွန်တော့်ကို အားနာစွာကြည့်သည်ဟု ထင်၏။ အဘိုးကြီးကမူ အမျိုးသမီးနှင့် မျက်နှာချင်းဆိုင် အနေအထားနှင့် နေ၏။

"ကိုဂျူးလစ်တို့ကို ရှင်မေးကြည့်ရင် သိမှာပါ။ သနားပါတယ် မေးပေးလိုက်ပါ"

အမျိုးသမီး၏ လေသံမှာ နူးညံ့လှ၏။ အဘိုးကြီးထံမှ စကားပြန်မည့်အဖြေကို စောင့်နေစဉ်၊ ကျွန်တော် အမျိုးသမီးကို ကြည့်သည်။ ကျွန်တော့်ထက် နှစ်နှစ်သုံးနှစ် ငယ်ပေလိမ့်မည်။ အလွန်ဆုံးမှ အသက်နှစ်ဆယ့်တစ်နှစ်ထက် ကျော်မည်မဟုတ်။ ရှင်ဟူသောအသုံးကြောင့် သားအဖမဟုတ်ကြောင်း သိလိုက်၏။ အမျိုးသမီးက အဘိုးကြီးကိုကြည့်ကာ အဖြေစောင့်နေ၏။ စောင့်မည်သာ စောင့်ရသည်။ အဘိုးကြီးက မဖြေ။ အရက်ပုလင်းကို လှမ်းယူပြီး ဖန်ခွက်ထဲသို့ တစ်ဝက်နီးနီးငှဲ့၏။ ရေမရော။ ရေသောက်သကဲ့သို့ တစ်ကျိုက်ထဲမော့ကာ ကျိုက်လိုက်သည်။ နီစပ်စပ်မျက်နှာကို လက်ဖဝါးဖြင့် ပွတ်ရင်း ဖန်ခွက်ကို ခပ်ဆောင့်ဆောင့်ချပြီး ပြန်ထား၏။

"ကိုဂျူးလစ် သူ့အိမ်သူ မပြန်သေးပါဘူး။ ကားပိုင်ရှင်အိမ်မှာပဲ ရှိဦးမှာမဟုတ်လား။ သုံးလေးအိမ် ကျော်ကျော်လေးဝေးတာ။ ရှင်မသွားချင်ဘူးလား။ ကျွန်မသွားမေးပေးလိုက်ရမလား"

ခေါင်းခါပြ၏။ ကျွန်တော့်ကို အမျိုးသမီးက အားနာပြုံး ပြုံးပြ၏။

"ကောင်လေးက မင်းနဲ့ရွယ်တူမဟုတ်လား။ မင်း သူ့ကို ကြိုက်ချင်ပြန်ပလား။ စေတနာကောင်းနေပြန်ပြီ။ မင်း လင်ငယ်မနေရရင် အိပ်မပျော် စားမဝင်ဘူးလား။ မင်းကို ငါ သိပ်သည်းခံခဲ့ပြီနော်။ ဒီတစ်ခါဆို ဆယ်ကြိမ်ပြည့်တော့မယ်။ ဒီအထိတော့ ငါ သည်းမခံဘူး"

ကျွန်တော့်ကိုယ်သည် မီးဟပ်သကဲ့သို့ ပူသွား၏။ ထိုနေရာမှ အမြန်ဆုံး လှမ်းထွက်ခဲ့ရသည်။



mgyoe.com

mgyoe.com

# (၃)

အုတ်တံတိုင်းမှာ အလွှားလွှားကွာလျက် ရှိသည်။ တံတိုင်းအလျှုရှင်တို့၏ အမည်နာမများမှာ အပွန်းပွန်းအပဲ့ပဲ့ဖြင့် မထင်ရှားတော့။ အင်္ဂတေသားမကျန်တော့သော နေရာများမှာ အုတ်လွှာတွေကို မြင်ရ၏။ ဝင်းတံခါးဝနှင့် ကပ်နေသော အုတ်တံတိုင်းမှာ လူတစ်ကိုယ်စာမက အုတ်တွေပြိုကျနေသည်။ သံတံခါးရွက်နှစ်ခုသည် သံချေးဖြင့် ကြွေသည့်နေရာကြွေကာ ပဲ့သည့်နေရာ ပဲ့နေ၏။ တံခါးရွက်တစ်ခုက ပိတ်လျက်။ ကျန်တစ်ရွက်က တစ်လံသာသာ ဟနေ၏။ တံခါးရှေ့တွင် ခြေစုံရပ်ကာ ဖိနပ်ချွတ်သည်။ ကျောင်းဝင်းအတွင်းသို့ လှမ်းကြည့်သည်။ ကျောင်းသားတစ်ယောက်တလေ မတွေ့ရ။ ကိုရင်တစ်ပါးမမြင်ရ။ ရေတွင်း၊ ကွပ်ပျစ်၊ ကျောင်းလှေကား၊ သစ်ပင်အောက်တို့ကို ကြည့်သည်။ သံဃာတော်တစ်ပါးမှ မဖူးရ။ ကျောင်း၏ ဝေယျာဝစ္စ၊ ပရိယတ္တိ၊ ပဋိပတ္တိ လုပ်ငန်းချိန်တာ ဖြစ်ဟန်တူ၏။ ကျောင်းဝင်းထဲသို့ ရောက်သောအခါ၊ မည်သည့်ဘက်သို့ သွားရမည်မသိ ဖြစ်နေသည်။

အနီးဆုံးဇရပ်ဘက်သို့ သွားရမည်လော။ ဇရပ်အရှေ့ရှိ အုတ်ကျောင်းအိုး၊ ထိုကျောင်းအို၏ အရှေ့ဘက်တွင် အုတ်ခံသစ်သားကျောင်းဟောင်း၊ ထိုကျောင်းဟောင်း၏ အရှေ့မြောက်ဘက် မလှမ်းမကမ်းတွင် နှစ်ထပ်သစ်သားကျောင်း။ မြောက်ဘက်အစွန်းဆုံးရှိ ထင်းရှူးပင်များအကြားတွင် ကြီးမားလှသော သစ်သားကျောင်းတိုက်ကြီး။ ကျွန်တော် ရပ်၍သာနေမိ၏။ သစ်ပင်ချုံနွယ်တွေထူထပ်သော ကျောင်းပရိဝုဏ်အတွင်း၌ နေရောင်ခြည်က ပို၍ အားနည်းနေသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရသောကြောင့် လှမ်းရမည့် ခြေဖဝါးတွေ တန့်နေ၏။ ခေတ္တအကြာတွင် သည်နေရာမှတစ်ပါး တည်းခိုစရာနေရာမှာ လောလောဆယ်မရှိသေးဟူသော အသိကြောင့် အုတ်ခံသစ်သားကျောင်းဘက်သို့ လျှောက်လိုက်ရ၏။ တစ်လှမ်းထက်တစ်လှမ်း နီးသာနီးလာ၏။ မည်သူ့ကိုမျှ မတွေ့ရ။

mgyoe.com

mngyoe.com

စကားပြောသံ၊ စာအံသံ မကြားရ။ ကျေးသံငှက်သံ မကြားရ။ အုတ်ခံသစ်သားကျောင်း၏ လှေကားခုံနားသို့ ရောက်လာသည်။ ထူအမ်းအမ်း လှေကားထစ်များ၊ ထူထဲလှသော အင်္ဂတေလက်ရန်း၊ ဖာထေးထားသော အင်္ဂတေကွက်များကို တွေ့သည်။ နှစ်ရပ်စာမက မြင့်သော အပေါ်ထပ် သစ်သားကျောင်းမှာ ဟောင်းနွမ်းလှပေပြီ။ ကနုတ်ဖော်သော ခါးပန်း၊ တံခါးပေါင်နှင့် မှန်ကူကွက်တံခါးရွက်များ။ စွန်တောင်၊ ခေါင်ချုပ် ပန်းကွက်များမှာ ပိုး စားထားသလော၊ ရာသီဥတု တိုက်စားထားသလော မပြောတတ်။ သစ်သား၏ အရောင် အဆင်းများ ပြယ်လျက်ရှိလေသည်။ သဏ္ဌာန်များလည်း ယွင်းနေပေပြီ။

ဟောင်းနွမ်းသော ကျောင်းသခ်မ်း၏ အနံ့အသက်သည် နှာဝတွင် ရစ်ဝဲစပြုလာ ၏။ သီတင်းသုံးဖော်မဲ့လေပြီဟု ထင်ရလောက်အောင် ကျောင်းတိုက်သည် အထီးကျန် ဆန်လှချေ၏။ သံဝေဂ အငွေ့အသက်တွေကို ထိတွေ့ရသကဲ့သို့ ခံစားရသည်။ ထို့ပြင် ချောက်ချားစေတတ်သော နေရာထိုင်ခင်းတစ်ခု၏ အလယ်သို့ ရောက်လျက်ရှိသည်ဟု ထင်လာသည်။ ထိုအထင်ကြောင့် ဖြစ်မည်။ လှေကားပထမအဆင့်တွင်သာ ရပ်လျက်နေ ၏။ နားစွင့်ပြန်သည်။ ထိတ်၏။ ကြည့်ပြန်သည်။ မည်သူ့ကိုမျှမတွေ့။ သိမ်နှင့်ကျောင်း ပျက်ရှိရာသို့ ကြည့်သည်။ ရေငင်ကြိုးတန်းလန်းနှင့် အုတ်စီရေတွင်းသို့ လှမ်းကြည့်၏။ ကျောင်းတိုက်မှား၍ ဝင်ခဲ့ပြီဟု သံသယဝင်သည်။ ဘုန်းကြီးကျောင်းဟောင်းပျက်ဟု ထင်လည်းထင်စရာ။ မထင်လည်းမထင်စရာ။ တစ်ဧကခွဲ နှစ်ဧကကျောင်းဝင်းအတွင်း၌ ရဟန်းရှင်လူ အရိပ်အငွေ့မျှ မကြားမမြင်သည်တွင် ထိတ်လန့်ချင်သည်။ ထို့ကြောင့် ကျောင်းဝင်းမှ ပြန်ထွက်မည်ဟု စိတ်ပိုင်းဖြတ်လိုက်၏။ ကိုယ်ကို လှည့်မည်အပြု...

"ဒကာလေး... ဘာကိစ္စလဲ"

နောက်ကျော လက်တစ်လှမ်းအကွာမှ အသံ။ အမလေးဗျ မအော်မိအောင် ချုပ် တည်းလိုက်ရသည်။ ရုတ်ခြည်းလှည့်သည်။ ရင်ထဲမှာ ဒိတ်ဒိတ်ခုန်နေ၏။ သက်တော် ငါးဆယ်ကျော်မျှရှိမည့် ဘုန်းတော်ကြီး။ လန့်ဖျပ်သွားသော်လည်း ဣန္ဒြေဆည်ကာ မြေကြီး ပေါ်သို့ ပြန်ဆင်းရသည်။ ဖိနပ်နှင့် ခရီးဆောင်အိတ်ကို အုတ်ခုံဆင့်တွင်ထားကာ ထိုင်သည်။ ဦးသုံးကြိမ်ချပြီးမှ "တပည့်တော် ရန်ကုန်ကပါဘုရား။ ဒီမှာ အသိအကျွမ်းလည်းမရှိတော့ တည်းခိုဖို့ကိစ္စ အခက်အခဲတွေ့လို့ပါ။ တည်းခိုဖို့ အဆင်မပြေခင် အရှင်ဘုရားကျောင်းမှာ တည်းခွင့်ပြုဖို့ လျှောက်ထားပါရစေဘုရား"

တည်ငြိမ်လှစွာသော မျက်နှာနေမျက်နှာထားဖြင့် ရှိလေသည်။ ကျွန်တော့်ကို ငုံ့ကြည့်ပြီး အကဲခတ်သည်။ ခေတ္တစဉ်းစားနေသည်။ ဦးပြည်းကို လက်ဖဝါးဖြင့် အသာ

mngyoe.com

mgyoe.com

ပွတ်သည်။ ထို့နောက် အနောက်ဘက်ကောင်းကင်သို့ တစ်ချက်လှမ်းကြည့်ပြီး...

"ဝတ်ဖြည့်ပြီးရင် ဒကာလေး ထနိုင်ပါပြီ။ အင်း ရန်ကုန်က ဘယ်တုန်းကရောက်လဲ"

လက်ဖနောင့်တွင် ကပ်ကျန်နေသေးသော သဲတွေကို ပုတ်ခါပြီး မတ်တတ်ရပ်လိုက်၏။ ပြီးမှ...

"ဒီကနေ့ပဲ ရောက်တာပါဘုရား"

ခေါင်းညိတ်သည်။

"အလုပ်အကိုင် ပြောင်းရွှေ့ရလို့လား"

မုသားဖြစ်သော်လည်း လျှောက်၍သင့်သည်ကိုသာ လျှောက်ရလေသည်။

"လေ့လာရေး ကိစ္စတစ်ခုအတွက် လာရတာပါဘုရား"

လက်မောင်းပေါ်တွင် ခေါက်၍တင်ထားသော သင်္ကန်းကို ပခုံးပေါ်သို့ ပြောင်းတင်ကာ...

"ကျောင်းသားလားကွယ့်"

"တင်ပါ့"

ဘုန်းတော်ကြီး၏ မျက်နှာမှာ စိတ်ရှုပ်ထွေးသွားသော လက္ခဏာရှိ၏။ ကျွန်တော်မတွေးတတ်။

"အိမ်း ဘုန်းကြီးတို့က လောကုတ္တရာသမားတွေဆိုတာ ဒကာလေး သိပြီးသားပဲ။ လောကီကိစ္စကို စိတ်လည်းမဝင်စား၊ ပတ်လည်း မပတ်သက်ချင်ဘူး။ ပြဒါးတစ်လမ်း သံတစ်လမ်းပေကိုး။ ဒီတော့ ဘုန်းကြီးတို့မှာ ပြဿနာ အဖြစ်မခံချင်ဘူးကွယ့်။ ဒါထက် ကျောင်းသားဆိုတော့ တက္ကသိုလ်ကျောင်းသားထင်တယ်"

"တင် တင်ပါ့ဘုရား"

ကျွန်တော့်ဖြေသံ တစ်ချက် ထစ်သွားသည်။ ကျောင်းထိုင်ပုဂ္ဂိုလ်ဖြစ်ဖွယ်ရှိသော ဆရာတော်သည် နဖူးကြောတွန့်ကာ မြေကြီးကို ကြည့်၏။ မိန့်ကြားမည့်စကားကို စောင့်မျှော်ရသော ကျွန်တော်သည် ရှည်လျားနှေးကွေးလှသည့် ကာလမြစ်တွင် စုန်မျှောရသကဲ့သို့ ရှိချေ၏။

"အစိုးရမင်းများနဲ့ ဘေးမကင်းရန်မကင်းများ ဖြစ်ခဲ့သလားကွယ့်"

"မဖြစ်ခဲ့ပါဘူးဘုရား"

မျက်တောင်တစ်ခတ်စာမျှ မဆိုင်းငံ့ဝံ့။ ချက်ချင်း ဖြေလျှောက်ရ၏။

mgyoe.com

"ဒေါသအလျောက်၊ လောဘအလျောက် ရာဇဝတ်သင့်မိတာများကောကွယ့်"

"မရှိပါဘူးဘုရား၊ လေ့လာရေးအတွက် ခရီးထွက်လာတာ အမှန်ပါပဲဘုရား"

ခေါင်းညိတ်တော်မူလေ၏။

"ဒီလို ဒကာလေး၊ မနှစ်တုန်းက ရန်ကုန်တက္ကသိုလ်က ကျောင်းသားတစ်ယောက် လာပြီး တည်းဖူးတယ်။ ခု ဒကာလေးပြောသလို လေ့လာရေးကိစ္စလို့ ပြောတာပဲ။ ဒါပေမဲ့ သုံးလေးရက်လောက်လည်းကြာရော ကျောင်းကို စစ်တပ်ရော၊ ရဲရော၊ စုံထောက်ဘက် ကရော ဝိုင်းသကွယ့်။ အဲဒီကျောင်းသားကို လာဖမ်းကြတာလေ။ အစိုးရနဲ့ ကဏ္ဍကောစ ဖြစ်လာတာကိုး။ ဆိုင်ရာက မေးဟယ် မြန်းဟယ်နဲ့ ဆရာတော်တို့လည်း လောကုတ္တရာ အလုပ်လေးတွေ သုံး၊ လေးရက်တော့ ပျက်သွားတာပေါ့ကွယ်။ ဒါကောင်း မြို့နယ်ကောင် စီက ပုဂ္ဂိုလ်တွေက ဆရာတော့်တပည့်ချည်းမို့လို့။ အဲသလိုဖြစ်ပြီးကတည်းက ဆရာတော့် ကျောင်းမှာ ရပ်ဝေးခရီးသည် ညအိပ်ညနေ ခွင့်မပြုခဲ့ဘူး။ အင်း..."

အင်း မြည်သံကို ဖင့်ဖင့်နွဲ့နွဲ့ဆွဲ၏။ ဒုက္ခပဲဟု ကျွန်တော် စိတ်ထဲမှ ညည်းမိလေ သည်။ အနောက်ဘက်ကို ကျွန်တော် လှမ်းကြည့်သည်။ ကောင်းကင်တွင် နေရောင် မှိန်လျက်ရှိပေပြီ။

"အင်းလေ အချိန်လည်း အတော်လင့်နေပြီ။ ဒီတစ်ညတော့ ဒီမှာပဲတည်းလေ။ ဆရာတော်ပြောတာ ဒကာလေး သဘောပေါက်မှာပါ။ လောကီကိစ္စတွေနဲ့ မပတ်သက်ချင် ဘူးလကွယ်။ ဒါ့ထက် မှတ်ပုံတင်တော့ ပါရဲ့မဟုတ်လား၊ ကျောင်းသားကတ်ပြားကော ပါရဲ့နော"

"တင်ပါ့ဘုရား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားရော ကျောင်းသားမှတ်ပုံတင်ကတ် ပြားရော ပါလာပါတယ်ဘုရား"

ဆရာတော်၏ ခြေတစ်လှမ်း စတင်လှမ်းသည်။ ဒကာလေး ဆရာတော့်နောက် လိုက်ခဲ့ဟုခေါ်၏။ လက်ဆွဲအိတ်နှင့် ဖိနပ်ကိုယူပြီး ဆရာတော်၏နောက်မှ လိုက်ခဲ့သည်။ သက်ပြင်းတစ်ချက် ချမိသည်။ ဒီတစ်ညအတွက် တည်းခိုခွင့်ရလျှင်ပင် ကျေးဇူးကြီးလှပြီဟု အောက်မေ့ရလေ၏။ နောက်ပါးမှ ခပ်ယို့ယို့လိုက်လာသော ကျွန်တော့်ကို လှည့်ကြည့်ပြီး...

"ခုန မှတ်ပုံတင်တွေဘာတွေက ဧည့်စာရင်းသွားတိုင်ဖို့ကွယ့်။ တော်ကြာလောက် ဆိုရင် ကိုရင်တစ်ပါးပါးနဲ့ ရပ်ကွက်ကောင်စီရုံးကို ဒကာလေးလိုက်သွား။ ဧည့်စာရင်းတော့ တိုင်မှဖြစ်မယ်"

* * *

mgyoe.com

mgyoe.com

သစ်သားလှေကားထိပ်ရှိ ခုံတန်းလျားပေါ်တွင် ထိုင်သာနေရသည်။ စိတ်တို့သည် အရပ်ဆယ်မျက်နှာသို့ လွင့်ပါးလျက်ရှိသည်။ တစ်နေ့လုံး ရပ်နားရခြင်း မရှိသေးသော အတွေးများမှာ အနည်မကျနိုင်သေး။ ပင်ပန်းကြီးစွာ ဖိစီးထားလေသည်။ ယု ရောက်ရာ အရပ်သို့ ကျွန်တော် ရောက်နေပေပြီ။ တွေ့မှ တွေ့ရပါမည်လားဟု ကြောင့်ကြမြဲ ကြောင့်ကြသည်။ သောကနှင့်တကွ ဖြစ်ရသော မျှော်လင့်ချက်သည် ကိုယ်စိတ်နှလုံး သုံးပါးစလုံးကို ကြိတ်ချေလေ၏။ သို့ရာတွင် ကျွန်တော် သည်ဒေသသို့ ရောက်နေမှန်း ယု သိရှိပါက ဝမ်းသာရှာပေလိမ့်မည်ဟု တွေးဆမိသည်။ အားတက်ဖွယ် ဖြစ်လိမ့်မည်ဟုလည်း အောက်မေ့၏။ တစ်ဖက်တစ်နည်းမှ ထိုသို့ အတွေးရ၍ ဖြစ်မည်၊ ကျွန်တော် စိတ်အမောဒဏ် ခံနိုင်လာသည်။ အတော်အသင့်မျှ အေးဆေးသော အနေအထားကို ရလာသည်။ ထိုအခါမှပင် ကြည့်သမျှကို မြင်သည်။ ကြားသမျှကို သညာပြုမိလေသည်။

စာအံသံ တိတ်သွားသော်၊ ကျောင်းသခ်မ်း တစ်ဝန်းလုံးသည် အသံမဲ့အရပ်ဒေသ ဖြစ်သွားလေ၏။ သို့သော် မကြာရှည်လှ။ ဝတ်တက်သံကို ကြားရသည်။ ကျောင်းသားများ၊ ကိုရင်နှင့် သံဃာတော်များ ဘုရားဝတ်ပြုသည့် အချိန်တွင် အဘိုး၏ ဘုရားရှိခိုးသံကို ကြားယောင်သည်။ ကြားပင် ကြားယောင်သော်လည်း စိတ်မဖြောင့်သော ဘုရားဝတ်ပြုသံဟု အာရုံထင့်လျက်ရှိသည်။ အဘိုး၌သာမက အဘွား၊ အဖေနှင့်အမေတို့၏ စိတ်ဓာတ်ကို ပကတိအတိုင်း ရှိမနေအောင် ကျွန်တော် ပြုမိခဲ့လေပြီ။ ကျွန်တော့်အတွက် ပူပန်သမှု ဖြစ်နေကြပေလိမ့်မည်။ ဒေါ်လေးထံသို့ သွားကာ ပေးရမည့် ငွေငါးထောင်ငါးရာအတွက်မူ အမေတို့ မှုစရာအကြောင်းမရှိ။ ကျွန်တော့်စာကို သူငယ်ချင်း ကျော်ငြိမ်းထံမှတစ်ဆင့် အမေတို့ ဖတ်ပြီးနောက် အဒေါ်ထံသို့ ငွေ ထပ်ပို့ပြီးလောက်ပေပြီ။ မည်သည့်အရပ်သို့ ရောက်မှန်းမသိသည်နှင့်စာလျှင် မြို့ရွာဒေသ အတိအကျ သိသွားရသည့်အတွက် အမေတို့ သောက လျော့တန်သမျှ လျော့ပေရာ၏။ မနက်ဖြန်ဖြစ်စေ၊ သန်ဘက်ခါဖြစ်စေ တည်းခိုရန် နေရာရလျှင် အိမ်သို့ စာထည့်မည်၊ လိပ်စာအတိအကျ ထည့်ပေးလိုက်မည်။ သို့မှသာ အမေတို့ ပိုမို စိတ်အေးကြပေလိမ့်မည်။

လောလောဆယ်တွင် အမေတို့ စိတ်အေးဖွယ်ဖြစ်ရန်ထက် ကျွန်တော် စိတ်အေးရန်ပင် ကျွန်တော် မကြံစည်နိုင်သေး။ ယခုတစ်ညသာ အခွင့်ရသော ဤနေရာတွင် မိမိကိုယ်မိမိ တည်ငြိမ်အောင် မနည်းအားထုတ်နေရသေးသည်။ အံ့သြစရာပေပဲဟု သတိရသည်။ ဒီတစ်ည တည်းလို့ရရင် တော်ပါပြီ၊ မနက်ဖြန်ကျမှ နေရာသစ်ရှာတာပေါ့၊ ဒီတစ်ညက အရေးကြီးဆုံးဟု သဘောထားခဲ့သည်။ တစ်ညစာ တည်းခွင့်ရသောအခါ၊

mgyoe.com

နောက်နေ့ နောက်ညများအတွက် ယခုကပင် ပူပန်ပြန်လေသည်။ အပူတိုက်၍ သွတ်သွင်းခြင်းခံရသော နှလုံးသည်းပွတ်၌ ကြမ္မာငင်မြဲဝိပါက်စွဲ၍ပင် နေလေသလောဟု ယိုးမယ်ဖွဲ့ချင်သည်။

စီစဉ်ရမည့် အစီအစဉ်တွေကို သတိရတော့မှ လူးလာတုံ့ပြန်သော စိတ်လှုပ်ရှားမှုတို့သည် ငြိမ်ဝပ်စပြုချေ၏။ ဘုရားခန်းမှ ရွှတ်ဖတ်သရဇ္ဈာယ်သံတို့က နားသို့ တစ်ဖန်ရောက်လာ၏။ မျက်နှာမူထားရာတွင် ရှိနေသော သစ်ပင်တွေ၊ အဆောက်အဦတွေ မျက်လုံးတွေ ထင်ရှားလာသည်။ ပြည့်ဝန်းသောလ၏ အရောင်အဆင်းသည် ကျောင်းဝင်းအတွင်း၌ ဇွေဇွေကျနေ၏။ ထင်းရှူးပင်၊ ကညင်ပင်၊ ယူကလစ်ပင်၊ တောင်ဇလပ်ပင်တို့၏ ပင်စည်အရိပ်သည် သဲမြေပေါ်တွင် ရှည်လျားစွာ ကျလျက်ရှိသည်။ အရိပ်ကြားတွင်၊ လရောင်သည် စိုပြည်သော အဝါအဆင်းဖြင့် မြေကို လိမ်းကျံနေ၏။ နှင်းရည်ဆွတ်ခါစ မြက်ရွက်များပေါ်၌ လ၏ အလင်းရောင်ပြန်သည် ဆွတ်ဖြူနေ၏။ အအေးဖွဲ့ပေပြီ။

* * *

မှန်အိမ်မီးစာကို နှိမ့်လိုက်သည်။

ဟောင်းမြင်းသော ကျောင်းအိုနံ့က နှာခေါင်းထဲသို့ ဝင်လာ၏။ ရာသီဥတုနှင့် ပိုးမွှားတို့၏ ထိပါးမှုကြောင့် သစ်သားတို့ အဆင်းပြယ်၍ နေသည်။ သိပ်သည်းခိုင်မာမှုတို့ လျော့ပါးနေပြီဟု အမြင်အရ သိနိုင်သည်။ တစ်ဖက်စာ တင်းတင်းရှိသော တိုင်လုံးများမှာ စဇွေးနီ ကွက်လျက်ရှိ၏။ လျှာထိုးအခင်း၏ မျက်နှာပြင်တို့သည် အစင်းစင်း အပြောက်ပြောက် ချိုင့်လျက်ရှိလေသည်။ အတွင်းသားချိုင့်စင်းများ အလွှားလွှားအမြွှင်းမြွှင်း ထနေ၏။ ပိုးစားရာတွင် ဖုန်ရောင်ထနေသည်။ အချို့နေရာတွင် မျက်နှာကြက်မှ ကျလာသော ပိုးချေးမှုန့်တွေ။ မျက်နှာကြက်နှင့် အကာတို့သည် အခင်းအတိုင်းပင် ဖြစ်သည်။ ခေါင်းရင်းဘက် ဘုရားခန်းတွင်သာ အတန်အသင့် သန့်ရှင်းသည်။ ကျွန်တော့်အတွက် ပေးထားသော တစ်ယောက်အိပ်ခုတင်တစ်ပိုက်မှတစ်ပါး၊ ကျန်နေရာများမှာ ဖုန်မှုန့်တွေ ကပ်လျက်ရှိ၏။

ခုတင်ပေါ်တွင် တင်ပါးလွှဲထိုင်သည်။

ဘုရားခန်းသို့ကြည့်၏။ ရွှေသကင်္န်းတွေ ကွာနေသော တင်ပျဉ်ခွေ ရုပ်ပွားတော်။ ရောင်တော်ဖွင့်ခြင်း မရှိခဲ့၍လား မဆိုနိုင်၊ ကျောက်ဆင်းတု၏ စကျင်အဖြူသည် ဝါကျန်ကျန်။ ပလ္လင်နှင့် တံကဲတို့၏ ကနုတ်ပန်းတို့တွင် ရွှေအဆင်းက ရှိရုံမျှသာ ကျန်တော့

mgyoe.com

သည်။ ပလတ်စတစ်ပန်းအချို့တွင် ပင့်ကူမြွေးတွေ ရစ်နေ၏။ ခြောက်သွေ့လွန်းသော ဘုရားခန်းကို ကြည့်ရင်းနှင့် စိတ်တွေ သွေ့ခြောက်လာသည်။ ကျယ်ဝန်းကြီးမားလှစွာသော အပေါ်ထပ်တစ်ထပ်လုံးတွင် တစ်ယောက်တည်းနေရသည်မှာ စိတ်မလုံစရာ ကောင်းလှသည်။ မှန်အိမ်အလင်းသည် ခုတင်နှင့် ဘုရားခန်းဘက်တွင် အလင်းသင့်တင့် ရှိသည်။ အနောက်ဘက် လှေကားအပိုင်းမှာ မှောင်ရိပ်သန်းနေ၏။ ပြတင်းအားလုံးမှာ ကျွန်းသား။ အလုံပိတ်ထားသဖြင့် ပြင်ပလေ မဝင်။ အချမ်းသက်သာသော်လည်း ကျောင်းအိုနံ့သည် အသက်ရှူလိုက်တိုင်း အပြည့်အသိပ်။

ခြေနှစ်ဖက်ကို သုံးလေးချက် ဆတ်၍ရိုက်လိုက်၏။ ခြေဖဝါးနှင့်ခြေဖမိုး၊ ခြေမျက်စိချင်းထိသည်။ ဖုန်စင်မည်တော့ မဟုတ်။ လုံချည်အဖျားဖြင့် လေးငါးချက် ပုတ်လိုက်၏။ ခြေကို ခုတင်ပေါ်သို့ တင်ချိန်တွင် သဘော်ဆေးဖြူ စာတန်းကို ခပ်ဝါးဝါးမြင်သည်။ ခုတင်ဘေးတန်းတွင် သပ်ရပ်သော စာလုံးဝိုင်း။ ငုံ့၍ ဖတ်ကြည့်သည်။ ကွယ်လွန်သူ ဒေါ်မူဖလာ၏ ကောင်းမှုဟု တွေ့ရ၏။ ကျောထဲတွင် စိမ့်သွားလေသည်။ အသုဘခုတင်အဟောင်းကို ကျောင်းသို့ လှူထားခြင်းဟု သိလိုက်သည်နှင့်တစ်ပြိုင်နက် ခြေအစုံသည် ကြမ်းပြင်ပေါ်သို့ ဖျပ်ခနဲ ပြန်ရောက်သွား၏။ ခေါင်းအုံးအောက်ရှိ ခရီးဆောင်အိတ်ကို လှမ်းယူရန် လက်ရောက်သွားလေသည်။ မျက်လုံးတွေက ဆင်းတုတော်၊ ပိုးမျက်နှာကြက်ပန်းပွား၊ သတ္တုသွေးမရှိတော့သော ဘုရားပန်းအိုးများ၊ ပြတင်းကျွန်းသား၊ တိုင်လုံးအရိပ်များ၊ အပေါ်ထပ်တစ်ထပ်လုံး၏ အဝန်းအကျယ်၊ ကြေးဝါမှန်အိမ်၊ နှာဝမှ မထွက်သော သစ်ဟောင်းပျဉ်ဟောင်းအနံ့၊ အိပ်ရာခင်းနှင့် ခေါင်းအုံးအနံ့။ လေမသလပ်သော အဝတ်အထည်၏ အနံ့အသက်။ ကြောက်လန့်သည့်အဆင့်သို့ ရောက်မလာသေးသော်လည်း လိပ်ပြာငယ်လာသည်ဟုကား ကျွန်တော့်ကိုယ်ကျွန်တော် သတိပြုမိချေ၏။

အောက်ထပ်တွင် အိပ်ရာပြင်နေသော ကျောင်းသားတွေနှင့်အတူ ဆင်းအိပ်ရလျှင်ကောင်းမည်လားဟု အတွေးရ၏။ ထိုအတွေးရတော့မှ အနေရ ပိုမိုချောက်ချားသည်။ ဘုရားဝတ်ပြုကြပြီးသည့်အချိန်မှစ၍ သူတို့နှင့်အတူ စကားစမြည် ပြောခဲ့သည်။ သူတို့ကျွေးသော ထန်းလျက်ဖြူဆုပ်၊ ကြက်သွန်သုပ်၊ မြေပဲပြုတ်တို့ကို စားကာ ရင်းနှီးအောင် ဆက်ဆံရသည်။ ကျွန်တော်ကျွေးသော ချိုချဉ်၊ တည်သော စီးကရက်တို့ကို သူတို့ စားသည်၊ သောက်သည်။ သူတို့မေးရာ ဖြေကာ၊ သူတို့ချင်း ပြောရာကို နားထောင်ခဲ့သည်။ လွန်ခဲ့သောနှစ်လက တိုက်ပွဲအကြောင်း သူတို့ပြောပြသည်။ ကျောင်းသားတစ်ယောက်က သူပုန်ဘက်မှ တိုက်ပွဲကျသူတစ်ဦးအကြောင်းကို ပြောပြသည်။ ခေါင်းပြတ်သွားသော်

mgyoe.com

mgyoe.com

လည်း ကိုက်တစ်ရာမျှ လျှောက်ပြေးနေသေးကြောင်း၊ သစ်ပင်တစ်ပင်ဆီသို့ ရောက်သောအခါ ခေါင်းပြတ်လျက်နှင့်ပင် ကျည်တစ်ကတ်ကုန်အောင် ပစ်နေသေးကြောင်း တအံ့တသြ ပြောသည်။ ကျောင်းသားတစ်ယောက်က မျက်မြင်မဟုတ်၍ မယုံဟု စောဒကတက်သည်။ တခြားကျောင်းသားတစ်ယောက်က အပမှီတယ်ဆိုတာ ဒါပဲ။ မင်းမယုံရင် သိမ်မှာ ထုံးကွင်းသွားဝိုင်း၊ ဝိုင်းရဲရင် ငါးဆယ်ကြေးလောင်းမယ်ဟု ပြော၏။ မယုံသူ ကျောင်းသားက ဒါတော့ ဘယ်လုပ်ရဲမလဲကွဟု ပြော၏။ သိမ်မှာ ဒေါ်မူဖလာကို ကျွတ်အောင် တို့ဆရာတော် ဘယ်လို စီရင်ရတယ်ဆိုတာ ငါသိတာပဲ။ သူတို့တိုက်ကနေ တို့ကျောင်းကိုခေါ်ထားတာ ငါသိတာပဲကွဟု ပြောကာ အလောင်းအစားကို ငြင်း၏။ သိပ္ပံ အသိအမြင်တွင် သူတို့ထက် သာနေသောကြောင့် ကျွန်တော့်အဖို့ ထိုစကားတို့သည် အပျင်းပြေ၏။ ကပ္ပိယအဘိုးကြီးက ဒီမယ်မောင်သူငယ် ရုရှားတို့ အမေရိကန်တို့က တစ္ဆေသရဲတို့ နာနာဘာဝတို့ကို သိပ္ပံပညာနဲ့ လေ့လာနေတယ်လို့ ဘကြီးတို့ တစ်ဆင့်စကား တစ်ဆင့်ကြားဖူးတယ်ကွယ့်၊ အဲဒါ ဟုတ်ရှေ့လားဟု မေး၏။ လူဝင်စားကိစ္စများ၊ ဝိညာဉ်လောကကိစ္စများကို အနောက်နိုင်ငံတချို့က လေ့လာသုတေသနပြုကြ၊ ဆွေးနွေးငြင်းခုံကြသည့် အကြောင်း၊ တစ္ဆေလေ့လာသော အသင်းအဖွဲ့များအကြောင်း ကျွန်တော် မှတ်မိသရွေ့ ပြောပြခဲ့သည်။ သိပ္ပံအကြောင်း စကားစပ်မိသည်တွင် လပေါ်သို့ လူရောက်သောကိစ္စကို ကပ္ပိယကြီးက စကားဦးပြောင်းကာ မေးသည်။ သိပ္ပံပညာဆိုင်ရာ သတင်းဆောင်းပါးများမှ သိသမျှကို ကျွန်တော် ပြန်လည်ပြောပြခဲ့သည်။ စကားကောင်းနေစဉ် လျှပ်စစ်ခေါင်းလောင်းသံ ကြားရ၏။ ကိုင်း စကားဖြတ်စို့ဟု ကပ္ပိယကြီး ပြော၏။ အကျိုးအကြောင်း မေးသောအခါ ကိုးနာရီခွဲပြီဖြစ်ကြောင်း၊ ကျောင်းသားကိုရင် အားလုံး အိပ်ရန် ဆရာတော်ကြီးထံမှ ဓာတ်ခဲခလုတ် ဆက်လိုက်ကြောင်း၊ ယင်းမှာ စည်းကမ်းဖြစ်ကြောင်း၊ မနက် လေးနာရီခွဲတွင် အိပ်ရာမှထရန် ယင်းခေါင်းလောင်းသံဖြင့် နှိုးကြောင်း၊ ဤစနစ်သည် သူ ကျောင်းသားဘဝမှပင် ရှိခဲ့ကြောင်း ပြောပြသည်။ ထို့ကြောင့် ကျွန်တော် သူတို့အပါးမှ ထကာ အပေါ်ထပ်သို့ တက်ခဲ့ရလေ၏။

ခရီးဆောင်အိတ်ကို ပေါင်ပေါ်တွင် တင်ထားရင်း စိတ်တင်းထားလိုက်၏။ သူတို့နှင့်အတူ အောက်ထပ်တွင် အိပ်မည်ဟုပြောလျှင် တစ်မျိုးတစ်မည်တွေ ထင်ချင် ထင်ချိမ့်မည်။ အပေါ်ထပ်တွင် မအိပ်ရဲ၍ဟု ထင်ကောင်းထင်မည်။ ဧည့်သည်အဖို့ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် အိပ်စက်နိုင်ရန် အပေါ်ထပ်တွင် တသီးတသန့် သိပ်ကာမှ မအိပ်ချင်ဟု ပြောရန်မသင့်။ ဘာပဲဖြစ်ဖြစ် အပေါ်မှာပဲ အိပ်လိုက်တာ ကောင်းပါတယ်။

mgyoe.com

ဒီတစ်ညပဲဟာ၊ ဘာကြောက်စရာရှိလဲ၊ သရဲသဘက်ဆိုတာ မရှိတဲ့အရာပဲဟု စိတ်ပြင် သည်။ ခရီးဆောင်အိတ်ကိုဖွင့်ကာ လက်နှိပ်ဓာတ်မီးထုတ်သည်။ ဆင်စွယ်ရိုးတပ် ဓား မြှောင်ကိုထုတ်ယူပြီး ခေါင်းအုံးအောက်တွင် ထားလိုက်သည်။ အိတ်ကို ပြန်ပိတ်သည်။ ဖျာနှင့် အိပ်ရာခင်းကြားတွင် အိတ်ကို ထားသည်။ ခေါင်းအုံးတစ်လုံးကို ညာဘက်ဘေးသို့ အရှည်လိုက်ချကာ အလျားနှင့်အနံဆုံရာ ခေါင်းအုံးနှစ်လုံးကြားတွင် ဓားမြှောင်ထားသည်။

ခုတင်ပေါ်တွင် လှဲသည်။ အနေရ သက်သောင့်သက်သာဖြစ်လာ၏။ နွမ်းသော ကိုယ်သည် ယခုမှပင် သက်သာရာရ၏။ စိတ်သည် တစ်ခုခုတွင် စွဲမြဲခြင်းမရှိသေး။ မနက်ဖြန်ကျလျှင် ရှာဖွေရမည့် တည်းခိုရာ။ ယုနေထိုင်ရာအိမ်။ ထိုအိမ်နှင့် ကျွမ်းဝင်သူ။ စိတ်ချအပ်သော လူယုံ ရှာရမည့်အရေး။ လိုတရသော ဆုဖြင့် ပြည့်စုံခဲ့လျှင် ယခုပင် သွားတွေ့ချင်သည်။ ယု သိစေချင်သည်။

မျက်လုံးတွေ စင်းလာ၏။ မျက်ခွံလေးလာသည်။ ဓားထားရာ ခေါင်းအုံးနှစ်လုံး ကြားတွင် လက်လျှိုလိုက်၏။ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ လမ်းတွေပေါ်တွင် နေကုန်လုနီးနီး နေခဲ့ရသော အညောင်းဒဏ်ကို ဖျဉ်းဖျဉ်းထအောင် ခံစားရသည်။ အောက်ထပ်မှ စကားပြောသံ အိပ်ရာခင်းသံတွေကို မကြားတစ်ချက် ကြား တစ်ချက်။

* * *

မျက်လုံး ဖွင့်လိုက်၏။ မှောင်နေသည်။ အလင်းပျပျမျှမရှိ။ လက်နှိပ်ဓာတ်မီးကို စမ်းသည်။ ခုတင်ခေါင်းရင်း ခေါင်းအုံးကြားတွင် တွေ့၏။ ခလုတ်ဖွင့်ကာ ဟိုသည် ထိုးကြည့်သည်။ မှန်အိမ်ကို လှမ်းထိုးသည်။ ချိတ်ကိုသာ တွေ့ရ၏။ မှန်အိမ်မရှိတော့။ ကျွန်တော် အိပ်ပျော်နေစဉ် တစ်ယောက်ယောက်လာကာ မှန်အိမ်ဖြုတ်ယူသွားဟန်တူ၏။ ဓားကို စမ်းကြည့်၏။ ရှိသည်။ ခရီးဆောင်အိတ်သည် ခေါင်းအုံးအောက်တွင်။ ရယ်ချင် စိတ်ဝင်လာသည်။ တစ္ဆေသာ ရောက်လာခဲ့လျှင် ခြောက်လှန့်ရန် မနည်း နှိုးယူရပေမည်။ လူဆိုးသူခိုး ဝင်လာခဲ့ပါက လူကို ခိုးယူခြင်းခံရမည် သေချာသည်။ လက်ပတ်နာရီကို မီးထိုးပြီး ကြည့်သည်။ သုံးနာရီခွဲပြီးပြီ။

ခလုတ်ပိတ်ပြီး အိပ်ရာမှ ထထိုင်သည်။ အိပ်ရေးမဝသေးသော်လည်း လန်းဆန်း လျက်ရှိသည်။ အောက်ထပ်သို့ ဆင်းချင်သည်။ မည်သူမျှ နိုးဟန်မရှိ။ မျက်နှာသစ်လို စိတ်၊ တပိုတပါး သွားလိုစိတ်ကို မျိုသိပ်နေရသည်။ အိပ်ပျော်နေစဉ်၌သာ ကွယ်ပျောက်

လေ့ရှိသော ဝေဒနာသည် မျက်လုံးပွင့်သည်နှင့် မဆိုင်းမတွ ပြန်ရောက်လာသည်။ ထို ဝေဒနာကို အဆပွားရာ ပွားကြောင်းတွေက ဝိုင်းရံလာသည်။ ယု၏ စကားတွေ။ ယု၏ အမူအရာတွေ။ ယု၏ စာတွေ။ ကြေကွဲနေမည့် ယု၏ မျက်နှာကို မှန်းဆကာ မြင်သည်။

"ကို ယုံမလားတော့မသိဘူး။ ကို့ကိုချစ်တဲ့အချစ်ကို ကိုလည်းသိမှာမဟုတ်ဘူး။ ပြောပြလည်း နားလည်မှာမဟုတ်ဘူး။ ယုကိုယ်တိုင်လည်း ပြောမပြတတ်ဘူးကိုရဲ့ ရင်ထဲမှာ နစ်နေအောင် ချစ်တယ်။ ကိုက ယုရဲ့အချစ်ဦး၊ ပထမဦးဆုံးချစ်သူ၊ နောက်ဆုံးချစ်သူ။ ယုမှာ အသက်ဆိုတာ ရှိနေတာနဲ့အမျှ ကို့ကိုချစ်တဲ့အချစ်ဟာ ထာဝရရှိနေမယ့်အရာပဲ။ ယု ဒါလောက်ပဲပြောတတ်တယ်"

ယု၏ စကားတို့သည် အမှောင်ထုအတွင်း၌ လင်းလင်းပြက်ပြက် ဖြစ်လာသည်။ ကျွန်တော့်အဖို့ သိစွမ်းနိုင်ခြင်းမရှိဟု သူထင်မှတ်ခဲ့သော သူ့မေတ္တာတရားကို ကျွန်တော် အမှန်ပင် သိမြင်ယုံကြည်လျက် ရှိလေသည်။ နောင် နှစ်ပေါင်းတစ်ရာကျော်တွင် ကျွန်တော့် ခန္ဓာကိုယ်သည် ကမ္ဘာမြေပေါ်တွင် တည်ရှိတော့မည်မဟုတ်။ ထိုအချိန်တွင် ရုပ်ခန္ဓာ ကင်းမဲ့စွာဖြင့် အသံပြုနိုင်သော တန်ခိုးသတ္တိ ကျွန်တော့်တွင် ရှိလေဘိမူ၊ တစ်ခွန်းပြောလိုသည်။ ယု၏ ချစ်ခြင်းတရားကို ယုံကြည်ပါကြောင်း။ ကုဋေပေါင်းများစွာသော ကာလတို့ကို လွန်သော် လွန်စေ၊ ထိုစကားကိုမူ ကျွန်တော် ပြောဝံ့၏။ ထိုစကားတစ်ခွန်း၏ နောက်တွင် ကျွန်တော့်မေတ္တာစကားကို သက်သေတိုင်တည်မည်ဖြစ်သည်။ ယုကို ချစ်သည့်အချစ်ထက် ပမာဏထုထည်ကြီးမားသော အချစ်သည် အခြားတစ်ပါးသူ၌ ဖြစ်တည်ဖွယ်မရှိဟု ကျွန်တော် သစ္စာပြုခဲ့၏။ တစ်ဘဝတာ၏ အချစ်။ ယု သတိရပေလိမ့်မည်။

"ကိုရော ယုရော ဆယ့်လေးငါးနှစ်အရွယ်တွေ မဟုတ်တော့ဘူး။ နှစ်ယောက်စလုံး အသက်နှစ်ဆယ်။ ဆယ့်ရှစ်နှစ်ဆိုရင် မဲဆန္ဒတောင် ပေးပိုင်ခွင့်ရှိပြီပဲ။ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိပြီဆိုတဲ့သဘော၊ ဟုတ်တယ်မဟုတ်လား။ ကိုတို့အိမ်ထောင်ရေးကို ကိုတို့နှစ်ယောက် သဘောဆန္ဒအရ ဆုံးဖြတ်မယ်။ ယု ကို့ကို မချစ်တော့ရင် လမ်းခွဲ။ ကိုက မချစ်တော့ရင် လမ်းခွဲ။ ဘယ် ဘေးအနှောင့်အယှက်အရမှတော့ အဝင်မခံဘူး။ ယုလည်း ဒီသဘောရှိမှာပဲ။ ယုကို ကို ဘယ်ရွေ့ဘယ်မျှ ချစ်တယ်လို့ ခု မပြောချင်ပါဘူး။ အချိန်ကာလဆိုတာ ကို့ရဲ့ သက်သေတော်ကြီးပါ၊ ယု စောင့်ကြည့်"

သူက မချစ်တော့၍လည်းမဟုတ်၊ ကျွန်တော်က မချစ်တော့၍လည်းမဟုတ်သော ယခုအဖြစ်တွင် ထိုစကားတွေက သူ့ အမှတ်တရ ရှိပေလိမ့်မည်။ တစ်ယောက်နှင့်တစ်ယောက် ခွဲရမည်ဟု မထင်သော်လည်း၊ နောက်ဆုံးအကြိမ်အဖြစ်နှင့် တွေ့ခဲ့ရသောနေ့က ကျွန်တော်

mgyoe.com

ပြောခဲ့သည်။

"အခြေအနေတွေကို ကို သိပ်မယုံစားတော့ဘူး။ ခုနေထက် တစ်ဆင့်တင်းကျပ်လာမယ်ဆိုရင် ယုအိမ်က စာသင်ခန်းထဲအထိ အစောင့်အကြပ်တွေ ချထားဖို့ပဲ ရှိတော့တယ်။ ယုအဒေါ်တွေ အစ်မတွေက အားလပ်နေတဲ့သူတွေပဲ။ စာသင်ခန်းထဲအထိ လိုက်လာပြီး ယုရဲ့ ကိုယ်ရံတော်အနေနဲ့ နေကြဖို့ပဲ ကျန်တယ်လေ"

ယုသည် ထိုစကားကြောင့် ပြုံးခဲ့၏။ စိုးရိမ်ပြုံးဟု ကျွန်တော် သဘောပေါက်သည်။

"အဲဒီလောက်တော့ ဖြစ်လာမယ်မထင်ပါဘူးကိုရယ်"

သွေးနီရောင် နုနုပါးပါးပြေးလျက်ရှိသော ယု၏မျက်နှာသည် သောကငွေ့ဖြင့် ရှိလေသည်။ သေးသွယ်သော မျက်နှာသည် ကြောင့်ကြစိတ်ကို ကြိုးစားကာ ဖုံးကွယ်နေ၏။

"အရင်က ကျောင်းသွားကျောင်းပြန် လာကြိုတဲ့ကားက အခု ကျောင်းမှာ တစ်ချိန်လုံး။ နေ့လယ် ကျောင်းလွှတ်ရင် ကျောင်းရှေ့ကို ယုအဒေါ်ရောက်လာပြီ။ နေ့လယ်စာထမင်းဟင်းလာပို့သလိုလိုနဲ့။ တစ်ချိန်နဲ့တစ်ချိန် အကူးလေးမှာ ခုလိုတွေ့ရတာ ကို စိတ်ညစ်တယ်။ အလွန်ဆုံးမှ တစ်ချိန်ကျောင်းလစ်၊ အပေါ်ဆုံးထပ်က တစ်ခန်းခန်းမှာ သွားစကားပြော။ ကိုနဲ့ သဘောမတူဘူးဆိုတာမှာ အကြောင်းပြချက် ဘာမျှမရှိလို့ ပိုပြီး အံ့သြတယ်။

ယုက ရယ်သည်။

"သဘောမတူဘူးဆိုတဲ့စကားက အလုံလောက်ဆုံး အကြောင်းပြချက်ပဲကိုရယ်။ ဘာကြောင့်ဆိုတာ လူကြီးတွေအမြင်နဲ့ ပြောစရာ ထပ်မှမလိုတော့တာပဲ"

ပြောပြီးတော့ ယုက အားပါးတရရယ်သည်။ ပြက်ရယ်သံဖြင့် ရယ်သည်။ အဖြေပေးပုံကို သဘောကျ၍ ကျွန်တော်ရယ်ပစ်လိုက်၏။ မှန်ပြတင်းတွေကတစ်ဆင့် မြင်ရသော အင်းလျားကန် ရေမျက်နှာပြင်၏ တည်ငြိမ်ခြင်းမျိုးလောက်သာ တည်ငြိမ်သောစိတ်ဖြင့် ရယ်ခဲ့သည်။ အမှောင်ထဲတွင် ရယ်သံတွေ လွင့်သွားပြန်သည်။ ယု၏ကိုယ်တွင် အစဉ်သင်းနေသော ဥရောပမွှေးရနံ့တို့ကို ဟောင်းနွမ်းနွမ်း ကျောင်းသစ်မ်းနံ့က ဖယ်ရှားလျက်ရှိလေသည်။

mgyoe.com

mgyoe.com

# (၄)

စောစောတုန်းက ဂိတ်လာထိုးတာ တွေ့သေးတယ်ဟု ကားဆရာတစ်ယောက်က ဖြေ၏။ ဂါလန်ပုံးဖြင့် ဆီထည့်နေသူတစ်ယောက်က ကားဆရာကို မေးသည်။ ဘယ်သူလဲဗျဟူသော အမေးနှင့် မရှေးမနှောင်း ကိုနွံအောင်ကိုပါဟု ကျွန်တော်ဝင်ဖြေသည်။ ဆီထည့်နေသူက သွားပြီ၊ အော်ဒါရလို့ လိုက်သွားတယ်။ သန်ဘက်ခါမှ ပြန်လာမယ်ဟု လှည့်ကြည့်ပြီး ဖြေသည်။ ကျွန်တော် စိတ်ပျက်သွားလေသည်။ ကားဂိတ်မှ ထွက်လာချိန်တွင် ခြေကို မည်သည့်အရပ်သို့ လှည့်ရမည်မသိ။ သန်ဘက်ခါမတိုင်မီအထိ အဘယ်အရပ်ဒေသတွင် မိမိကိုယ်မိမိ သွားရောက် ပစ်ထားရမည်နည်း။ ထိုင်ခဲ့သော လက်ဖက်ရည်ဆိုင်သို့ တစ်ခေါက်ပြန်ပြီး ထိုင်ရန် ဝန်လေးနေ၏။ ထမင်းဆိုင်သို့သွားရန် စောလည်း စောနေသေးသည်။ ထို့ပြင် ဆိုင်သစ်တစ်ဆိုင်ရှာမှလည်း ဖြစ်မည်။ မနေ့ကဆိုင်ဘက်သို့ကား ခြေဦးမတည်ရဲ။ ဆိုင်ရှင်မိန်းမ၏ ဒသမမြောက် လင်ငယ်အလောင်းအလျာဟု ဆိုင်ရှင်ယောကျ်ားကြီး လက်ညှိုးထိုးမည်ကို နားမခံသာ။

စဉ်းစားမရသည့်အဆုံး လမ်းရှိသမျှ လျှောက်ပစ်လိုက်မည်ဟု ဖွဲတင်း၏။

"ဟော့လူ၊ ခဏနေပါဦးဗျ"

ကျွန်တော့်ကို လှမ်းခေါ်သည်ထင်၍ ရပ်လိုက်သည်။ ထင်သည့်အတိုင်းပင်။ အသက်လေးဆယ်ပြည့်မည် မဟုတ်သေးသော လူတစ်ယောက်။ အရပ်ငါးပေခွဲကျော်လောက် ရှိ၏။ အသားရောင်က ညိုညစ်ညစ်။ ဆံပင်တွေက ကောက်တိကောက်ကွေး။

mgyoe.com

mgyoe.com

မျက်ခုံးမွေးတို့သည် မျက်ရိုးအောက်သို့ အတော်ရောက်နေ၏။ မျက်ခုံးသည် နှာရိုးဘက်တွင် နိမ့်ကာ နားထင်ဘက်သို့ မြင့်သည်။ မေးရိုးပါးကျ ပေါ်လွင်သည်။ လက်တစ်ကမ်းအကွာသို့ အရောက်တွင် ထိုသူ ပြုံး၏။ သူ့နှုတ်ခမ်းသည် ပြာ၍ ထူသည်။

"ကိုနွံအောင်ကို ခင်ဗျား ခုနက မေးတယ်မဟုတ်လား"

ကျွန်တော် ပြုံးကာ ခေါင်းညိတ်ပြသည်။ ချဉ်စူးစူးအရက်နံ့ကို သူ့ထံမှရ၏။

"ကိုနွံအောင်နဲ့ ကျွန်တော်နဲ့က ညီအစ်ကိုအရင်းအချာတွေလိုပါပဲ။ သူ ကျောက်တွင်းကို အော်ဒါလိုက်သွားတယ်။ ခင်ဗျားအတွက် ကျွန်တော် ဘာလုပ်ပေးရမလဲ။ မနက်ဖြန် ညဆို ကျွန်တော် သူ့ဆီရောက်မယ်"

ကားဆရာတွေ စကားပြောနေစဉ်က သူ့ကို မြင်လိုက်သည်။ အကူအညီပေးမည့် စကားပြောသည့်အတွက် ကျေးဇူးတင်ကြောင်း ကျွန်တော် ဦးစွာပြောသည်။ ထို့နောက်–

"သူ မနက်ဆို ဂိတ်မှာရှိတယ်လို့ ကျွန်တော့်ကို မှာထားလို့ပါ"

"ကျွန်တော် နွံအောင်ကို ဘာပြောလိုက်ရမလဲ"

"ကိစ္စမရှိပါဘူး။ သူပြန်လာမှပဲ ကျွန်တော် တွေ့တော့မယ်"

"အရေးတကြီးကိစ္စရှိသလား"

"ဟင့်အင်း၊ မရှိပါဘူး"

ကျွန်တော်နှင့်အတူ ယှဉ်၍လျှောက်ကာ လိုက်လာသည်။ သူ့ကိုမေးရလျှင် ကောင်းမည်ထင်သည်။ တစ်ဦးတစ်ယောက်ကို သွားမေးရသည်ထက် အသိအကျွမ်းဖြစ်နေခိုက်တွင် မေးရသည်က ကောင်းသည်။ ထို့ကြောင့်–

"အိမ်လေးဘာလေး ငှားမယ့်သတင်းများ ကြားမိသလားဗျာ"

ဖာထေးရာတွေ ပြည့်နေသော သက္ကလတ် ရှပ်အင်္ကျီထူကို လက်ခေါက်တင်ရင်း–

"ကျွန်တော် စုံစမ်းပေးပါ့မယ်၊ လောလောဆယ် ငှားမယ်ကြားထားတာတော့ မရှိဘူး ခင်ဗျ"

ကျွန်တော့်မှာ တွေသွားရလေ၏။

"အခုလိုက်ပြီး စုံစမ်းလို့ မရဘူးလား"

ကွမ်းချေး အထပ်ထပ်တင်နေသော သူ့သွားတွေကို မြင်လိုက်ရ၏။ တအားကုန် သမ်းပစ်လိုက်ပြီးမှ–

"အခု ဘယ်မှာ တည်းနေလို့လဲ"

"ဘယ်မှာမှမတည်းဘူး"

mgyoe.com

သူ ခဏငိုင်နေ၏။

"မဋ္ဌုသီရိကျောင်းတိုက်မှာ သွားတည်းပါလား"

"ဘုန်းကြီးကျောင်းမှာတော့ မတည်းချင်ဘူးဗျာ။ မနေ့ညက ဘုန်းကြီးကျောင်းမှာ တည်းခဲ့တယ်။ အားနာတယ်"

"ဘယ်ကျောင်းလဲ"

"ကျောင်းနာမည်တော့ မသိဘူး။ စစ်တပ်ဝင်းကို ဖြတ်ပြီးသွားရတယ်။ ဘုန်းကြီးကျောင်းအရှေ့မှာ မူလတန်းကျောင်းတစ်ကျောင်း ရှိတယ်လေ"

သူ ခေါင်းညိတ်၏။

"ဩော်... အဲဒါ မဋ္ဌုသီရိကျောင်းတိုက်မဟုတ်ဘူး။ ဗမာဘုန်းကြီးကျောင်းပဲ။ ကျွန်တော်အခုပြောတာက တိဗက်ဘုန်းကြီးကျောင်း"

"နေပါစေဗျာ။ ကိုယ့်အတွက် ဘုန်းကြီးတွေ အလုပ်ရှုပ်ရမှာ မကောင်းပါဘူး။ အိမ်တစ်လုံး ငှားနေရတာပဲ ကောင်းပါတယ်"

ချယ်ရီပင်တန်းတွေအောက်သို့ ရောက်လာသည်။ ကျွန်တော်တို့နှစ်ယောက်၏ အရိပ်သည် အနောက်ဘက်သို့ ရွေ့နေ၏။ လမ်းသွားလမ်းလာ နည်းလှသည်။ ဈေးသွားဈေးပြန် စက်ဘီးတစ်စီးတလေ ဖြတ်သွားသည်။ အနက်ရောင် အုပ်ပေါင်း၊ အင်္ကျီ၊ ခါးဝတ်ဝတ်ဆင်ထားသော အမျိုးသမီးများ၊ အမျိုးသားများကို မြင်ရ၏။

"ဒီလိုလုပ်ပါလား။ ကျွန်တော့်အိမ်မှာ တစ်ရက်နှစ်ရက်လိုက်နေ။ ပြီးတော့ အိမ်ရှာကြတာပေါ့။ ကျွန်တော့်အိမ် ကျယ်ပါတယ်။ အားနာစရာလည်း မရှိပါဘူး"

ဝမ်းသာသော်လည်း ကျွန်တော် အားနာသည်။

* * *

ဝါးဖတ်မိုးအိမ်တွေကို တွေ့ရသည်။ စနစ်တကျ အကွက်ချထားသော ရပ်ကွက်မဟုတ်။ မီးခြစ်ဘူးတွေကို ကြဲချထားသကဲ့သို့ ရှိသည်။ တစ်အိမ်နှင့်တစ်အိမ် နီးနီးကပ်ကပ်မရှိသည်မှအပ ဆောက်ထားပုံမှာ စည်းကမ်းတကျ မရှိချေ။ တချို့အိမ်က အရှေ့ဘက်၊ တချို့က အနောက်ဘက်၊ တချို့က တောင်မြောက်သို့ မျက်နှာမူသည်။ နှစ်ထပ်အိမ်၊ ပျဉ်ထောင်အိမ်ဟူ၍ သုံးလေးအိမ်သာ ရှိသည်။ အများစုမှာ သုံးပင်အိမ်။ ဘယ်ညာအဖီတစ်ဆောင် ဆွဲထားသည်။ အိမ်ရှေ့ ဖိနပ်ချွတ်အဆင့်သည် တစ်ဖီစာမျှ အနံ့ရှိသည်။ အိမ်မထက် တစ်တောင်သာသာ နိမ့်ထား၏။ အိမ်အနောက်ပိုင်းတွင် ခေါင်ဖြင့် တစ်ဆောင်

ချထား၏။ အိမ်မ အကျယ်အဝန်းသည် ဆယ့်ငါးပေ၊ ပေနှစ်ဆယ် ရှိကြသည်။ သွပ်မိုးအိမ်ဟူ၍ တစ်အိမ်၊ နှစ်အိမ်သာ တွေ့ခဲ့ရ၏။ ဝါးကပ်မိုး၊ ဝါးလုံးထက်ခြမ်းခွဲ အမှောက်အလှန်မိုးသော အိမ်က ပို၍များ၏။ ဖက်မိုးအိမ် အနည်းအကျဉ်းရှိသည်။ အခင်းအကာမှာ ဝါးထရံ၊ ဝါးခြမ်း။ အိမ်တိုင်တို့မှာ မျှောတိုင်လုံးငယ်၊ ခွဲသစ်နှင့် ဝါးလုံးများ ဖြစ်လေသည်။ အမြင်ဆန်းသည်နှင့်အမျှ ကျွန်တော့်မျက်လုံးသည် မစူးစမ်းမနေနိုင်။ ဧည့်လူစိမ်း အရောက်အပေါက် အဝင်အထွက် နည်းသောကြောင့် ဖြစ်မည်။ ကျွန်တော့်ကို အထူးတဆန်း လှည့်ကြည့်ကြသည်။ လှမ်းကြည့်ကြသည်။ အိမ်ထဲမှ ခေါင်းပြူကာ ကြည့်ကြသည်။

"သူစိမ်းတစ်ယောက် ရွာထဲဝင်လာရင် အဲသလို ကြည့်ကြတာပဲဗျ"

ယခုမှ သတိရ၏။ သူ့ကို စကားပြောရာတွင် ကျွန်တော် ထစ်နေသည်။ သူ့အမည် မသိ။

"ခင်ဗျားအိမ်ကို ကျွန်တော် လိုက်လာရတာတော့ ဟုတ်ပါပြီ။ ဘယ်သူ့အိမ်မှာ တည်းသလဲလို့မေးရင် ကျွန်တော် ဘယ်လိုဖြေရမလဲ"

သူ မျက်ခုံးပင့်ကာ–

"ဟုတ်သားပဲ။ ကျွန်တော့်နာမည် ခွမ်လာဂမ် တင်အုန်း။ ခွမ်လာဂမ်လို့ခေါ်လည်း ရပါတယ်"

"ကျွန်တော့်နာမည် ဌေးလွင်ပါ"

"ကိုဌေးလွင်က ဘယ်မှာ အလုပ်လုပ်သလဲ"

"ကျွန်တော် ကျောင်းသားပါ၊ ကိုခွမ်လာဂမ်"

သူ့အမည် အခေါ်မမှားအောင် မနည်း သတိထားရသည်။

"ကောလိပ်မှာ တက်နေတာလား"

"ကျွန်တော် ရန်ကုန်တက္ကသိုလ်ကပါ"

"အား... အဝေးကြီးပါလား။ နည်းတဲ့ခရီးမှ မဟုတ်ဘဲ။ ဒီကို ဘာကိစ္စနဲ့ လာတာလဲ ကိုဌေးလွင်"

"လေ့လာရေးကိစ္စအတွက်ပါ"

ဆီထိခြင်းမရှိခဲ့သော ဆံပင်တွေကို လက်ချောင်းတွေဖြင့် ဖြီးကာ သပ်သည်။

"ကိုခွမ်လာဂမ်က အိမ်ထောင်သည်ထင်တယ်"

"ကလေးသုံးယောက်ရှိတယ်"

"ဘယ်အရွယ်တွေ ရောက်ပြီလဲ"

mgyoe.com

"အကြီးဆုံးက ဆယ့်နှစ်နှစ်၊ နို့ညှာက ကိုးနှစ်။ သူတို့က ယောကျ်ားလေးတွေ။ အငယ်မ ခုနစ်နှစ်"

"အငယ်ဆုံးက နှစ်တန်းကျောင်းသူ ဖြစ်နေရောပေါ့"

"ဟင့်အင်း၊ သူတို့ကို ကျွန်တော် ကျောင်းမထားဘူး"

အံ့အားသင့်ရသည်။ မူလတန်းအောင်သည်အထိ မထားမဖြစ်ဟု ကျွန်တော် နားလည်သည်။

"မူလတန်းပညာမသင်ဘဲ နေလို့ ဘယ်ရမလဲ"

"ရပါတယ်၊ ထားကြည့်တယ်။ ကလေးတွေ မပျော်ကြဘူးလေဗျာ။ ပြီးတော့ ကျောင်းထားရမယ်လို့ ပြောတဲ့သူတွေကို ကလေးတွေ ကျောင်းတက်နေတုန်း ထမင်းစားဖို့၊ အဝတ်ဝတ်ဖို့၊ မုန့်ဖိုး ခင်ဗျားတို့ တာဝန်ယူ မွေးစားထား၊ ကျွန်တော် မတတ်နိုင်ဘူးလို့ ခွစကား ပြောပစ်လိုက်တယ်။ ကလေးတွေကလည်း ကျောင်းမတက်လိုက် တက်လိုက်နဲ့ ဆိုတော့ ပြီးသွားတာပါပဲဗျာ။ ကျောင်းထားမယ့်အစား အလုပ်လုပ်ခိုင်းတာကမှ ပိုက်ဆံ ရသေးတယ်။ ဘာလုပ်မလဲ"

ကျွန်တော် ပို၍ အံ့အားသင့်ရသည်။ တန်ဖိုးမရှိသော စကားတွေကို ပြောနေသေးသူ ရှိသေးသည်ဟု သိလိုက်ရ၏။ သူ့စကားကို မနှစ်သက်သော်လည်း အတိုက်အခံစကား မပြောမိရန် ချုပ်ထိန်းထားရသည်။ သူ သဘောပေါက်အောင် ပြောရင်း ပြောရင်းနှင့် သူ သဘောမပေါက်သည်ထက် မပေါက်လာလျှင် ငြင်းပွဲ ဖြစ်ရချေမည်။ ထိုမှ သူ စိတ်ကွက် သွားလျှင် မဖြစ်။ တည်းခိုနေထိုင်ရေး ကိစ္စအတွက် သူနှင့်အတူ လိုက်လာခြင်းဟုသာ သဘောထားရသည်။ ပညာရေးကိစ္စအတွက် နောင် အလျဉ်းသင့်မှ ဆွေးနွေးရန် စိတ်ဖျောက် ရလေ၏။ ပြန်မပြောခြင်းဖြင့် စကားပြတ်အောင် ပြုသည်။ နှစ်ခြိကျော် သုံးခြိနီးပါး လျှောက်လာပြီးနောက်–

"ကျွန်တော်တို့က ဆင်းရဲသားတွေ ကိုဋ္ဌေးလွင်။ အစားအသောက် အနေအထိုင် တော့ ခင်ဗျား ကသိကအောက်ဖြစ်မှာပဲ။ ဒီအတွက် အားနာတယ်ဗျာ"

ကျွန်တော် ပြုံးသည်။ ခေါင်းခါပြသည်။

"ကိစ္စမရှိပါဘူး ကိုခွမ်လာဂမ်။ ကျွန်တော်က ပြန်ပြီး အားနာရမှာပါ။ ကျွန်တော့် အတွက် ခင်ဗျားမှာ ဒုက္ခပိုသလို ဖြစ်နေလို့"

* * *

mgyoe.com

mgyee.com

"ညြှသည် ဟုတ်လား။ ရှင့်လုပ်စာ ဘာရှိလို့ အိမ်ပေါ် ညြှသည်ခေါ်လာရတာလဲ"

အော်ကျယ်ဟစ်ကျယ် လှမ်းပြောသံသည် မီးဖိုဆောင်ထဲမှ ထွက်လာ၏။ ကျွန်တော် မျက်နှာပျက်သွားသည်။ မျက်နှာ အပူရှိန်းရှိန်းထ၍ လာ၏။ ကိုခွမ်လာဂမ်က မီးဖိုဆောင်ဘက်သို့ လှမ်းကြည့်နေ၏။ ကျွန်တော်နှင့် မျက်နှာချင်းမဆိုင်။ ကိုခွမ်လာဂမ်က အော်ပြော၏။

"သောက်ကောင်မ၊ သောက်စကားကို သောက်ရမ်းပြောတယ်။ ငါ့သူငယ်ချင်းတွေ မဟုတ်ဘူး။ ရန်ကုန်ကညြှသည်။ အိမ်ရှေ့ထွက်ကြည့်ဦး"

သူ့အမျိုးသမီးက မီးဖိုဆောင်ထဲမှပင် လှမ်းပြောသည်။

"တော်စမ်းပါ၊ ရှင်လို အလုပ်တစ်ခု မည်မည်ရရမလုပ်ဘဲ အချိန်ရှိသရွေ့ အရက်မူးနေတဲ့သူမှာ ရန်ကုန်က ညြှသည်မိတ်ဆွေရှိတယ်ဆိုတာ ခွေးပဲယုံမယ်"

သူ ဒေါပွလာဟန်တူ၏။ တစ်ခါထပ်ပြောရန် နှုတ်ခမ်းပြင်သည်။

"အပြင်ထွက်ကြည့်ပြီးမှ စကားပြောဟ"

တစ်စုံတစ်ခု မသံ ရွေ့သံနှင့်အတူ-

"တော်စမ်းပါ၊ ဘယ်သူလိုက်လာလဲ။ စုလတန်လား၊ ဟုတ်ကျင်လား၊ အောင်မြတ်စိန်ကျော်လား။ အရက်သမားတွေဆိုရင် ကျုပ်အိမ်ပေါ် ခေါ်တင်မလာနဲ့။ ကျုပ်နဲ့ ကလေးတွေ ရှာကျွေးနေတာကို ရှင် အေးအေးမစားဘူး။ ရှင် ကျုပ်တို့ကို စိတ်မချမ်းသာအောင် အမြဲလုပ်နေတယ်။ ပြီးတော့ ကျောက်စိမ်းဂျပိုးတွေနဲ့ပေါင်းပြီး နေ့သူဌေး ဖြစ်တော့မလိုလို ညသူဌေး ဖြစ်တော့မလိုလို စိတ်ကူးယဉ်ချင်ရင် ဒီအိမ်ပေါ်ကဆင်းပြီးယဉ်။ မေးတာ မြန်းတာလည်း ကျုပ်တို့သားအမိတစ်တွေ မခံနိုင်ဘူး။ ဖမ်းတာဆီးတာလည်း မခံနိုင်..."

ကြမ်းခင်းကြွသံ ကျွိကျွိရပ်သွား၏။ မီးဖိုဆောင်မှအထွက်တွင် ကျွန်တော့်ကိုမြင်၏။ သူ့အမျိုးသမီးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ အတန်ကြာမျှ ကျွန်တော့်ကို စေ့စေ့ကြည့်နေ၏။ ထို့နောက်-

"ဩော်... တကယ့်ညြှသည်ကိုး။ ကျွန်မက သူ့ဟာတွေ မူးပြီး လိုက်လာတယ်ထင်လို့ ပြောမိတာ"

အိမ်ပေါ်မှ ဆင်းသွားချင်သောစိတ်သည် အမျိုးသမီး၏ အားတုံ့အားနာ စကားကြောင့် ပြေတန်သည်လောက် ပြေသွားလေ၏။ အိမ်ရှေ့သို့ ထွက်လာသည်။ ခြေလှမ်းလိုက်တိုင်း ကြမ်းက မြည်သည်။ အသားအရေ ကြမ်းကြမ်း၊ ခက်မာသော ရုပ်သွင်ဏှာန်ဟု

 mgyoe.com 

ကျွန်တော် မမြင်မီက ထင်ခဲ့သည်။ မဟုတ်။ ကိုယ်လုံးကိုယ်ပေါက် ပြေပြစ်အချိုးကျသည်။ ချောမောလှပသော အမျိုးသမီး။ နှစ်ဆယ့်ခုနစ် နှစ်ဆယ့်ရှစ်နှစ်မျှသာ ရှိပေလိမ့်မည်။ မျက်ခွံမို့သည်မှလွဲလျှင် မျက်နှာကျလှသည်။ ကိုခွမ်လာဂမ်နှင့် တွဲ၍လျှောက်လျှင် ဇနီးမောင်နှံဟု ထင်ဖွယ်မရှိ။

"သူက ကိုဌေးလွင်။ ရန်ကုန်တက္ကသိုလ်က ကျောင်းသား။ အိမ်ငှားဖို့ လိုက်ရှာရင်း ငါနဲ့တွေ့တာ။ နွံအောင်ရဲ့မိတ်ဆွေ။ နွံအောင်က ကျောက်တွင်းကို အော်ဒါလိုက်သွားလို့ သူနဲ့မတွေ့ဘူး ဖြစ်သွားတယ်လေ။ ဒီမှာ တစ်ရက်နှစ်ရက်နေပြီး အိမ်ရှာမယ်"

ကျွန်တော်တို့ထိုင်နေသောနေရာနှင့် မလှမ်းမကမ်းတွင် အမျိုးသမီးလာထိုင်၏။ ကျွန်တော့်ကို ပြုံးကာ သြော်... ဟု ခေါင်းညိတ်၏။ ကျွန်တော် ပြုံးလိုက်သည်။

"အိမ်မရခင် နေပါ။ ကျွန်မတို့ အားနာပါတယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

ကိုခွမ်လာဂမ်က ဝင်ပြောသည်။

"ကျွန်တော့်မိန်းမနာမည်က ရှင်မင်း၊ မရှင်မင်း"

"ဟုတ်ကဲ့ခင်ဗျ"

အမျိုးသမီးက ကျွန်တော့်ကိုမေး၏။

"မနက်စာ စားပြီးပြီလား"

အားနာသောကြောင့် ခေါင်းကို အရင်ညိတ်ပြီး–

"ဟုတ်ကဲ့၊ ပြီးပါပြီ ဒေါ်ရှင်မင်း"

"ဒေါ်မတပ်ပါနဲ့။ ကျွန်မအသက် သိပ်ကြီးသွားမယ်။ ကျွန်မ နှစ်ဆယ့်ခွန်ပဲ ရှိသေးတယ်"

ပြုံးရယ်၍ပြောသည်။ သြော်... ဟုတ်ကဲ့ လိုက်ရသည်။ ကိုခွမ်လာဂမ်က တဟားဟားရယ်ပြီး–

"မင်း ငါ့ထက် ဆယ့်ငါးနှစ်လောက်ငယ်တာ တစ်ရွာလုံးသိပါတယ်။ ဩသည်ရှေ့မှာ ကြွားနေပြန်ပြီ"

ကျွန်တော် ရယ်မောနေလိုက်၏။ စိတ်သက်သာရာ ရလာသည်။ တည်းခိုရေးဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ပြုတ်ကျသွားသကဲ့သို့ ပေါ့ပါးလာ၏။ ပြောမည်ကြံထားသော စကားကို ပြောလိုက်သည်။

"ဒီလိုလုပ်ပါလား မရှင်မင်း၊ ကိုခွမ်လာဂမ်ရောပေါ့ဗျာ"

mgyoe.com

mgyoe.com

နှစ်ယောက်စလုံးက ကျွန်တော့်ကိုကြည့်သည်။

"ခင်ဗျားတို့ဓလေ့နဲ့ အခု ကျွန်တော်ပြောမယ့်စကားနဲ့ ဆန့်ကျင်ဘက် ဖြစ်ချင်ဖြစ်သွားမယ်။ ဒါပေမဲ့ နှစ်ဖက်အဆင်ပြေအောင် ကျွန်တော် စီစဉ်တဲ့သဘောမို့ မငြင်းစေချင်ဘူး။ အိမ်ငှားလို့ လွယ်လွယ်နဲ့ ရချင်ရမယ်။ မရချင်မရဘူး။ တစ်ပတ်ကြာချင်ကြာမယ်၊ နှစ်ပတ်ကြာမှ ရချင်ရမယ်။ ကျွန်တော် ဒီမှာ တစ်ပတ်နေတယ်ပဲဖြစ်ဖြစ်၊ နှစ်ရက်သုံးရက်ပဲ ဖြစ်ဖြစ်ပေါ့ဗျာ။ တစ်ပတ်အတွက် ကျွန်တော် တစ်ရာပေးပါရစေဗျာ"

"အို... မဟုတ်တာရှင်"

"မဟုတ်သေးဘူး မရှင်မင်း၊ ဧည့်သည်တစ်ယောက်ရဲ့တာဝန်ဟာ အိမ်ရှင်မှာ ကြီးလှပါတယ်ဗျာ။ အိမ်ရှင်ရော၊ ဧည့်သည်ပါ နှစ်ဖက် စိတ်သက်သာရာရစေတဲ့ ဒီလမ်းကို ခင်ဗျား လက်ခံပါဗျာ။ ဟုတ်တယ်မဟုတ်လား ကိုခွမ်လာဂမ်"

ကိုခွမ်လာဂမ်က တွေ၍နေသေးသည်။ ထို့ကြောင့် တိုက်ပုံအတွင်းအိတ်ထဲမှ အစိတ်တန်လေးရွက်ကို ဆွဲထုတ်ကာ မရှင်မင်းလက်ထဲသို့ ထည့်လိုက်သည်။ အမျိုးအမည် မကွဲပြားသော အကြည့်ဖြင့် ကျွန်တော့်ကို မရှင်မင်း ကြည့်သည်။ ကိုခွမ်လာဂမ်က "အင်းလေ... နှစ်ဖက်စလုံး အားမနာရတော့ဘူးပေါ့လေ" ဟု မရှင်မင်း၏ လက်ထဲရှိ ငွေစက္ကူကိုကြည့်ပြီး လေးလေးပင်ပင် ပြော၏။ "ဟုတ်ပါတယ်၊ ဒီသဘောပါပဲ" ဟု ကျွန်တော် ပြောလိုက်သည်။ သုံးယောက်စလုံး ငြိမ်သက်နေစဉ် ကျွန်တော့်တွင် တွေးတော စရာတွေ ဖြစ်လာသည်။ ရိုင်းများ ရိုင်းသွားချေပြီလားဟု ထင့်သည်။ အိမ်ရှင်ကို ထမင်းစရိတ်၊ တည်းစရိတ်ပေး၍ နေထိုင်စားသောက်ရခြင်းမှာ ယဉ်ကျေးမှုအရ တစ်မျိုးဖြစ်နေသည်။ မိတ်ဆွေနှစ်ဦး၏ ဆက်ဆံရေးမျိုးထက် တည်းခိုခန်း လူမှုဆက်ဆံရေး အနေအထားဘက်သို့ ယိမ်းနေ၏။ မယိမ်းလျှင်လည်း မဖြစ်။ သူတို့အနေအထားသည် ကျွန်တော့်အမြင်။ ပြဿနာမှာ အနေအထား။ နွမ်းပါးမှန်းသိပါလျက် စားသောပါးစပ်ဖြင့်သာ တည်းခိုရမည်မှာ ဝန်လေးဖွယ်ရာ။

"အဲဒီအထဲက အစိတ်ကို ငါ့ပေး"

အပြောနှင့် လက်အလှုပ်မှာ လက်အလှုပ်ကပင် အရင်ဦးနေပေသည်။ နှစ်ရွက် ထပ်ကာ ပါသွားသော အစိတ်တန်ကို မရှင်မင်းအား တစ်ရွက် ပြန်ပေးပြီး–

"ကလေးတွေကော ဘယ်သွားနေကြလဲ"

မရှင်မင်း၏ မျက်နှာပေါ်မှာ မနှစ်မသက် အငွေ့အသက်တွေ။ အစိတ်တန်တစ်ရွက်ကို ပြန်ယူရင်း မျက်မှောင်တစ်ချက် ချီသည်။

mgyoe.com

"ထင်းလှည်း သွားတွန်းကြတယ်။ ရှင် မေးဖော်ရသေးသားပဲ။ အဲဒီအစိတ်က ဘာလုပ်ဖို့လဲ"

ကိုခွမ်လာဂမ် ပြုံး၏။

"ကိုဌေးလွင်ကို ဧည့်ခံဖို့ ငါယူတာ"

အဓိပ္ပာယ်ကို ကျွန်တော် နားမလည်။ ကိုခွမ်လာဂမ် ထိုင်ရာမှ ထလေသည်။

* * *

ဆယ့်တစ်နာရီ ထိုးသည်အထိ ကိုခွမ်လာဂမ် ပြန်မလာ။ ထမင်းဟင်း ကျက်ပုံမရ။ ထို့ကြောင့် ကျွန်တော် ဒီနားခဏ သွားဦးမယ်ဟုပြောကာ ထွက်လာခဲ့သည်။ ဗိုက်ထဲတွင် ဟာနေ၏။ ဈေးသို့ရောက်အောင် အတော် လျှောက်ရဦးမည်။ လမ်းထိပ်တွင် အသင့်တွေ့ရသော ဆိုက်ကားကို လှမ်းတားလိုက်၏။ ဈေးကို နင်းဗျာဟုပြောပြီး တက်ထိုင်သည်။ ဓာတ်တိုင် တစ်တိုင်၊ နှစ်တိုင် နင်းလာပြီးနောက်–

"ဈေး ဘယ်နားကိုပို့ရမလဲ"

"ထမင်းဆိုင်တစ်ဆိုင်ဆိုင်ပေါ့ဗျာ"

နင်းရင်းနှင့် လှည့်ကြည့်သည်။

"ဗမာဆိုင်လား၊ တရုတ်ဆိုင်လားဆရာ"

"ဗမာထမင်းဟင်း ကောင်းကောင်းရောင်းတဲ့ဆိုင်သာ ပို့ပေးဗျာ"

ကုန်းတက်ဖြစ်၍ ထိုင်ခုံမှကြွကာ နင်းသည်။ ကုန်းထိပ်သို့ ရောက်သောအခါ အရှိန်နှေးသွား၏။ ရှည်လျားသော ကုန်းဆင်းလမ်းပေါ်သို့ ရောက်လာ၏။ ထိုင်ခုံတွင် ပြန်ထိုင်ပြီး နင်းသည်။ ရောက်ခါစက ဆိုက်ကားတွေကို အထူးတဆန်း ကြည့်မိသည်။ ထိုင်ခုံကျောချင်းကပ်၏ အထက်တွင် ဆန့်နိုင် ခေါက်နိုင်သော ပတ္တူအမိုး။ လက်ကိုင်ထက်တွင် ရေဒီယိုကက်ဆက် တပ်ထားသည်။ နောက်ကြည့်မှန်၊ ရှေ့မီး နောက်မီး အချက်ပြမီးများနှင့်။ ဖိတ်ဖိတ်လဲ့လဲ့။ တစ်စီးနှင့်တစ်စီး အလှအပ ပြိုင်နေသည်။

"ဗမာထမင်းဟင်းဆိုင်မှာဆိုရင် သိပ်ကုန်မှာပဲ"

"ဒါပေါ့ဗျာ၊ အစစအရာရာ ဈေးကြီးတော့ ထမင်းဟင်းလည်း ဈေးကြီးမှာပေါ့"

"တစ်ခါတလေ ကျွန်တော်တို့စားရင် တစ်နပ် သုံးဆယ်လောက်ကုန်တယ်။ ကျွန်တော်တို့က အစားလည်းကြီးတာကိုး။ ပုံမှန်စားတယ်ဆိုရင် နှစ်ဆယ်နဲ့ အစိတ်ကြားပဲ"

ခေါက်ဆွဲတစ်ပွဲကို ဆယ့်နှစ်ကျပ်ပေး၍ စားခဲ့ရသော မနေ့က အတွေ့အကြုံအရ

mgyoe.com

ထမင်းတစ်နပ်အတွက် ကုန်ကျစရိတ်ကို မှန်းမိခဲ့သည်။ ဆိုက်ကားဆရာပြောသလောက် အထိကား မထင်ခဲ့။

"မစားဘဲမနေနိုင်တော့လည်း ကျသလောက်တော့ ပေးရမှာပေါ့ဗျာ"

"အေးဗျာ၊ အဲသလိုတွေးတော့လည်း ထိုက်တန်သလိုပဲ။ အရာရာ အားကြီး ရှားပါးတယ်ဗျာ။ တခြားမကြည့်နဲ့ စပုတ်တိုင်တစ်ချောင်း နှစ်ကျပ်ခွဲဗျ။ ဒီတော့ ကျွန်တော်တို့က ခရီးသည်ကို ငဲ့ချင်ပါရဲ့ မငဲ့နိုင်တော့ဘူး။ ဘယ်သွားသွား ငါးကျပ်။ ဆိုက်ကားပေါ်ရောက် ရင် ငါးကျပ်။ ကျွန်တော့်အိမ်စရိတ်က မနည်းဘူးလေဗျာ။ လူကြီးသုံးယောက် ကလေး ငါးယောက်။ ဒီရှစ်ယောက်အတွက် ချွေတာစားရတာ။ ဒါတောင် တစ်လတစ်ထောင်။ တစ်ခါတလေ တစ်ရာ တစ်ရာ့ငါးဆယ် စွန်းစွန်းသွားသေးတယ်"

"ဟုတ်ကဲ့"

"အမှန်တော့ ဒီလိုဖြစ်ရတာ လူတွေ တရားမစောင့်တော့လို့။ ပဲပုပ်သည်က ဈေး နှစ်ဆတင်တော့ ကောက်ညှင်းက နှစ်ဆ၊ ဝက်သားက နှစ်ဆ၊ ကျွန်တော်တို့က နှစ်ဆ၊ အကျီလုံချည်ရောင်းတဲ့သူက နှစ်ဆ။ ကမ္ဘာကြီးက ပျက်တော့မယ်မဟုတ်လား။ သာသနာ တစ်ဝက်ကျော်ပြီလေဗျာ။ ကပ်ဆေးတယ်ဆိုတာ မကြာတော့ဘူး။ လောဘတွေပေါ့ဗျာ"

"ဟုတ်ကဲ့"

ဟုတ်ကဲ့လိုက်ရင်း ခံတွင်းချဉ်လာသည်။ စီးကရက်ဝယ်ရန် ယခုမှ သတိရသည်။ လမ်းတစ်လျှောက်တွင် ဆေးလိပ်ဆိုင်မတွေ့ရ။

"ဆရာ့ကိုကြည့်ရတာ ဗုဒ္ဓဘာသာထင်တယ်"

ကျွန်တော် ခေါင်းညိတ်သည်။

"ဒါဆို သိပါတယ်၊ ကျွန်တော်ပြောတာကို။ အရင်းခံကတော့ လောဘတဏှာပဲ ဆရာ။ ကိုယ်ကျိုးရှာသက်သက်ချည်း များနေတာကိုး။ ရေနံမထွက်တဲ့ တိုင်းပြည်ကို ရေနံထွက်တဲ့တိုင်းပြည်က အနိုင်ကျင့်တယ်။ ဆန်မထွက်တဲ့တိုင်းပြည်ကို ဆန်ထွက်တဲ့ တိုင်းပြည်က အနိုင်ကျင့်တယ်။ လုပ်နေကြတာတွေ၊ လုပ်နေကြတာတွေ။ ဝိသမ လောဘ တွေပေါ့ဆရာ"

"ဟုတ်ကဲ့၊ ဒါထက် ဘုံကျောင်းရပ်ဆိုတာ ဘယ်နားမှာလဲခင်ဗျ"

ယုရှိရာရပ်ကွက်ကို ကျွန်တော် အာရုံရောက်နေသည်။

"ဒီနားတွင်ပါ။ အဲသလို မနိုင်နိုင်ရာ ကိုင်တဲ့စိတ်နဲ့ တစ်ပြည်ကို တစ်ပြည်က တိုက်ကြခိုက်ကြ၊ သေကြကြေကြနဲ့။ တရားရစရာပဲဆရာရေ့။ သာသနာတစ်ဝက် လွန်

mgyoe.com

mgyoe.com

တော့ မင်းကောင်းမင်းမြတ်ပေါ်ပါပြီ။ ဆရာ စောင့်ကြည့်။ အစ္စရေးက တွယ်ထည့်လိုက်တာ အာရပ်တွေ အတော် ကျောကော့သွားတယ်နော်"

"ဟုတ်ကဲ့၊ စစ်ရေးဆိုတာ တော်တော် ပရိယာယ်ကြွယ်ရတာကိုး။ ခုန ဘုံကျောင်းရပ်ဆိုတာ ဘယ်လောက်ဝေးလဲ"

"တစ်ခေါ်လောက်ပါ။ ကျွန်တော်တို့ငယ်ငယ်က ဆရာဘုန်းကြီး မိန့်တော်မူတဲ့စကားက သိပ်မှန်တယ်။ ယက်သဲ့ကြား ငါးတင်၊ တင်သည့်ငါး ကြောင်စားတဲ့။ ရတနာသုံးပါးကို နာနာဆည်းကပ်မှဖြစ်မယ်။ ကျွန်တော်ဖြင့်ဗျာ လောကကြီးကို ကြည့်ကြည့်ပြီး ကြောက်လာတယ်။ ပါးစပ်တစ်ပေါက်အတွက် လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ ဖိစီးလို့။ သေတော့ ကိုယ်နဲ့ပါတာ ဘာရှိလဲ။ အကျင့်သီလပဲရှိတယ်။ သံဝေဂ ရမိပါရဲ့ဗျာ"

"ဈေးနဲ့ ဘယ်လောက်ဝေးသလဲဟင်"

စကားဖြတ်ပြီး မေးလိုက်သောကြောင့် သူ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ နားမလည်စွာ ပြန်မေးသည်။

"ဘာကိုလဲဆရာ"

"ဩော်... ဘုံကျောင်းရပ်ကွက်နဲ့ ဈေးနဲ့ပြောတာပါ"

သဘောပေါက်သွားဟန်နှင့် ခေါင်းညိတ်သည်။

"ဈေးနဲ့ သိပ်မလှမ်းပါဘူး။ ခုနပြောသလိုပေါ့ဗျာ။ ကပ်ကြီးသုံးပါးဖြစ်ရတဲ့ အကြောင်းရင်းထဲမှာ ငါတည်းဟူသော မာန်မာနက အဓိကကိုး"

လူလတ်ပိုင်းမျှသာ ရှိသေးသော်လည်း ဆိုက်ကားဆရာ၏ အပြောအဆိုမှာ တရားဓမ္မသံအပြည့် လွှမ်းသည်ချည်း။ သူ့အသံသည် ကြဲ့လို့သေးကွေးသော ကိုယ်ခန္ဓာနှင့် မလိုက်အောင် ကြီးလှသည်။ ဆိုက်ကားကို မနင်း။ အဆင်းအတိုင်း လျှောထား၏။ သူ စကားခဏ ဖြတ်ထားချိန်တွင် မိုးမခစံအိမ်အကြောင်း မေးရကောင်း၊ မကောင်း ကျွန်တော် ဆလျက် ရှိ၏။

"ဒီဌ ခြောက်ဆယ့်..."

"ဘုံကျောင်းရပ်ကွက်...."

သူ့စကားအစ၊ ကျွန်တော် အမေး။ စကားဆိုင်သွားသောကြောင့် ကျွန်တော် ရပ်သည်။ သူသည် ကျွန်တော့်နည်းတူ။ ပြိုင်တူ ပြုံးမိကြလေသည်။ ကျွန်တော် ဦးအောင် ပြောသည်။

"ဘုံကျောင်းရပ်လို့ခေါ်တာ တရုတ်ဘုံကျောင်းရှိလို့ ခေါ်တာထင်တယ်"

mgyoe.com

mgyoe.com

သူ ရယ်သည်။ ခေါင်းခါ၏။

"အဲဒီရပ်ကွက်မှာ ဟိန္ဒူဘုရားရှိခိုးကျောင်းရယ်၊ မဟာမေဒင် ဗလီရယ်ပဲရှိတယ်။ တရုတ်ဘုံကျောင်းရှိဖို့ နေနေသာသာ တရုတ်ကုန်စုံဆိုင်တောင် မရှိဘူး"

အံ့သြစွာ ပြုံးမိသည်။

"ဘယ်လိုလုပ်ပြီး အဲဒီနာမည် ဖြစ်လာသလဲ မသိဘူးဗျနော်"

"ဟာ... ဆရာ့နှယ် ဒီလို ခွကျကျတွေ အများကြီးရယ်။ ခေါ်တော့ ဝက်စုတဲ့။ ဝက်မွေးတဲ့သူလည်းမရှိဘူး။ နေတော့ ကုလားတွေချည်း။ အခု ဆရာထွက်လာတဲ့ ရပ်ကွက်ကခေါ်တော့ သူဌေးရွာရပ်ကွက်တဲ့။ ဒီမြို့မှာ အဆင်းရဲဆုံး။ မြို့ထိပ်က ကျွဲတဲ ရပ်ကွက်ဆိုတာကော တိုက်တွေမှ ဟီးနေတာ လူချမ်းသာချည်းပဲ။ လောကကြီးက တကယ့် ကိုးလိုးကန့်လန့်"

ရှေ့တူရူမှ အရှိန်ပြင်းစွာ မောင်းလာသော ဒတ်ဆန်းကားကို တင်ကြိုရှောင်သည့် အနေဖြင့် လမ်းဘေးဘက်သို့ ဆင်းသည်။ ကားသည် ဝှီးခနဲဖြတ်သွား၏။ လှည့်ကြည့် သည်။ နောက်ခန်းထဲမှာ မိန်းကလေးနှစ်ယောက်။

"ဒါထက် ခုန ဘုံကျောင်းရပ်ထဲက မိုးမခစံအိမ်ဆိုတာ ကြားဖူးလား"

"ကြားဖူးတာတင် ဘယ်ကမလဲ။ ခုနဖြတ်သွားတာ အဲဒီအိမ်ကကားပေါ့"

ကျွန်တော့်ကိုယ်ကျွန်တော် မကျေမနပ်ဖြစ်ရသည်။ မျက်ကြော သေလွန်းပါဘိ။ ကွဲကွဲပြားပြားမြင်ရအောင် ကြည့်ကို ကြည့်သင့်ခဲ့သည်။ နောက်ခန်းထဲတွင် ပါသွားသော မိန်းကလေးနှစ်ယောက်အနက် ဘယ်ဘက်တွင် ထိုင်နေသော မိန်းကလေးက ကျွန်တော့်ကို ကြည့်သွားသည်ထင်၏။ ယုများ ဖြစ်နေသလား။ ယုနှင့် ဆင်ဆင်တူသည်ဟု အောက်မေ့ ၏။ နောက်ပြန်ကြည့်သည်။ ကားကို မမြင်ရတော့။ ရင်ထဲမှာ လှုပ်ရှားလာ၏။ ယု ဖြစ်ခဲ့လျှင် ကျွန်တော့်ကိုမြင်မှာ သေချာသည်။ မြင်ရိုးမှန်ပါက ကားကို ရပ်ခိုင်းသင့်သည်။ သူတစ်ပါးသိမည်စိုး၍ မရပ်ခိုင်းတာလည်း ဖြစ်ချင်ဖြစ်မည်။ ရပ်ခိုင်းပြီး နှုတ်ဆက်ရင်လည်း ဖြစ်သည်။ ဌေးလွင်ဟူသောအမည်ကို သူ့ဆွေမျိုးတွေ ကြားဖူးမည်ဖြစ်သော်လည်း ငယ် နာမည် အတူးကိုမူ မကြားဖူးကြ။ ဌေးလွင်မဟုတ်သော ကျောင်းနေဖက်သူငယ်ချင်း တစ်ယောက်အနေဖြင့် လှမ်းခေါ်နှုတ်ဆက်လျှင် ဖြစ်နိုင်သည်။ ထိုမျှသော ပရိယာယ်ကို ယု မကြွယ်လေသလော။ အံ့အားသင့်လွန်းသောကြောင့် ထိုပရိယာယ်မျိုး မနိုးတတ်သည် ဖြစ်မည်။

"အဲဒီအိမ်က တော်တော်ချမ်းသာတယ်လို့ ကြားဖူးတယ်"

mgyoe.com

mgyoe.com

လမ်းပေါ်သို့ ပြန်နင်းတက်ရင်း–

"ဟာ… ချမ်းသာတာကတော့ မပြောနဲ့တော့။ ပြီးတော့ ဆွေကြီးမျိုးကြီး။ ရန်ကုန်မှာ တိုက်ကို လေးငါးလုံး။ သံရုံးတွေ အငှားချထားတယ် ကြားရတယ်။ ကလေး သားမြေးကျ တော့ နည်းလွန်းသဗျာ။ သားတစ်ယောက်၊ သမီးတစ်ယောက်။ ခုန ဒတ်ဆန်း တစ်ရာ့ နှစ်ဆယ်ပိုင်ကို မောင်းသွားတာ သားပေါ့။ ကားနောက်မှာ ထိုင်လိုက်သွားတာက အဲဒီ ကောင်လေးအောက်ပေါ့။ နှစ်ယောက်စလုံး ဘွဲ့တွေရပြီးသားပဲ"

မမျှော်လင့်လျက် သဲလွန်စတစ်စ ရလေသည်။ ရန်ကုန်မှာတုန်းက ထိုအချက် အလက်များ မသိခဲ့ရ။ ကျော်ငြိမ်း၏ စကားထဲတွင် ထိုအချက်များ မပါဝင်ခဲ့ချေ။ အိမ် ပိုင်ရှင်အမည် တိုက်ကြည့်ရန်သာ ရှိသည်။ ထို့ကြောင့်–

"မိုးမခစံအိမ် ပိုင်ရှင်တွေနဲ့ ကျွန်တော် တစ်ခါနှစ်ခါ တွေ့ဖူးတယ်။ အဘိုးကြီးရော၊ အဘွားကြီးရော တော်တော် ရည်ရည်မွန်မွန်ပဲ"

အလျဉ်းသင့်သလို မုသားသုံးလိုက်ရ၏။

"အဘိုးကြီး၊ အဘွားကြီးတော့ မဖြစ်ကြသေးပါဘူး။ ငါးဆယ်ကျော်လောက်ပဲ ရှိကြဦးမှာပါ။ အင်းပေါ့လေ၊ ဆရာတို့အရွယ်နဲ့ကတော့ အဘိုးကြီး၊ အဘွားကြီးခေါ်လို့ ရပြီပဲ"

အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်တွင်းခန့် ခန့်မှန်းပြီး ကျွန်တော် ပြောခဲ့သည် မှာ မှားပြီ။ ဆိုက်ကားဆရာ အယူကောက်ပုံ ဟန်ကျသောကြောင့် အညာမပေါ်ခဲ့သည်။

"ရန်ကုန်မှာ တွေ့ခဲ့ဖူးတာ။ နှစ်နှစ်ကျော်ပြီ။ ခု ဒီရောက်လို့ စကားစပ်မိတော့ အဘိုးကြီး အဘွားကြီးနာမည် ပြန်စဉ်းစားတာ စဉ်းစားမရတော့ဘူး။ ပါးစပ်ဖျားကလေး တွင်ပါဗျာ"

အမည်နာမမှန်လျှင် ယုကို ပို့ထားသောအိမ်မှာ ထိုအိမ်ဟု သေချာသည်။

"ကျွန်တော်တို့လည်း တစ်ခါတလေ ကြားဖူးတယ်။ ဒါပေမဲ့ ကိုယ်နဲ့ ရင်းရင်းနှီးနှီး နီးနီးစပ်စပ်မဟုတ်တော့ ဆရာ့လိုပဲ ဖြုန်းခနဲ ပေါ်မလာဘူး။ တယ်လည်း မပတ်သက်ခဲ့ ဘူး။ ကျန်ခဲ့တဲ့ သုံးလေးလကဆိုတာ အဲဒီအိမ်နဲ့ပတ်သက်ပြီး ရဲတွေရော၊ ရဲထောက်လှမ်းရေး တွေရော၊ စစ်ထောက်လှမ်းရေးရော မြို့မှာ တော်တော် အလုပ်ရှုပ်သွားတယ်။ ရန်ကုန်က အမျိုးသား ထောက်လှမ်းရေး အဖွဲ့ဝင်ဆိုသူတွေတောင် ရောက်လာတယ်လို့ သတင်းကြားရ တယ်။ အဲဒီတွင် မြို့က လူတော်တော်များများက မိုးမခစံအိမ်ကို ဖြုသွားကြတယ်ဗျ။ ဆွေရင်းမျိုးချာတွေတောင် အဝင်အထွက် တန့်သွားတယ်တဲ့"

mgyoe.com

mgyoe.com

"ဘာ... ဘာဖြစ်လို့လဲဗျ"

ဆိုက်ကားဆရာက လှည့်ကြည့်၏။ ခေါင်းကို ဦးစွာခါပြ၏။

"ဘာကြောင့်တော့ မသိဘူးဗျ။ ကျွန်တော်တို့က စုံလည်း မစုံစမ်းဘူး။ အေးအေးပဲ။ ဒီမှာက လူတွေ တော်တော်များများက ခြေချင်းလိမ်နေတာမဟုတ်လား။ ခင်ဗျား သိပါလိမ့်မယ်။ ကျွန်တော်တို့က ကိုယ်လုပ်မှ ကိုယ်စားရတဲ့သူတွေပဲဆရာ။ ဖာသာလဝါနေတာ ဘေးကင်းပါတယ်"

ပြောပြီးသောအခါ ကျွန်တော့်မျက်နှာကို လှည့်ကြည့်ပြန်သည်။ ထိုအကြည့်သည် "ခင်ဗျား သိပါလိမ့်မယ်" နှင့် တွဲနေဟန်တူ၏။ ကျွန်တော့်ကို တစ်မျိုးတစ်ဖုံ နားလည်သွားဟန်ရှိ၏။ အထိုက်အလိုက် စကားကိုပြောရန် စိတ်ကူးရ၏။

"ခင်ဗျားပြောတာအမှန်ပဲ။ ခင်ဗျားပြောပုံအရတော့ မိုးမခစံအိမ်ဟာ လူဝင်လူထွက်အတော်များပုံပဲ။ ဒီတစ်လအတွင်း ရန်ကုန်ကဧည့်သည်တွေ ရောက်လာတာများ သတိထားမိလား"

သိချင်သည့် အကြောင်းအရာ။ ယုကို မိုးမခစံအိမ်သို့ ပို့ထားသည်မှာ ဆယ့်ငါးရက်အရက်နှစ်ဆယ်ကျော်မျှ ရှိပြီဟု သိခဲ့သည်။ ထိုရက်ကို တွက်၍ မယုတ်မလွန် မှန်းကာမေးခဲ့သည်။ ဆိုက်ကားဆရာ၏ မျက်လုံးကို သည်တစ်ကြိမ် မြင်ရသည်တွင် ကျွန်တော်နောင်တရ၏။ များစွာ စောခဲ့ချေပြီ။ အဖြေရရန် မေးမြန်းခဲ့သော်လည်း ထောက်လှမ်းမေးမြန်းသောအသွင် ဖြစ်သွားခဲ့လေပြီ။

"သတိမထားမိဘူးခင်ဗျ"

ရေပိတ်စကားအဖြေ။ ထိုအဖြေ၏နောက်တွင် ဆိုက်ကားဆရာသည် ဆိုက်ကားကိုသာ အားစိုက်ကား နင်းလေသည်။ မြို့လယ်လမ်းမပေါ်သို့ ရောက်လာ၏။ စားသောက်ဆိုင်များ၊ ကုန်စုံဆိုင်များ၊ အထည်အလိပ်ဆိုင်များကို မြင်ရပေပြီ။ ကားသံ၊ ဟွန်းသံ၊ တေးသံသွင်းဆိုင်များမှ သီချင်းသံ၊ ဆိုက်ကားတချို့မှ ကက်ဆက်သံတို့က နားတွင် သဲ့သဲ့ ဝင်ရောက်လာ၏။ ဆိုက်ကားဆရာ၏ နှုတ်သည်မှု ဆိုက်ကားဆရာ၏ ကိုယ်ခန္ဓာမှ ထွက်ခွာသွားပြီဟု ထင်ရလောက်၏။ ဆက်လက်မေးမြန်းခြင်းဖြင့် အကျိုးမထူးနိုင်တော့သည်ကို သိရှိသည်။ ထို့ကြောင့် ကျွန်တော် တိတ်ဆိတ်နေသည်။ အိတ်ထဲမှ ငါးကျပ်တန်ကို ထုတ်ကာကိုင်ထားသည်။

မြောင်းကူး အုတ်တံတားကို ကျော်လာသည်။ ခေါက်ဆွဲဆိုင်၊ ပြည်တွင်းဖြစ် အရက်ဆိုင်၊ စက်ဘီးပြင်ဆိုင်၊ သမဝါယမ ကုန်မျိုးစုံဆိုင်၊ ရွှေပန်းထိမ်ဆိုင်၊ မွတ်စလင်ထမင်းဆိုင်၊

mgyoe.com

mgyoe.com

လက်ဖက်ရည်ဆိုင်၊ စတိုးဆိုင်၊ နိုင်ငံခြားအရက်ဆိုင်၊ ကားလေထိုး ကျွတ်ဖာဆိုင်၊ မြန်မာထမင်းဆိုင်၊ ဆိုက်ကားဆရာ အရှိန်လျှော့ကာ ရပ်လိုက်၏။ ဆင်းပြီး ငါးကျပ်တန်ကို ပေးလိုက်သည်။ လှမ်းယူရင်း–

"ခုနစ်ကျပ်ကျတယ်ဆရာ။ မြို့ထဲ မြို့ထဲချင်းဆို ငါးကျပ်ယူပါတယ်။ မြို့ပြင်နဲ့ မြို့ထဲကို ခုနစ်ကျပ်က ပုံမှန်ပါ။ ဆရာ ပေးချင်မှပေးပါ"

"သြော်... ဟုတ်လား။ ကျွန်တော်မသိလို့ပါ။ ပေးပါ့မယ်"

ကျပ်တန်နှစ်ရွက် ထုတ်ယူနေစဉ် လမ်းမှာ တွေ့ခဲ့ရသော ဒတ်ဆန်းကားက အနီးမှ ဖြတ်သွား၏။

* * *

လက်ဖက်ရည်ဆိုင်ထဲမှ ထသည့်အချိန်တွင် မြန်မာ့အသံမှ အင်္ဂလိပ်ပိုင်း အစီအစဉ် လာနေသည်။ နိမ့်လိုက်မြင့်လိုက် အသံလှိုင်းဖြင့် ကြားရ၏။ နေရောင်ကို ကြည်လင်စွာ မြင်ရသည်။ သို့ရာတွင် အောက်ပြည်အောက်ရွာ၏ ဆောင်းဦးနံနက်သာသာမျှ အအေးစိမ့်စ ပြုသည်။ မြို့အခင်းအကျင်းကို သိရန် တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်ကြည့်မည် စိတ်ကူး၏။ အထူးသဖြင့် ဘုံကျောင်းရပ်ကွက်ဘက်သို့ စိတ်ရောက်နေသည်။ ဈေးနှင့် နီးသည်ဟု ဆိုက်ကားဆရာ့ စကားအရ သိရ၏။ ထိုရပ်ကွက်ကို သိရပြီးနောက် ထိုအိမ်ကို သိရပြီးနောက် ယုနှင့် အဆက်အသွယ်ရပြီးနောက် ယုနှင့်အတူ တစ်နေရာရာသို့ တိမ်းရှောင် ရသည့်အခါ ကားလမ်း၊ မီးရထားဘူတာ၊ မြစ်ဆိပ်တို့ကို သိမထားလျှင် မဖြစ်။ လွတ်ရာ လွတ်ကြောင်း မမြင်သဖြင့် အကြင်လင်မယားအဖြစ်သို့ တရားဝင်အောင် ပြုရန် လိုအပ် လာပါက ရုံး၊ ရဲစခန်း တည်နေရာကို သိမှဖြစ်မည်။ မြို့နယ်ကောင်စီသို့ နှစ်ဦး အရောက် ပြေးကာ လက်ထပ်။ သို့မဟုတ် ရပ်ကွက်ရုံး။ ယုကို စောင့်ကြည့်နေသူတွ ထက်ကြပ်မကွာ လိုက်လာလျှင် အနီးဆုံး တစ်နေရာရာသို့ ဝင်ရမည်။ တပ်ရင်းရုံးသို့ဖြစ်ဖြစ် အိမ်ထောင်ရေး ခိုလှုံခွင့် တောင်းတန် တောင်းရပေတော့မည်။ ထို့ကြောင့် လမ်းပန်းအဆက်အသွယ် အနီးအဝေး၊ ဖြတ်လမ်း၊ အဆောက်အဦများကို မျက်စိကျက်ထားရပေမည်။ လမ်းအမည်၊ ရပ်ကွက်အမည်တို့ကို မသိလျှင် အချိန်းအချက်ပြုရေးတွင် ခက်ခဲချေလိမ့်မည်။

ကျွန်တော့်ခြေလှမ်းတို့သည် ပေါ့ပါးသွက်လက်လျက် ရှိလေသည်။

* * *

mgyoe.com

mgyoe.com

သတိထားပြီး ပြန်ရသည်။ အိမ်ကိုမြင်မှ မှတ်မိသည်။ အိမ်ရှေ့တွင် တွန်းလှည်းတစ်စီး ရပ်ထား၏။ အိမ်ထဲသို့ ကြည့်သောအခါ ဘုရားစင်ရှေ့တွင် ကလေးသုံးယောက် ခေါင်းချင်းဆိုင်နေ၏။ ကျွန်တော် အိမ်ပေါ်သို့ရောက်မှ သူတို့မြင်ကြသည်။ ထိုင်ရာမှ ထလိုက်ကြသည်။ ဘုရားစင်ရှေ့နားရှိ အိမ်တိုင်တွင် သံကြိုးသော့ခတ်ထားခဲ့သော ခရီးဆောင်လက်ဆွဲအိတ်သည် ထားခဲ့သည့်အတိုင်း မပျက်။ မိန်းကလေးက အိမ်ထဲသို့ ထပြေးသည်။ အကြီးဆုံးသူငယ်က အိုးတိုးအမ်းတမ်းမျက်နှာနှင့်။ အလတ်ကောင်က ပြုံးဖြီးဖြီးဖြင့် ကြည့်သည်။ သူ့လက်ထဲတွင် ကြေးနန်းကြိုး အစတစ်စ။ ကျွန်တော့်ရင်ထဲတွင် ထိတ်သွား၏။ အိတ်ကို ကျွန်တော်ထောင်သည်။ ခလုတ်နှစ်ဖက်ကို တွန်းဖွင့်သည်။ မပွင့်။ ထိုအခိုက် မရှင်မင်း၏ သြော်... ပြန်လာပြီလားဟူသောအသံ ကြားရလေသည်။ ဟုတ်ကဲ့။ ကိုခွမ်လာဂမ် ပြန်မရောက်သေးဘူးလားဟု မေးသည်။ ခေါင်းရင်းဘက် ပုဏ္ဏားကွယ်တွင် ကျောမှီကာ ကျွန်တော်ထိုင်သည်။ ထိုအချိန်တွင် မရှင်မင်းက ဟင့်အင်း မလာသေးရှင့်ဟု ဖြေသည်။ ထိုင်ကာမှ ခြေညောင်းတော့၏။ ချွေးအစို့ မရပ်သေး။ မနေ့က တစ်နေ့လုံး၊ သည်နေ့ တစ်မနက်လုံး ရေမချိုးရသေး။

"ရေက ဘယ်မှာ သွားချိုးရလဲ မရှင်မင်း"

"အိမ့်နောက်မှာ ရေစည်ရှိတယ်လေ။ ဖိုးကလုန်..."

သားအကြီးက ထူးသည်။ ရေရှိလားဟု မရှင်မင်း မေးသည်။ ရှိတယ်အမယ်ဟု သူ့သားကြီးက ဖြေ၏။ ပြီးမှ တစ်ထွာလောက်ပဲရှိတယ်ဟု ဆက်တိုက်ဖြေသည်။ ရေလှည်းသမားကို သွားပြီးမှာလေဟု မရှင်မင်းပြောသည်။ ကျွန်တော် မေးလိုက်သည်။

"ရေက ဝယ်ရတာလား"

မရှင်မင်းက ပြုံး၍ ခေါင်းညိတ်သည်။

"ဘယ်လိုဝယ်ရလဲ"

"တစ်စည် နှစ်ကျပ်ခွဲ"

မရှင်မင်း၏ ဘေးတွင် လာရပ်ကာ ကြည့်နေသူ ဖိုးကလုန်ကို ကျပ်တန်သုံးရွက် ကျွန်တော်ပေးသည်။ ဖိုးကလုန်က ပိုက်ဆံယူပြီး သူ့ညီနှင့်ညီမကို ခေါ်၏။ ကလေးနှစ်ယောက်က ကြမ်းတွေ ကျိုးမည်ထင်ရလောက်အောင် နင်းကာ ပြေးထွက်လာ၏။ ကလေးသုံးယောက် အိမ်ရှေ့သို့ အပြေးဆင်းသွားကြသည်။

"ရှင် ပိုက်ဆံ သိပ်ကုန်နေပြီနော်"

ကျွန်တော် ပြုံး၍ကြည့်ကာ နေလိုက်၏။ မည်သည့်အဖြေကမျှ အိမ်ရှင်ဖြစ်သူ

mgyoe.com

mgyoe.com

အတွက် မသင့်လျော်။

"မနက်ကပဲ ကျွန်မကို ငွေတစ်ရာ။ အခု ရေစည်ဖိုး သုံးကျပ်။ ရှင် ပိုက်ဆံ တော်တော်များများ ပါလာသလား"

ယနေ့မှတွေ့ရသော သူစိမ်းတစ်ယောက်ကို အမှန်အတိုင်းဖြေရန် ခက်သည်။

"သိပ်မကျန်တော့ဘူး။ တစ်ရာကျော်လောက်ပဲ ရှိတော့တယ်။ ကျွန်တော်က ရှေ့ပြေးလာရတာ။ နောက်တစ်ပတ်လောက်ဆိုရင် ကျောင်းက ကျွန်တော့်သူငယ်ချင်းတွေ ဒီကို ရောက်လာကြတော့မယ်။ ကျွန်တော်က တခြားကိစ္စတစ်ခုလည်းရှိလို့ ကြိုပြီး ရောက်နှင့်တာ။ သူတို့လာမှ ကျွန်တော့်အတွက် ငွေယူလာကြလိမ့်မယ်"

မီးဖိုဆောင်မှ ဟင်းနံ့သည် ဝေ့ခနဲရောက်လာ၏။ အိမ်ထမင်း၊ အိမ်ဟင်းနှင့် သုံးနပ်မျှ ကင်းကွာခဲ့ရသော ခံတွင်းသည် ဟင်းရနံ့ကို တောင့်တမိလေ၏။

"ရှင့်ဆွေမျိုး ဒီမှာ မရှိဘူးလား"

"သုံးလေးယောက်ရှိတယ်"

"သူတို့ဆီ ဘာလို့မတည်းလဲ"

"ဆွေမျိုးချင်း မခေါ်ဘူးလေ။ အသိတွေလည်း ရှိတယ်။ ဒါပေမဲ့ လွတ်လွတ်လပ်လပ်နေချင်တယ်။ ဒုက္ခမပေးချင်ဘူး။ အိမ်ငှားနေတာ အကောင်းဆုံးပဲ"

မရှင်မင်း ပြုံးသည်။ သူ့အပြုံးသည် တွေ့ခါစထက် ရင်းနှီးလာသော အသွင်ရှိ၏။ အလယ်ပုဏ္ဏားကွယ်တွင် သူထိုင်သည်။

"ရှင် အသက်ဘယ်လောက်ရှိလဲ"

"နှစ်ဆယ့်သုံး"

"အိုး... ငယ်လိုက်တာ"

"ခင်ဗျားကော အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်ခုနစ်နှစ်"

ဖြေပြီးတော့ ရယ်သည်။

"ကျွန်မ ဆယ့်ငါးနှစ်မှာ အိမ်ထောင်ကျတာ"

ထိုအသက်အရွယ်နှင့် ကလေးသုံးယောက်မိခင် ဖြစ်နေသည်ကို ကျွန်တော် မအံ့သြ။ နေပုံထိုင်ပုံက အသက် လေး၊ ငါးဆယ် သားသည်မအေကဲ့သို့ နေသည်ကိုကား မျက်စိမရှဲ။ ရေစီးကြောင်းလိုက်နေသော တက်ထရွန်အင်္ကျီ လက်စက၏ အောက်တွင် ဘာမျှမရှိ။ ပင်ကို ကျန်းမာရေးကောင်းခြင်းကြောင့် ဖြစ်မည်။ သူ့ခန္ဓာကိုယ်သည် ပြည့်ပြည့်ကျစ်ကျစ်၊
mgyoe.com

mgyoe.com

တင်းတင်းရစ်ရစ်။ သူ့မျက်လုံးသည် စူးရှသည်။ မျက်ဝန်းနက်သည် မျက်ခွံဘက်တွင် အစဉ်သဖြင့် မှေးမှေးစင်းစင်း ရှိတတ်သည်။ သူ့အကြည့်ကို ရှောင်ရင်း–

"မိုးမခစံအိမ်အကြောင်း ခင်ဗျားသိလား"

သူ ခဏတွေနေသည်။

"ဘုံကျောင်းရပ်ထဲကမဟုတ်လား"

သူ့ကို ခေါင်းညိတ်ပြလိုက်၏။

"သိတယ်လေ။ ဘာဖြစ်လို့လဲ"

အဆင်ပြေမည့်အဖြေကို စိတ်ကူးရသည်။

"ကျွန်တော့်အမေဘက်က အမျိုးအိမ်လေ။ တစ်ခေါက်မှ ကျွန်တော် မရောက်ဖူးဘူး။ သူတို့ ရန်ကုန်လာလည်း ကျွန်တော်တို့အိမ်ကို ဝင်မလာပါဘူး"

အိမ်ရှေ့ဘက်သို့ လှမ်းကြည့်ရင်း–

"ဦးအောင်ဇျင်ဘက်ကလား၊ ဒေါ်ရှန့်နားဘက်ကလား"

မိုးမခစံအိမ်ပိုင်ရှင်၏အမည်သည် ကျော်ငြိမ်းပြောလိုက်သည့်အတိုင်း ဖြစ်လေသည်။ အလိုက်သင့်ဖြေကာ ထိုအဖြေကို မှတ်ထားရ၏။

"ဦးအောင်ဇျင်ဘက်ကပါ။ ကောင်လေးနဲ့ ကောင်မလေးနာမည်ကို ကျွန်တော် မှတ်တောင် မမှတ်မိဘူး။ ကျွန်တော်နဲ့ဆို နှစ်ဝမ်းကွဲတော်မှာပေါ့။ ရန်ကုန် အမျိုးအိမ် အလှူတုန်းက တစ်ခါဆုံဖူးတယ်"

"အကြီးကောင်က အောင်ဇာခိုင်။ ကောင်မလေးက ဧပြီလှိုင်။ သူတို့အိမ်ကို ကျွန်မ အရင်က ထင်းမီးသွေး သွင်းနေကျပဲ။ ရှင့်အမျိုးတွေကိုး"

ထိုမောင်နှမ၏အမည်ကို မှတ်မိအောင် သတိထားရသည်။

"တစ်လနှစ်လတုန်းက သူတို့ ရန်ကုန် ဆင်းလာသေးတယ်။ ကားလာဝယ်တာ"

မရှင်မင်း ခေါင်းညိတ်သည်။

"ဟုတ်တယ်။ ဒတ်ဆန်းအဝါလေး။ လှကလှသနဲ့"

"အပြန် ရန်ကုန်က အမျိုးတချို့တောင် လိုက်လာသေးတယ်"

"တွေ့တယ်။ သူတို့အိမ်က လူတွေ မပြတ်ပါဘူး။ တစ်ခါတစ်ခါ အလှူအိမ်လား ထင်ရတယ်ရှင့်"

သိချင်သည်တို့၏ အစအနကို ကျွန်တော် ရလေပြီ။ စိတ်မောလူမော မောခဲ့သမျှတို့သည် ရေချမ်းစိမ်လိုက်သောကြောင့် ပပျောက်သကဲ့သို့ ဖြစ်လာ၏။ ညဏ်ငြိမ်းကို

mgyoe.com

သပ်ရပ်စွာ ဆင်လိုက်သည်။

"ကျွန်တော့် ဝမ်းကွဲညီနဲ့ ညီမတစ်ယောက်လည်း အဲဒီအိမ်မှာ လာနေကြတယ်။ ကောင်လေးက ဝဝ၊ မျက်မှန်နဲ့၊ အသားဖြူ၊ အရပ်အရှည်ကြီး"

စိတ်ကူးတည့်ရာ ညီတစ်ယောက်ကို ဖန်ဆင်းပြီး ပြောလိုက်သည်။ ပြီးမှ ယု၏ သဏ္ဌာန်ကို ကျွန်တော်ပြောသည်။

"ညီမက ပိန်ပိန်ပါးပါး၊ ကိုယ်လုံးကိုယ်ပေါက် သေးသေးသွယ်သွယ်။ မျက်ခုံးက ဆက်နေတယ်။ နှုတ်ခမ်းက ဆေးဆိုးစရာမလိုဘူး။ အမြဲ နီထွေးနေတယ်။ စကားပြောရင် ပြုံးပြုံးပြုံးပြုံးနဲ့။ ခြောက်မြှောင့် နေကာမျက်မှန် တပ်လေ့ရှိတယ်"

ကျွန်တော့်စကားကိုဖြတ်ကာ သူပြော၏။

"ပြေလှိုင်လိုပေါ့။ ပြေလှိုင်က သိပ်ပိန်တာပဲနော်"

စဉ်းစားဟန်ပြုပြီးမှ–

"ပြေလှိုင်က ပိုပြီးပိန်မယ်။ ကျွန်တော့် အ... အဲ... အဲဒီ ညီမက ပိန်ပိန်ပါးပါး ဆိုပေမဲ့ အသားအရေပြည့်တယ်။ အင်္ကျီလက်စက အမြဲဝတ်တယ်။ ခင်ဗျား တွေ့ပါလိမ့်မယ်။ သူတို့ မောင်နှမနှစ်ယောက်စလုံး သိပ်ခင်ကြတာ။ ဒါပေမဲ့ ကျွန်တော် သွားမတွေ့ဘူး"

မရှင်မင်းက ခေါင်းတစ်ချက်ညိတ်ကာ–

"သူတို့အိမ်ကလူတွေ အများကြီး။ ကောင်းကောင်း အမှတ်မထားမိဘူး"

စိတ်ကူးငြမ်းတွေ အသံမဲ့စွာ ပြိုကျသွားပြီကို မရှင်မင်း မသိလိုက်ချေ။

* * *

ယုရယ်...။

ယုဆီကို ပြေးလာပြီး စိတ်ရှုပ်ထွေးနေတာတွေကို ပြောလိုက်ချင်တယ်။ ရေမိုးချိုးပြီးတော့ စိတ်က လန်းဆန်းသွားတယ်။ အေးလွန်းလို့ ထင်ပါရဲ့၊ ပင်ပန်းနေတာတွေ ပျောက်သွားတယ်။ ဒါနဲ့ အင်္ကျီအဝတ်အစားလဲပြီး အပြင်ကို လမ်းလျှောက်ထွက်တယ်။ အမှန်ကတော့ ဈေးပိုင်းဘက်ကို သွားချင်တယ်။ လူသူ အသွားအလာများတဲ့နေရာကို သွားချင်တယ်။ ဘာဖြစ်လို့လဲ သိလား၊ ဈေးပိုင်းဘက်ကို ယုများ ထွက်လာမလားလို့ပေါ့။ နေ့လယ်တုန်းက ဒတ်ဆန်းကားပေါ်မှာ ယုပါလာရိုးမှန်ရင် ကို ဒီကို ရောက်နေပြီလို့ သိပြီပဲ။ တကယ်လာချင်တဲ့နေရာက မိုးမခစံအိမ်။ အိမ်ရှေ့လမ်းမနဲ့ အိမ်အနီးဝန်းကျင်ကို

mgyoe.com

ကို သွားချင်တယ်။ ကို့ကို ယု တွေ့အောင်လို့လေ။ ပြီးတော့ ယုကို ကို တွေ့ချင်တယ်။ မြို့ရဲ့ အရှေ့စွန်နဲ့ အနောက်တောင်ဘက် အစွန်ဆိုတော့ အသွားအပြန် မိုးချုပ်မယ်။ သွားရလာရမလွယ်လို့ ရပ်ကွက်အနောက်ဘက်မှာရှိတဲ့ တောင်ကတုံးဘက်ကို သွားလိုက်တယ်။ တောင်ကတုံးထိပ်ကနေ မြို့ကို လှမ်းကြည့်တော့ လေယာဉ်ပျံကွင်းနေရာကိုတောင် မှုန်မှုန်ပျပျ မြင်ရတယ်။ တောနဲ့တောင်ခွင် ပတ်ဝန်းကျင်တစ်ခုလုံးက လွမ်းစရာပဲ ယုရယ်။ ကိုလေ နေကုန်တဲ့အထိ အဲဒီနေရာမှာ ထိုင်နေဖြစ်တယ်။ ဖြစ်များ ဖြစ်နိုင်ရင်ပေါ့လေ။ ကိုထိုင်နေတဲ့နေရာ ကို့ဘေးနားမှာ ရှိစေချင်တယ်။ ယုရှိရာအိမ်ကို ကို သိတော့ သိရပါပြီ။ အဆက်အသွယ်တွေ ရှာရဦးမယ်။ ယု သတင်းကို စုဆောင်းရဦးမယ်။ ကျယ်ဝန်းတဲ့ ပင်လယ်ထဲမှာ ပုလဲရှိရာနေရာကို ရှာရသလိုပါပဲ။ ပုလဲရှိရာကို သိတော့ သိရပါပြီ။ ပုလဲ ငုပ်ရတာထက်တောင် ခက်ခဲမယ်ထင်ပါတယ်။ အင်းပေါ့လေ၊ ဘယ်နေရာမှာရှိမှန်း မသိရတာထက်စာရင် သိရတဲ့အတွက် မျှော်လင့်ချက်အသက်ကလေး ပြန်ဆက်သွားသလို ပါပဲ။ ဒါကြောင့်ထင်ပါရဲ့။ ရေမြေချောင်းခြား အရပ်တစ်ပါးကို မောင်လာခဲ့ရတာပါယုရယ်။ လေယာဉ်ပေါ်က ဆင်းခါစတုန်းကလိုတော့ သိပ်အားမငယ်တော့ပါဘူး။

အမှောင်ပျိုးတော့ မောင် အိမ်ပြန်တယ်။

အိမ်ရောက်တော့ ကိုခွမ်လာဂမ် ပြန်မရောက်သေးဘူး။ ဆာနေပေမဲ့ စောင့်နေရတယ်။ ခုနစ်နာရီထိုးပြီးမှ ကိုခွမ်လာဂမ် ပြန်လာတယ်။ ပုလင်းသုံးလုံးကို ဂုန်နီကြိုးနဲ့ ပူးချည်ပြီး ဆွဲလာတယ်။ လူက ခြေလှမ်းယိုင်နေပြီ။ အိမ်ပေါ်တက်ပြီး ကို့ဘေးနားမှာ ထိုင်ထိုင်ချင်း ဘာပြောတယ်မှတ်လဲ။

"ဟောဒီမှာ ကချင်မီးတောက် နှစ်လုံးရယ်၊ ခင်ဗျားဖို့ ရမ်ခြောက်ပက်ရယ်" တဲ့။

သူ့အသံကြားလို့ မရှင်မင်းနဲ့ ကလေးသုံးယောက်က အိမ်ရှေ့ခန်းကို ထွက်လာတယ်။ မီးအိမ် အလင်းရောင်အောက်မှာ မျက်လုံးလေးစုံက ကိုခွမ်လာဂမ်ဆီကို ရောက်နေတယ်။ ကိုတို့ထိုင်နေရာ အနီးမှာပဲ သားအမိလေးယောက်က လာထိုင်ကြတယ်။ ဒီအချိန်မှာ ကိုခွမ်လာဂမ်က–

"ဟေး... ထမင်းပြင်လေ။ ဧည့်သည်ရော ငါရော စားမယ်"

မရှင်မင်းက အသံတိုးတိုးနဲ့ ပြောတယ်။

"ချက်ထားတာတွေ အကုန်ကုန်ပြီ"

ကိုခွမ်လာဂမ်ရဲ့ အရက်မျက်လုံးအစုံကပါ မရှင်မင်းဆီ ဖွေ့ခနဲ ရောက်လာတယ်။ ကိုလည်း ဖျတ်ခနဲ ကြည့်လိုက်မိတယ်။

mgyoe.com

mgyoe.com

"ဟော... မနက်က မင်း ဘာမှ ဝယ်မချက်ဘူးလား"

"ချက်သားပဲ"

မရှင်မင်းလေသံက ဘာမှမထူးခြားတဲ့အသံ။

"ညှော့သည် မနက်စာ မစားရဘူးပေါ့"

ကိုခွမ်လာဂမ်ရဲ့အမေးက ပြင်းထန်လှတယ်။ မရှင်မင်းက အေးအေးလူလူပဲ ခေါင်းညိတ်ပြလိုက်တယ်။

"ရှင်ရော၊ ညှော့သည်ရော အပြင်သွားနေကြတော့ အပြင်မှာပဲ စားကြမယ်ထင်ပြီး ကျွန်မရော၊ ကလေးတွေကပါ အကုန်စားပစ်လိုက်ကြတယ်။ ဒါပေမဲ့ လိုလိုမည်မည် ကောက်ညှင်းပေါင်းထားတယ်"

ကိုခွမ်လာဂမ်က ခေါင်းညိတ်ပြီး–

"အေး... ကောက်ညှင်းပေါင်းပဲယူလာခဲ့။ တို့စားမယ်"

ဒီအချိန်မှာ အလတ်ကောင်နဲ့ အငယ်မလေးက ခရီးဆောင်အိတ်ကို ကိုင်ကြည့်ပြီး ဟိုနှိပ်ဒီဆွဲနဲ့။

"အမဲချဉ်နဲ့ ကောက်ညှင်းပေါင်းနဲ့စားပေါ့။ တော်ကြာလောက်ဆိုရင် ကောက်ညှင်း ပေါင်းစားလို့ရပြီ။ ခဏတော့စောင့်"

ဒီအချိန်မှာ အလတ်ကောင်က သံနန်းကြိုးစတစ်စနဲ့ ထိုးကော်နေတယ်။ သော့ပေါက် ထဲကို နန်းကြိုးစထည့်ပြီး လှည့်နေတယ်။ ဖအေကရော၊ မအေကရော မြင်နေရက်နဲ့ တစ်ခွန်းမဟန့်ဘူး။ မတော် သော့ပျက်ရင် အခက်တွေ့၊ အလုပ်ပိုဦးမယ်။ သော့ပြင်ဆရာ ဘယ်နားမှာရှိတယ်ဆိုတာ မသိတော့ ပိုတောင်မှ စိတ်ညစ်ရဦးမယ်။ အဲဒီအချိန်မှာ စိတ်အိုက်လိုက်တာ။ ထမင်းကလည်း ဆာသေး။ ကောက်ညှင်းပေါင်းကြီးကို ထမင်း အမှတ်နဲ့ စားရဦးမယ်။ ကိုခွမ်လာဂမ်က မိန်းမနဲ့ ကလေးတွေကို သုံးလေးခွန်း ဆဲလိုက် တယ်။ ကိုက မျက်နှာမထားတတ်ဘူး။ သူက မူးကျင့်ပါနေတဲ့သဘောနဲ့ တူပါရဲ့။ သား အမိလေးယောက်စလုံး အိမ်ခန်းဘက် ထသွားကြတယ်။

"ကိုဌေးလွင် ကျွန်တော့်ကို လိုတဲ့အကူအညီပြောနော်" တဲ့။

ကိုက ခေါင်းညိတ်ပြလိုက်တယ်။

"ဒီမြို့မှာ အပ်ကျတာကအစ ကျွန်တော်သိတယ်။ ကျွန်တော့်ကိုဆိုလည်း မြေကြွက် နဲ့ ခွေးကအစ မသိသူမရှိဘူး" တဲ့။

မိုးမခစံအိမ်အကြောင်း သူ့ကို ညကျမှ မေးဖို့ မောင် စဉ်းစားထားတယ်။ ပြီးတော့

mgyoe.com

mgyoe.com

ယုံကြည်ရရင် အခြေအနေတွေ ပြောပြပြီး အကူအညီ တောင်းရမယ်။ နှုတ်လုံတယ်လို့ ထင်ရရင် သူ့ကို လူယုံတော်ကြီးအဖြစ် အားထားပြီး စီမံရမယ်။

❐

mgyoe.com

mgyoe.com

# (၅)

အိပ်ရေးပျက်သောကြောင့် ငြီးစီစီဖြစ်နေသည်။ ညဉ့်နက်သည်အထိ အကျိုးအကြောင်း အစုံအလင် ပြောပြခဲ့သည်။ ကိုခွမ်လာဂမ်က မခံချင်စိတ်ကြောင့် တောက်တခေါက်ခေါက်နှင့် နားထောင်သည်။ အဲဒါမျိုးဆို ကျွန်တော် တကယ် မခံချင်ဘူး။ ခင်ဗျား အမျိုးသမီးကို မတွေ့တွေ့အောင် မြို့ကို မြေလှန်ပြီး ရှာမယ်ဗျာဟု ပြောသည်။ ကိုခွမ်လာဂမ် တစ်ခုတော့ သတိထားဗျာ။ ကျွန်တော် ဒီကိုရောက်နေမှန်းသိရင် အမျိုးသမီးကို တစ်နေရာ ရွှေ့ချင် ရွှေ့ပစ်မှာ။ ဒီတော့ ကျွန်တော့်ကိစ္စကို သိပ်လျှို့ဝှက်ထားမှဖြစ်မှာ။ ဖြစ်နိုင်ရင် ခင်ဗျားအမျိုးသမီးကိုတောင် အသိမပေးစေချင်ဘူးဟု ကျွန်တော် စကားပိတ်သည်။ ဟုတ်တယ်၊ ဒါ အမှန်ပဲ။ စိတ်ချဗျာ။ ဒါကို စစ်ဆင်ရေးကြီးတစ်ခုလို သဘောထားရမယ်။ မနက်ဖြန်ကစပြီး သတင်းတွေ စုရမယ်ဟု အားတက်စွာ ပြောသည်။

ကျွန်တော် အိပ်ရာမှ နိုးသောအခါ ကိုခွမ်လာဂမ် အိမ်မှာမရှိတော့။ မရှင်မင်းကိုလည်း မတွေ့ရ။ အငယ်မကိုသာ တွေ့ရ၏။ မေးကြည့်သောအခါ အဖေက အစောကြီးတည်းက အပြင်သွားတယ်။ အမေ ဈေးသွားရောင်းတယ်ဟု ဖြေသည်။ ဝမ်းထဲမှာ ဟာနေ၏။ ကိုယ်လက်သန့်စင်ပြီးသောအချိန်တွင် ပို၍ ဆာလာ၏။

နံနက်စာအတွက် စီစဉ်ပေးခဲ့ဟန်မတူ။ တိုက်ပုံအင်္ကျီကို လှမ်းယူဝတ်လိုက်သည်။ ခံ့ကျော်း‌ချဉ်၍ ဆေးလိပ်ဘူးကိုယူရန် အိတ်ထဲသို့ နှိုက်သည်။ ဆေးလိပ်ဘူးမရှိ။ ဘယ်အိတ်သို့ စမ်းကြည့်သည်။ မရှိ။ တစ်ဝက်ကျော်မျှ ရှိနေသေးသော ဒူးယား စီးကရက်ဘူးကို မတွေ့။

အိပ်ရာဘေး ဝန်းကျင်တွင် ကြည့်သည်။ မရှိ။ တစ်ယောက်ယောက် ယူသွားပြီ

mgyoe.com

mgyoe.com

ဟုသာ သိ၏။

လမ်းထိပ် ဆေးလိပ်ဆိုင်သို့ သွားသည်။ ဆေးလိပ်ဆိုင်မှ အဒေါ်ကြီးက ပြုံး၍ ကြည့်သည်။ ငွေပြန်အမ်းရင်း–

"မောင်ခွမ်လာဂမ် တင်အုန်းတို့အိမ်က ဧည့်သည်ထင်တယ်"

"ဟုတ်ကဲ့"

"သူ အစောကြီးထွက်သွားတာ တွေ့လိုက်ရတယ်။ မင်းကောင်မလေးသတင်း စုံစမ်းဖို့ ထွက်သွားတာနဲ့ တူတယ်ကွယ့်"

ခေါင်းနားပန်း ကြီးသွားသည်ဟု ထင်ရ၏။ ပြဿနာပါပဲဟု စိတ်ထဲမှာ ညည်းမိလေသည်။ စိတ်ပျက်လွန်းသောကြောင့် ဘာမျှ ပြန်မပြောခဲ့။ ဆိုင်တံစက်မြိတ်မှ အထွက်တွင်–

"နဖူးစာရှိရင်တော့ ဆုံရမှာပေါ့ကွယ်"

* * *

မိုးနှင်းမှုန်တွေ ပါးပါးလျားလျား ကျနေသည်။ ကောင်းကင်သို့ မော့ကြည့်ချိန်တွင် မျက်နှာပေါ်သို့ ကျလာသည်။ အဝေးသို့ လှမ်းကြည့်မှ မိုးနှင်းမှုန်တွေ၏ အလွှာကို မြင်ရသည်။ နေရောင်သည် မြေပြင်ပေါ်မှ ခွဲခွာလျက် ရှိလေ၏။ အအေးသည် သိသာစွာ ပျံ့လာ၏။ ညစ်ထပ်ထပ်ဖြစ်နေသော စိတ်သည် အတော်အတန် ဖြူစင်လာသည်။ ခြေလှမ်းမှန်မှန် လှမ်းမည့်သာ လှမ်းနေရ၏။ ခြေဦးတည်ရာ ကျွန်တော့်တွင် မရှိသေး။

ကိုနွံအောင်နှင့် တွေ့လိုတွေ့ငြား အငှားကားဂိတ်သို့ သွားပြီး စုံစမ်းသည်။ ပြန်မရောက်သေးဟု ကားဆရာတစ်ယောက်က ပြောသည်။ အပြန်တွင် ဈေးသို့ဝင်၍ မနက်စာ စားသည်။ ဆိုင်မှအထွက်တွင် ကိုခွမ်လာဂမ်နှင့် သွားတိုးသည်။ ကျွန်တော့်ကို တွေ့တွေ့ချင်း သတင်းအစအနရပြီဟု ပြောသည်။ လက်ဖက်ရည်ဆိုင်တွင် စကားပြောရန် ကျွန်တော် စိတ်ကူးရ၏။ လက်ဖက်ရည်ဆိုင်တွင် တစ်နာရီနီးပါး စကားပြောခဲ့သည်။ ရသော သတင်းများမှာ စဉ်းစားစရာတွေ အပြည့်။

မိုးမခစံအိမ်တွင် ဧည့်သည်ရှစ်ယောက် ရောက်နေသည်။ အသက်ငါးဆယ် အမျိုးသမီးကြီးတစ်ဦး၊ အသက်သုံးဆယ့်ငါးမျှ ရှိမည်ထင်ရသူ အမျိုးသမီးတစ်ဦး၊ အသက်ဆယ်နှစ်နှင့် ဆယ့်ငါးနှစ်အရွယ် ယောက်ျားလေးနှစ်ယောက်၊ အသက်နှစ်ဆယ်ဝန်းကျင် အမျိုးသမီးလေးယောက်ဟု သိရသည်။ အမျိုးသမီးသုံးဦးမှာ တက္ကသိုလ်ကျောင်းသူ၊ တစ်ယောက်မှာ တက္ကသိုလ်မှ ကျောင်းထွက်ခဲ့သူဟု သိရသည်။ အမည်တွေကို ကိုခွမ်လာ

mgyoe.com

mgyoe.com

ဂမ် ပြောပြသည်။ မိမိလှိုင်၊ ကြည်ပြာအေး၊ ယုယု၊ ယုယုမြ။ ယုဟူသော အမည်ကို ကြားလိုက်ရစဉ် ကျွန်တော့်ဦးခေါင်းတွေ ပူပူကျင်ကျင် ဖြစ်သွား၏။ ယုယုသည် ယု၏ အမည် ဖြစ်နိုင်၏။ ယု၏မိဘက ယုယုဟုခေါ်၏။ နောက်အမည်က ယုယုမြ။ ထိုအမည်သည် ပို၍ စိတ်ရှုပ်ထွေးစေ၏။ ယု၏ အမည်အပြည့်အစုံမှာ မြမြယု။ မြမြယုကို ယုယုမြဟု နားကြားလွဲနိုင်သောကြောင့် သေချာအောင် ထပ်မေးရ၏။ နားကြားမလွဲပါဘူး၊ ကျွန်တော့်နားက သေချာပါတယ်ဟု ကိုခွမ်လာဂမ်က ဖြေသည်။ ပြောတဲ့သူ လျှာချွတ်ချော် ခြင်း ဖြစ်နိုင်သည်ဟု ထင်သည်။ တိကျအောင် စစ်သကဲ့သို့ မေးရသည်။

"ကိုခွမ်လာဂမ် နည်းနည်း ပြန်ပြီး စဉ်းစားကြည့်ပါဦး။ အမျိုးသမီးလေးယောက် နာမည်ကို ဘယ်နာမည်ကစပြီး ပြောလဲ။ ဒီလိုပါ၊ ယုယုပြောပြီး နောက်က ယုယုမြလို့ မှားပြီး ပြောချင် ပြောနိုင်တယ်လေ။ ပြောတဲ့သူက ဘယ်လိုပြောတယ်ဆိုတာ ကျွန်တော် သိချင်တယ်"

သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြီး–

"ကျွန်တော် မှတ်မိပါတယ်။ စပြောတဲ့နာမည်က ယုယု။ ပြီးတော့ ဧပြီလှိုင်။ ဧပြီလှိုင်ပြီးမှ ကြည်ပြာအေး။ နောက်ဆုံးမှ ယုယုမြ။ ကျွန်တော်ကိုယ်နှိုက်က မြမြယုလား၊ ယုယုမြလားလို့ ခွဲမေးတော့ ယုယုမြတဲ့"

"ပြောတဲ့သူက ဘယ်သူလဲဟင်"

"လျံထွန်းတဲ့။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က သိခဲ့တာ။ ကောလင်းမှာ အလုပ် အတူတူလုပ်ခဲ့တဲ့သူ။ ကျွန်တော်နဲ့ သိပ်ရင်းနှီးတာ။ မိုးမခစံအိမ်နဲ့ ပစ္စည်းအရောင်းအဝယ် အတွက် လာလည်ရင်း မြို့ကို ရောက်နေတာ။ ခုမနက်ပဲ သူနဲ့တွေ့လို့ မေးလိုက်တာ၊ ကိုဒွေးလွင်"

"ကျွန်တော် သူနဲ့ တွေ့ချင်တယ်ဗျာ"

"သူ ကျိုင်းတုံကိုသွားပြီ"

"ဘယ်တော့ပြန်လာမယ်ထင်လဲ"

သူ ခေါင်းကို ယမ်းသည်။

"ကုန်သည်ဆိုတော့ ခြေက ရှည်သားဗျာ။ တာချီလိတ်လည်း သွားဦးမယ် ထင် တယ်။ အနည်းဆုံး တစ်လခွဲပေါ့"

ကျွန်တော့် သက်ပြင်းချသံကို သူ ကြားပေလိမ့်မည်။ ယုယုနှင့် ယုယုမြအမည်ရှိ အမျိုးသမီးနှစ်ယောက်၏ ပုံပန်းသဏ္ဌာန်ကို မေးလိုက်သည်။ လျံထွန်းကို မမေးမိခဲ့ဟု

mgyoe.com

mgyoe.com

ကိုခွမ်လာဂမ် ဖြေသည်။ တက္ကသိုလ်ကျောင်းမှ ထွက်ခဲ့သူသည် မည်သူဖြစ်ကြောင်း မသိရပြန်။ အဲဒါတွေတော့ ကျွန်တော် မမေးမိခဲ့ဘူးကိုဒွေးလွင် ဟုသာ သူဖြေသည်။ စိတ်မောရလေသည်။ သူ့နေရာတွင် ညီဖြစ်သူ သီဟကျော်သာဖြစ်ပါက ဆူပစ်ဟောက်ပစ်မိမှာ ဧကန်ပင်။ ကိုခွမ်လာဂမ်ကို တော်တော်အတဲ့လူဗျာဟု ပြောပစ်ချင်သည်။ ခင်ဗျား နှယ်ဗျာ၊ ယုယုရဲ့ ကိုယ်နေကာယကို ယုယုမြန့် ကွဲပြားအောင် မေးခဲ့ပါတော့လား။ ခုတော့ ဧည့်သည်ရှစ်ယောက်ဆိုတာကတော့ ဟုတ်ပါပြီ၊ ရန်ကုန်ကဧည့်သည်လား၊ ဘယ်က ဧည့်သည်လဲဆိုတာမှ ခွဲခွဲခြားခြား မသိရဘူး။ ယုရဲ့ ကိုယ်တစ်ပိုင်းဓာတ်ပုံ လေးပုံ၊ မတ်တတ်ဓာတ်ပုံ သုံးပုံ၊ ကျွန်တော်နဲ့ တွဲရိုက်ထားတဲ့ ဓာတ်ပုံတစ်ပုံ ထုတ်ပြခဲ့ပါလျက်ကနဲ့။ ရှင်းရှင်းလင်းလင်းသိဖို့ကိစ္စကို မအီမလည် ဖြစ်ရဦးမယ်ဟု စိတ်ထဲကနေ ဒေါပွ၊ အပြစ်တွေတင်ခဲ့သည်။ တစ်ခွန်းတည်း မေးလိုက်ရုံနဲ့ ဇဝေဇဝါ ဖြစ်နေတာတွေ ရှင်းသွားနိုင်တယ်ဗျ။ ဘယ်ဘက်နှုတ်ခမ်းပေါ်ကမှဲ့။ မနေ့ညတုန်းက အဲဒီမှဲ့လေးဟာ ယုရယ်တဲ့အခါ ဘယ်လောက်လှတယ်ဆိုတာ ကျွန်တော့်စကားထဲမှာ အများကြီးပါခဲ့ပါတယ်။ ယုယုဆိုတာရယ်၊ ယုယုခင်ဆိုတာရယ် ရောချင်ရော၊ လေးယောက်စလုံးကို ရောချင်ရော၊ ဘယ်ဘက် နှုတ်ခမ်းပေါ်မှာ မှဲ့ပါတဲ့ အမျိုးသမီးက ဘယ်သူလဲဗျ၊ ကိုလျံထွန်းလို့ တစ်ခွန်းတည်းမေးတာနဲ့ ပြီးပါတယ်။ ခုတော့ဗျာ ခင်ဗျား နံ့လွန်းအားကြီးလို့ဟု စိတ်ထဲမှ အပြစ်ဆိုမိသည်။

သို့သော် တစ်နည်းတော့ ကျေးဇူးတင်ရပြန်၏။

တစ်မနက်အတွင်း သူရရှိလာသော သတင်းများကြောင့် ယု၏ အရိပ်အရောင်ကို စောစောကထက် ကျွန်တော် ထင်ထင်လင်းလင်း မြင်နိုင်ခဲ့သည်။ ကျွန်တော် ပြောရန် ကြံရွယ်ထားသော စကားကိုမူ နားဝင်ချောအောင် ပိုမိုပြုပြင်၍ ပြောသည်။ သူငယ်ချင်းတစ်ယောက်က သူ့အိမ်တွင် တည်းရန် လာခေါ်သောကြောင့် ထိုသူငယ်ချင်းအိမ်တွင် သွားရောက် တည်းမည်ဖြစ်ကြောင်း။ သူ ခေါင်းညိတ်သည်။ သူ့အိမ်သို့ မကြာမကြာ အလည်လာရန် ယုကို ထောက်လှမ်းရသော ကိစ္စအတွက် သူ ဆက်လက်ကူညီမည် သူ ပြောသည်။ ထိုစကားအဆုံးတွင်–

"မနက်က ဆေးလိပ်ဆိုင်က အဘွားကြီးက အဲဒီအကြောင်းသိလို့ ကျွန်တော့်ကို မေးတယ် ကိုခွမ်လာဂမ်။ ရပ်ကွက်ထဲတော့ ဒီသတင်းက ပြောကြဆိုကြနဲ့ အတော်ပျံ့နေပြီထင်တယ်"

သူ တောက်တစ်ချက် ပြင်းပြင်းခေါက်၏။

"ဒါ အိမ်က သောက်ကောင်မ လက်ချက်နေမှာပဲ။ သိပ်အရေးကြီးလို့ ဘယ်သူ့မှ

mgyoe.com

mgyoe.com

လျှောက်မပြောနဲ့။ ပေါက်ကြားသွားလို့ မိုးမခစံအိမ်က ကြားသွားရင် အမျိုးသမီးကို တခြားနေရာ ပို့လိုက်မှာ၊ လွဲကုန်လိမ့်မယ်။ ကိုငွေးလွင်ကဆို နင့်ကိုတောင် မပြောနဲ့လို့ ငါ့ကိုပိတ်ထားတာ။ ဒါကြောင့် ဘယ်သူမှ မသိစေနဲ့လို့ မှာထားကာမှ...”

စီးကရက်မီးခိုး သီးသွားသောကြောင့် ကျွန်တော် မရယ်နိုင်တော့။

❒

mgyoe.com

mgyoe.com

(၆)

စိတ်ချမ်းသာမှု ပမာဏကို ပြောပြရန် ခက်ပေလိမ့်မည်။

နားစရာ အကိုင်းအခက် မတွေ့သဖြင့် မှန်းဆပျံသန်းနေရသော ငှက်၏ အညောင်းသောကနှင့် မခြားခဲ့။ ခိုနားရန် အခွင့်ကိုဖြစ်စေသော သစ်တစ်ပင်၊ ဝါးတစ်ပင် မြင်ရသည်တွင် ထိုအခွင့်၏ တန်ဖိုးကို မဖြတ်သာသကဲ့သို့ ရှိလေ၏။ ဝမ်းသာမှု အတိုင်းအဆကို ကျွန်တော် မပြစွမ်းပေ။ ထို့ကြောင့်ပင် ဖြစ်မည်။ ဆရာတော်ကို ငေး၍သာ ကြည့်နေမိလေသည်။

"ဘုန်းကြီးပြောတာ ဒကာ နားလည်လား"

ယောင်မှားကာ ခေါင်းညိတ်မိပြီးမှ–

"တင်ပါ့ဘုရား"

ဆရာတော်သည် ပြည့်ပြည့်နှစ်နှစ် ပြုံးသည်။ ပြည့်ဖောင်းသော ပါးနှစ်ဖက်တွင် အစုန့်တက်လာ၏။ မို့ဝန်းသော မျက်ခွံသည် မျက်ပေါက်ကို ပို၍ ကျဉ်းသွားစေ၏။ ဖြူဝင်းကာ အဆီပျံနေသော နဖူးတွင် အရစ်အရစ် ထလာ၏။

"ဘုန်းကြီးရဲ့ကျောင်းမှာ ဒကာကို နေခွင့်ပေးလိုက်တော့ ဒကာ စိတ်အေးချမ်းသာ ဖြစ်သွားတယ်မဟုတ်လား"

"တင်ပါ့ဘုရား"

"နေစရာမရှိတဲ့သူကို နေစရာပေးတာက ဘုန်းကြီးရဲ့အလုပ်ပဲ။ ဒကာရဲ့အလုပ်က ဘုန်းကြီးကို ပြန်ပြီး စိတ်အေးချမ်းသာမှု ပေးဖို့ပါပဲ"

"တင်ပါ့ဘုရား၊ တပည့်တော် လူဆိုးမဟုတ်ပါဘူး။ ဘုရား"

mgyoe.com

mgyoe.com

ဆရာတော်သည် ဦးပြည်းပေါ်ရှိ သားမွေးသိုးကို ချွတ်သည်။ စောင်ကဲ့သို့ ခြုံထားသော သင်္ကန်းကို ပခုံးပေါ်သို့ ဆွဲတင်၏။ တရုတ်ဘုန်းတော်ကြီး၏ အင်္ကျီ၊ ဘောင်းဘီကဲ့သို့ ဝတ်ဆင်ထားသည်။ ဆရာတော်၏ စကားလုံးတို့သည် ပီသော်လည်း ဝဲလွန်းလှ၏။

"ဒကာ့အကြောင်း ဒကာ အသိဆုံးပေါ့။ ဘုန်းကြီးအတွက် စိတ်မချမ်းသာစရာပါလာရင်လည်း ဒကာ့တာဝန် ဒကာယူပေါ့လေ။ ဘုန်းကြီးက ရှင်းရှင်းပဲပြောတတ်တယ်"

"စိတ်ချပါဘုရား၊ အရှင်ဘုရားတို့ စိတ်အနှောင့်အယှက်ဖြစ်စရာ ဘာမျှ မဖြစ်စေရပါဘူး"

ဆရာတော် ခေါင်းညိတ်သည်။ ကျွန်တော်သည် ကျောင်းတိုက် သမံတလင်းပေါ်မှ ထဓါနီးတွင် ဝတ်ပြုသည်။ ဆရာတော်၏ အရပ်သည် ပုပုပျပ်ပျပ်။ သက်တော် ခြောက်ဆယ်ကျော်မျှ ရှိမည်ဟု မှန်းဆရ၏။ ဆရာတော်သည် တုတ်ခိုင်ဖျတ်လတ်လှ၏။

"ဒကာ ထမင်းစားချင်လည်း ကျောင်းမှာစားပေါ့"

"ကိစ္စမရှိပါဘူးဘုရား၊ တည်းခွင့်ရတာကပဲ တပည့်တော်အတွက် ကျေးဇူးကြီးလှပါပြီ"

"ဒကာ နေချင်သလောက်နေလေ"

* * *

မြူတွေဆိုင်းလျက် ရှိသည်။

ကြည်လင်သော မှန်တံခါးလက်ကိုင်ကို ဆွဲ၍ ဖွင့်မည်ပြင်ပြီးမှ လက်က တန့်သွား၏။ ကျောင်းတိုက်အတွင်းရှိ အပူငွေ့ကြောင့် ဖြစ်မည်။ မှန်အတွင်းဘက်တွင် ရေငွေ့မှုန်တွေစိုနေ၏။ မှုန်နေသော မှန်သားမှ တစ်ဆင့် မြင်ရသည့် မြူတို့သည် ပို၍ ရင့်စွာ ပြာနေ၏။ ပို၍ အထုကြီးနေသည်ဟု ထင်ရ၏။ ကျောင်းပရိဝုဏ် အုတ်တံတိုင်း အနီးရှိ သစ်ပင်တွေကို အမြင်မပီသစွာဖြင့်သာ မြင်ရသည်။ သင် ပုတ်ပလ္လင်နှင့် ကျောင်းစောင့်နတ်ကွန်းတစ်ဝိုက်တွင် မြူတွေ ထွေးနေ၏။

ကြေးလက်ကိုင်ကို ဖြည်းညင်းစွာ ဆွဲဖွင့်သည်။ အအေးဓာတ်သည် မှန်တံခါး အဟကြားမှ လှစ်ခနဲ တိုးဝင်လာ၏။ တစ်ကိုယ်စာ ထွက်၍အရတွင် အအေးပက်လိုက်သည်ကို ကောင်းစွာ ခံစားရလေသည်။ လက်နောက်ပြန်ထောက်၍ တံခါးပတ္တာ တွန်းအားကို လျှော့ပေးလိုက်သည်။ ကျောင်းမြောက်ဘက်၏ မြင်ကွင်းတစ်ခုလုံးကို အပြောကျယ်စွာ တွေ့ရလေသည်။ ကျောက်ဖြူ သမံတလင်းပေါ်မှ ခြေမရွေ့မီ အဆောင်ဝင်ပေါက်ကို

mgyoe.com

mgyoe.com

မော့ကြည့်မိသည်။ ဝဲယာနံရံနှင့် မျက်နှာကြက်တို့တွင် ရောင်စုံကြွေဖြင့် ပြီးသော နဂါးရုပ်များ၊ ပန်းနွယ် ပန်းခက်များ။ ကြိုးကြာငှက်များ။ စဉ့်စိမ်းရောင် ကဲနေသည်။ မြောက်ဘက် ကျောင်းတံခါးသို့သွားရာ လမ်းတစ်လျှောက်တွင် လိပ်သဲကျောက်အရောင် ကျောက်ပြားများ တစ်လှမ်းစာ ခင်းထား၏။ ကျောက်ပြားများကြားနှင့် တစ်ဖက်တစ်ချက်တွင် မြက်ခင်းကို တွေ့ရသည်။ မြက်ဖျားတွေ သွေ့စ၊ ညိုးစ ပြုပေပြီ။ မိုးမခပင်နှင့် ထင်းရှူးပင်အောက်ရှိ မြက်ပင်တွေမှာ အိုမင်းနေ၏။ မြက်ခြောက်ဘဝသို့ ကူးချေပြီ။

မြက်ခင်းတွေကြားတွင် အုတ်ပန်းခုံများ ပြောက်ကျားပြောက်ကျား ရှိသည်။ နှင်းဆီပင်၊ ကျောက်ခက်စိမ်းပင်၊ တောင်ဇလပ်ပင်ပေါက် တချို့ကို တွေ့ရသည်။ အုတ်တံတိုင်း တစ်လျှောက်ရှိ တောင်ဇလပ်နှင့် မဟော်ဂနီပင်တို့သည် နှင်းမြူထဲတွင် မြင့်မားစွာရပ်လျက် ရှိကြသည်။ လေငြိမ်သဖြင့် သစ်ရွက်တွေ မလှုပ်။ နှင်းရည်လူးထားသောကြောင့် ရွက်နုတွေ၊ ရွက်ဟောင်းတွေအားလုံး စိုစိုပြည်ပြည်နှင့် ရှိလေသည်။

လှေကားထစ်တွေပေါ်သို့ ခြေတစ်လှမ်းပြီးတစ်လှမ်း ရောက်လာသည်။ ပြေပြေဝေ့သော နှင်းလေသည် ကျွန်တော့်အပါးသို့ ရောက်လာသည်။ မြောက်ဘက်ဒေသ၏ ဆောင်းစဆောင်းဦးသည် ယဉ်ကျေးလှပေ၏။ မြူတွေရောသော လေအေး၏ အထိအတွေ့သည် ဖွယ်ရာလှပေသည်။

အဝန်းအနား မညီညာသော ကျောက်ညိုပြားတွေပေါ်တွင် နင်းရင်း ဘယ်ညာ လှည့်ကာ ကြည့်သည်။ မြင်ကွင်းသည် ပို၍ ကျယ်ပြန့်လာ၏။ ကျောင်းအရှေ့ဘက်ရှိ အဆစ်တိုဝါနုရောင် ဝါးပင်ပုတွေက တံတိုင်းပေါ်သို့ အုပ်အုပ်ကျနေသည်။ အနောက်ဘက် တံတိုင်းနှင့်ကပ်လျက် စိုက်ထားသော နှင်းဆီပင်တွေမှာ နီဝါဖြူ ရောင်စုံပွင့်တွေ စီနေ၏။

မြောက်ဘက် ကျောင်းတံခါးသည် တစ်ယောက်ဝင်သာရုံ ပွင့်လျက်ရှိ၏။ ခါးစောင်းသာသာ မြင့်သော အုတ်တံတိုင်းထက်တွင် သံချွန်သံတန်း နှစ်ထပ်တင်၍ ကာရံထား၏။ သံစည်းရိုးတွင် အရွက်မရှိသော စိမ်းဝါဝါနွယ်တွေ ရစ်ပတ်လျက်ရှိ၏။

သံတံခါးကို လှမ်းဆွဲလိုက်သည်။

အနိမ့်ပိုင်း၏ အမြင်ကို ပိုမို ကျယ်ဝန်းသွားစေ၏။

ကျောင်းအရှေ့ဘက်နှင့် တောင်ဘက်သည် ပြေပြေ မြင့်တက်ရာ မြေသားဖြစ်သည်။ ကျောင်း၏ မြောက်ဘက်နှင့် အနောက်ဘက်သည် အတော်အတန် မတ်စောက်သည်။ သစ်ပင်တွေ ထူထပ်သော မြေပြန့်နှင့် လှည်းလမ်းကို ငုံ့ကြည့်လိုက်သည်။ မြူပြာတွေ ပိန်းပိတ်ကာ ခြားနေ၏။ ကျောင်းကို သတိရသည်။ ယုဒသန် ဘုရားရှိခိုးကျောင်း မျှော်စင်

mgyoe.com

mgyoe.com

ပေါ်ကနေ အောက်ဝန်းကျင်ကို မြင်ရသည်ထက် မြင့်သည်ဟု ထင်မှတ်၏။

မြေနိမ့်သို့ဆင်းရာ လှေကားထစ်တို့သည် တစ်ဖြောင့်တည်း မဟုတ်ကြ။ အနိမ့်အမြင့် အစွန်းအထစ်ကို အမှီပြုကာ ကွေ့ကွေ့ကောက်ကောက်။ အလယ်လောက်တွင် ချုံနွယ် သစ်ပင်တွေကြားမှ ဖြတ်ဆင်းသွား၏။

မျက်လုံးကို လက်ဝဲဘက်သို့ ရွှေ့လိုက်သည်။ မနေ့က ဖြတ်လာခဲ့သော ချောင်းနှင့် ကြိုးတံတားကို မြင်ရမည်ထင်၍။ သစ်ပင်တွေကွယ်နေ၍ မမြင်ရ။

အောက်ဘက်မှအသံတွေ သဲ့သဲ့ကြား၍ ငုံ့ကြည့်သည်။ ကျွဲလှည်းတစ်စီး၊ ထမ်းပိုး ဆိုင်းတန်းနှင့် ဈေးရောင်းဈေးဝယ် ထွက်လာကြသူတွေ။ ထက်အောက် ဝတ်စုံအနက်။ အလုပ်စခန်းသို့ သွားကြသူတွေ။

* * *

ကိုးနာရီကျော်တော့မှ နေပွင့်လေသည်။

အလုပ်ပြန် ဈေးပြန် တချို့ကို တွေ့ရသည်။ လှေကားထစ်ပေါ်မှ ထလိုက်သည်။ တံခါးဝအတိုင်း တက်သွားသည်။ ကျောင်းဝင်းမြေပြင်ကို မြင်ရရန် သုံးလေးထစ်အလိုတွင် တစ်စုံတစ်ယောက်ကို လှမ်း၍ မြင်လိုက်သည်။ ကျွန်တော့်ကို ကြည့်နေသည်။ ဝင်းတံခါး သို့ ရောက်သောအခါ ပြုံး၍–

"ဒကာကို လိုက်ရှာနေတာ" ဟု ပြော၏။ ဦးပဥ္ဇင်းကို ကျွန်တော် မှတ်မိသည်။ မနေ့က ကျွန်တော့်ကို "ကျောင်းဝင်းထဲမှာ ဖိနပ်စီးခွင့် ပေးပါတယ်၊ ဖိနပ်စီးထားပါ" ဟု မိန့်သည့် ဦးပဥ္ဇင်း။

ရှုခင်းက လှလို့ တပည့်တော် ထိုင်ကြည့်နေတာဟု ပြောမည်ကြံရင်း ကျွန်တော် ပြုံး၏။ ကျွန်တော် မပြောဖြစ်။ ဦးပဥ္ဇင်းက ဦးစွာ ပြောသည်။

"ထမင်းစားရအောင်၊ ဒကာ"

ကျွန်တော် အားနာသည်။ ထို့ကြောင့်–

"နေပါစေဘုရား၊ တပည့်တော် အပြင်မှာပဲ စားပါရစေ"

ဦးပဥ္ဇင်းက ထပ်မံ ပြုံးသည်။

"ဦးပဥ္ဇင်းတို့ ဘုဥ်းပေးပြီးပြီ။ ဒကာဖို့ ထမင်းပြင်ပြီးပြီ။ ဆရာတော်ကြီးကလည်း ဒကာ ဒီမှာစားဖို့ မှာလိုက်တယ်။ လာပါ"

ဦးပဥ္ဇင်း၏ အသံမှာ ဝဲလှ၏။ သံပြတ်ဖြစ်သည်။ စကားလုံး ပီတော့ ပီသည်။

mgyoe.com

mgyoe.com

တိဗက်လူမျိုး ဖြစ်မည်။ ဆရာတော်ကြီး၏ တိဗက်မျိုးနွယ် ရုပ်သဏ္ဍာန်နှင့် အတန်ငယ် ခြားနားသည်။ သက်တော်မှာ သုံးဆယ်ရှိမည်။ တစ်နှစ်၊ နှစ်နှစ် လျော့ချင် လျော့လိမ့်မည်။ အသားအရေက ဝါသည်။ သကၤန်းရောင်မှာ အဝါရင့်ရင့်။ ဧကသီ၏ အောက်တွင် လက်သုံးလေးသစ်ကျနေသော ရှမ်းဘောင်းဘီပွပွကို မြင်ရသည်။ ကိုယ်ရုံသကၤန်းအောက်တွင် လည်ပြတ်၊ ရင်စေ့၊ လက်ပွအင်္ကျီ အဝါရင့်ကို ဝတ်ထားသည်။ နီဝါရောင် ဦးထုပ်ဝိုင်းကို ဆောင်းထား၏။

"ထမင်းစားပြီး ဒကာ သွားစရာရှိတာ သွားပေါ့။ ညစာလည်း ဒီမှာပဲစား"

* * *

ကြိုးတံတားထိပ်ရှိ အုတ်ခုံတွင် ကျွန်တော်ထိုင်သည်။

ဂျစ်ကားထဲတွင် ကျန်နေခဲ့သော စီးကရက်ဘူးကို သွားယူပြီး ပြန်လာသူ ကိုနွံအောင်က လှမ်းပြုံးသည်။ ကိုနွံအောင်သည် ခြေလှမ်းမှန်မှန်နှင့် လျှောက်လာရင်း စီးကရက်မီးညှိသည်။ ခုံမြင့် ရှူးဖိနပ်ကြောင့် သူ့အရပ်သည် ပို၍ မြင့်နေ၏။ သူ့ကိုယ်ခန္ဓာ အချိုးအဆက်သည် ဘောင်းဘီနှင့်သာ လိုက်ဖက်လေသည်။

"သောက်ဗျာ"

တစ်လိပ် လှမ်းယူပြီး မီးညှိလိုက်၏။ မျက်နှာချင်းဆိုင် အုတ်ခုံတွင် သူ သွားထိုင်သည်။

"ဂိတ်က ကျွန်တော့်ကို ဧည့်သည်တစ်ယောက် လာရှာတယ်လို့ ပြောတယ်။ ဆရာလို့ ကျွန်တော် ထင်လည်းထင်တယ်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။ သူနှင့် ကျွန်တော့်ကြားတွင် အခေါ်အဝေါ်သည် အတန်မျှ စိမ်းစေသည်ဟု ထင်၏။ ထို့ကြောင့်–

"ကျွန်တော့်ကို ဌေးလွင်လို့ပဲ ခေါ်ပါ ကိုနွံအောင်။ ဆရာဆိုတာကြီးက တစ်မျိုးကြီးပဲ"

သူ ရယ်သည်။ စီးကရက်မီးခိုးကို ဝှူးကနဲ မှုတ်ထုတ်ပြီး–

"လူတကာကို ဆရာခေါ်တဲ့ ပါးစပ်က အကျင့်ပါနေလို့။ ကောင်းပါပြီလေ။ ကိုဌေးလွင်လို့ပဲ ခေါ်ပါ့မယ်"

"ကျွန်တော့်နားတွင် လွင်ကို လွမ်အသံဘက်သို့ တိမ်းစွာ ကြားရလေသည်။ ထိုစကားနှင့်–

mgyoe.com

"ကျွန်တော် ဘာအကူအညီပေးရမလဲ၊ ကိုဌေးလွင်"

စောစောကတစ်ခွန်းထက် လွင်ကို ပီသအောင် ကြိုးစားပြီး ခေါ်သည်။ ပြောသင့်၊ မပြောသင့် ချိန်ဆနေခြင်း မဟုတ်သော်လည်း ကျွန်တော့်မျက်လုံးအစုံသည် အနောက်ဘက်ရှိ တောင်တန်းကြီးများဘက်သို့ တစ်ခဏရောက်နေ၏။ သူ့ဘက်သို့ မျက်လုံးတည်လိုက်သည်။ သူ ကျွန်တော့်ကို ကြည့်နေ၏။ သုံးလေးဖွာ ဖွာပြီးမှ စီးကရက်ကို လက်ကြားထဲသို့ ပြန်ညှပ်လိုက်၏။

"ကျွန်တော် ရန်ကုန်တက္ကသိုလ်က ကျောင်းသားအစစ်ပါ၊ ကိုနွံအောင်"

သူ ခေါင်းညိတ်ပြသည်။

"ကျွန်တော့်အဖေက စက်ရုံတစ်ရုံကို အုပ်ချုပ်ရတဲ့ အုပ်ချုပ်ရေးမှူးပါ"

"ဟုတ်ကဲ့"

"အမေက ကျောင်းအုပ်ဆရာမကြီးပါ"

"ကျွန်တော့်အစ်မက ပညာရေးတက္ကသိုလ်က လက်ထောက်ကထိကပါ"

"ဟုတ်ကဲ့"

"ကျွန်တော့်အောက်က ညီ၊ သူက စက်မှုတက္ကသိုလ်မှာ ဒုတိယနှစ် တက်နေတယ်"

"ဩော်... မွေးချင်းသုံးယောက်ပေါ့"

"ဟုတ်ပါတယ် ကိုနွံအောင်။ ကျွန်တော်က စိတ်ပညာ အဓိကကျောင်းသားပါ။ နောက်ဆုံးနှစ် တက်နေတယ် ဆိုပါတော့ဗျာ"

ကိုနွံအောင် တစ်ခွန်းမေးလေသည်။

"ကျောင်းက ဖွင့်နေပြီပဲ။ မတက်ဘူးလား"

ကျွန်တော် ပြုံးမိ၏။

"စက်တင်ဘာကတည်းက ကျောင်းဖွင့်တယ်လေ။ အခု ကျွန်တော် ကျောင်းပြေး၊ အိမ်ပြေး ဖြစ်လာတယ်လို့ ပြောလို့ရတယ် ကိုနွံအောင်"

ဖြစ်ရပလေဟူသော စုတ်သပ်သံကို ကြားရ၏။ ကရုဏာမျက်လုံးကို ကျွန်တော် မြင်သည်။ အပြစ်ရှိသူတို့၌ မထားတတ်သော မျက်နှာမျိုး ကျွန်တော့်တွင် ဖြစ်နေမည်မှာ သေချာသည်။

"သီတင်းကျွတ်ကျောင်းပိတ်ရက် လပြည့်နေ့ကစပြီး ကျွန်တော် အိမ်ပြန် မရောက်တာ။ ရန်ကုန်မြို့ထဲမှာချည်း သုံးရက်။ သုံးဆယ်မှာ နှစ်ရက်။ ပြီးတော့ ရန်ကုန်မှာ နှစ်ရက်၊ မန္တလေးမှာ နှစ်ရက်။ ပြီးတော့ ကျွန်တော် ဒီကို ရော ်ာက်လာတာပဲ။ ဒီကိုရောက်တာ

mgyoe.com

သုံးရက်ရှိပြီ"

"ခင်ဗျားအိမ်ကတော့ စိတ်ပူမှာပဲ"

သူ့စကားတစ်ခွန်းသည် အဘိုးအဘွား၊ အဖေ အမေနှင့် ညီအစ်ကို မောင်နှမတွေကို သတိရစေသော စကား။ ထိုစကားသည် လန်းနေသော စိတ်ကို တစ်ခဏတာအားဖြင့် မှိုင်းသွားစေသည်။

"ပူမှာကတော့ စဉ်းတောင် မစဉ်းစားချင်လောက်အောင်ပါပဲ။ အဘိုးက နှလုံးရောဂါသည်။ အဘွားက သွေးတိုး။ အသက်တွေက ခုနစ်ဆယ်တွင်း။ အဖေ့ထက် အမေက ပိုပြီး စိတ်ပူပင်တတ်တာ"

မျက်လွှာချကာ နားထောင်နေရာမှ ဖျတ်ခနဲ လှမ်းကြည့်သည်။ ထို့နောက်-

"ခင်ဗျား ဒီကိုလာတာ သူတို့သိကြလား"

သူ့ကို ခေါင်းခါပြလိုက်သည်။ ကျွန်တော့် ခေါင်းအခါကို မထူးဆန်းစွာ ပြုံးလေသည်။

"စိတ်မရှိနဲ့နော်၊ ကျွန်တော် မေးချင်လို့"

အဖြေမပေးမီ မေးပြောပြောလိုက်၏။

"ကျွန်တော် ဒီကို ဘာကိစ္စနဲ့လာတယ်ဆိုတာ ကိုနွံအောင် မေးမလို့မဟုတ်လား"

"ဟုတ်တယ်၊ ကိုဋ္ဌေးလွင်"

"ကျွန်တော့်ချစ်သူကို လာရှာတာ ကိုနွံအောင်"

သူ အသံထွက်အောင် ရယ်သည်။ ဘာကြောင့် ရယ်သည် မစဉ်းစားတတ်။ ခေါင်းတညိတ်ညိတ်နှင့် နေသည်။ မဋ္ဌူညီရီ ကျောင်းတိုက်ဘက်သို့ သူ လှမ်းကြည့်ကာ ရယ်မြဲ ရယ်နေ၏။ ရယ်သံသည် တဖြည်းဖြည်း တိုးသွားသည်။ သူ့ကို ကျွန်တော်ကြည့်သည်။ ကျွန်တော်နှင့် မျက်နှာချင်းမဆိုင်သေး။ သူ့နောက်ဘက်ရှိ ချောင်းရိုးနှင့် တောခြေချုံစပ်တွေကို မြင်နေရသည်။

"ခင်ဗျား အသက်ဘယ်လောက်ရှိပြီလဲ၊ ကိုဋ္ဌေးလွင်"

ဖြေရန် နှုတ်လေးလျက် ရှိသည်။

"နှစ်ဆယ့်လေးနှစ်"

ရှိသည်ထက် နှစ်နှစ်ပို၍ ပြောမိလေသည်။

"ငယ်ငယ်ကလေးပဲ။ ခင်ဗျားအမျိုးသမီးကကော"

"နှစ်ဆယ့်တစ်နှစ်"

mgyoe.com

ယုဇ၏ အသက်ကိုမူ အမှန်အတိုင်း ပြောလိုက်သည်။
"ခင်ဗျား ဒီမှာ ဘယ်လောက်ကြာမလဲ ကိုဒွေးလွင်"
"သူ့ကို မတွေ့မချင်းပဲ"
ကျွန်တော့်အဖြေကြောင့် မျက်လုံးတည့်တည့် ဆုံသည်။ အံ့သြစွာ ကြည့်နေသည်။
"သုံးလေးငါးလ ကြာသွားရင် ဘယ့်နှယ်လုပ်မလဲ"
"ကြာကြာပေါ့ဗျာ"
ပို၍ အံ့အားတသင့် ကြည့်၏။
"ကျောင်းက ဘယ့်နှယ်လုပ်မလဲ"
သူ့မေးခွန်းကို လွယ်လင့်တကူပင် ကျွန်တော် အဖြေပေးလိုက်သည်။
"ရှေ့နှစ်ခါကျမှ ပြန်ပြီး ဆက်တက်ရုံပေါ့"
"ခင်ဗျား ဆုံးဖြတ်ပြီးသားလား"
"ဟုတ်တယ် ကိုနွံအောင်"
"ဒါဖြင့်လည်း ကျွန်တော် ဘာကူညီရမလဲ။ ခင်ဗျားအမျိုးသမီးက ဘယ်မှာလဲ"
"ပြောမယ် ကိုနွံအောင်၊ အစကစပြီး ပြောပြပါ့မယ်။ ဒါမှ ခင်ဗျား ဘယ်လို ကူညီလို့ဖြစ်မယ်ဆိုတာကို ခင်ဗျားသိမှာ"
စီးကရက်တိုကို ကျောက်စွန်းကုန်းမူပေါ်သို့ ပစ်ချပြီး ဖိနပ်ဦးဖြင့် နင်းချေလိုက်သည်။ ထို့နောက် ကျွန်တော့်ကို မေး၏။
"စကားဖြတ်ပြီး မေးရဦးမယ်။ အခု သူ ဘယ်မှာနေလဲ"
"ဘုံကျောင်းရပ်ထဲက မိုးမခစံအိမ်မှာ"
သူ မျက်လုံးဝိုင်းသွားသည်။
"မိုးမခစံအိမ် ဟုတ်လား"
"ဟုတ်တယ် ကိုနွံအောင်၊ ဘာဖြစ်လို့လဲ"
"ဒီအိမ်က နာမည်ကြီးအိမ်ပဲ"
"ဘာနာမည်ကြီးတာလဲ ကိုနွံအောင်"
"သိပ်ချမ်းသာတဲ့သူတွေ၊ ခင်ဗျားအမျိုးသမီးရဲ့ အမျိုးလား"
"အဲဒါတော့ ကျွန်တော် ကောင်းကောင်းမသိဘူး"
သူ စကားမဆက်။ တွေနေသည်။ တစ်စုံတစ်ရာ တွေးနေဟန်ရှိ၏။
"တစ်ရက်၊ နှစ်ရက်အတွင်း ခင်ဗျားတို့ ပြန်တွေ့သွားစေချင်တယ်"

mgyoe.com

mgyoe.com

သူ့စကားကို နားမလည်။ ထို့ကြောင့်–

"ဘာဖြစ်လို့လဲ ကိုနွံအောင်"

သူ မဲ့ပြုံးယောင်ယောင် အပြုံးမျိုး ပြုံးလေ၏။ ထို့နောက်–

"ခင်ဗျားအိမ်က လူကြီးတွေ စိတ်မပူရအောင်လို့"

အိမ်ကို သတိရသော စိတ်သည် တစ်ဖန် နွေးလာပြန်၏။

"ကျွန်တော် သံကြိုးရိုက်လိုက်မှာပါ။ စာလည်း ရေးမှာပါ။ ခုနေတော့ အူလည်လည် ဖြစ်နေလို့။ ကျွန်တော် လမ်းမှာ ပြောခဲ့ပါပကော။ နေရထိုင်ရတဲ့ ပြဿနာက မနေ့ကမှ အသက်ရှုချောင်တော့တာ။ ခင်ဗျားနဲ့ ပထမဆုံး တွေ့တဲ့နေ့က ညအိပ်ရတဲ့ ပုံကို ပြောပြီးပြီပဲ။ ကိုခွမ်လာဂမ်တင်အုန်းတို့ အိမ်မှာတုန်းကလည်း ကသိကအောက်ကြီးဗျ။ ဒီဘုန်းကြီးကျောင်းမှာ အိပ်ရတဲ့ မနေ့ညက စိတ်အချမ်းသာဆုံးပဲ"

သူ တောက်တစ်ချက် ခေါက်သည်။

"အဲဒီကောင်က အလကားပါဗျာ။ အင်းလေ... ထားလိုက်ပါတော့။ ခင်ဗျား အမျိုးသမီးကကော ကျောင်းသူပဲလား"

"သူက စီးပွားရေးတက္ကသိုလ်က။ ခု ကျောင်းတွေ ပြန်မဖွင့်ခင်ကလေးကပဲ နောက်ဆုံးနှစ် အောင်သွားပြီ"

သူ တစ်စုံတစ်ရာ တွက်ချက်ကြည့်ပုံ ရသည်။

"ဒါဖြင့် ခင်ဗျားတို့ ပြဿနာပေါ်တာ နှစ်လကျော်လောက် ရှိသေးတာပေါ့"

ကျွန်တော် ခေါင်းခါလိုက်၏။

"ခြောက်လကျော်ပြီ။ နေ့ကျောင်းပိတ်ရက် စာမေးပွဲ ဖြေအပြီးမှာ ပြဿနာ စတာ ကိုနွံအောင်။ မတ်လထဲမှာ။ ကျွန်တော်တို့ ထွက်ပြေးကြသေးတယ်။ ကျောင်းပြန်ဖွင့်တော့ သူနဲ့တွေ့ဖို့ သိပ်ခက်သွားတယ်။ အဝေးမြင်ဘဝ ဆိုပါတော့ဗျာ။ စာချင်းတော့ အဆက် အသွယ် ရှိသေးတယ်။ အစကနေ ပြန်ပြောမှ ရှင်းမှ။ ဖြတ်ဖြတ်ပြီး ပြောနေရတော့ ခင်ဗျား နားရှုပ်ကုန်မှာပဲ။ ဒါထက် ခင်ဗျား အချိန်ရပါတယ်နော်"

"ရပါတယ်၊ ကားပြန်သိမ်းဖို့ပဲ ရှိတော့တာ။ ခြောက်နာရီပြန်ပို့ရင် ပြီးပြီပဲ။ နေပါဦး၊ ခင်ဗျားတို့ အင်း... ဟို... ဒင်း... လင်မယား ဖြစ်သွားကြတယ်လား"

မျက်နှာထားခက်စွာနှင့်ပင် ဖြေရလေသည်။

"ဟင့်အင်း၊ ချစ်သူဘဝနဲ့ပဲ ခွဲခဲ့ရတာပါ"

သူ့မျက်ခုံးအစုံ မြင့်တက်သွားသည်။ ခပ်ဟဟ နှုတ်ခမ်းက တဖြည်းဖြည်း စေ့သွား

mgyoe.com

၏ ။

"အခြေအနေတွေအားလုံး ကျွန်တော် ပြောပြမယ်။ ခင်ဗျားလည်း ချိန်ရဆရအောင်လို့။ ခုမှ လေးနာရီခွဲကျော်ကျော်လေး ရှိသေးတာ။ မကြာပါဘူး၊ အကျဉ်းချုံးပြီး ကျွန်တော် ပြောပါ့မယ်"

ပြောပင် ပြောရသော်လည်း ကျွန်တော် အားနာနေမှန်း သူ ရိပ်မိဟန်ရှိ၏။

"ပြောပါဗျာ။ အချိန်ရပါတယ်။ ခင်ဗျား ရင်ဖွင့်ချင်သလောက် ဖွင့်။ ဟုတ်လား"

ပြောပုံ ပြောလက်ကြောင့် ကျွန်တော် တစ်ချက် ရယ်လိုက်သည်။

"ကူညီမှာ မကူညီမှာထက် လောလောဆယ် နားထောင်ပေးဖော်ရတာကိုပဲ ကျွန်တော်က ကျေးဇူးတင်ရမယ်လေ၊ မဟုတ်ဘူးလား။ ဟိုမှာတုန်းက ကျွန်တော် အဲဒီအကြောင်း ပြောမယ်လို့ ပါးစပ်ဟလိုက်ရင် နားတွေ ပိတ်ထားကုန်ကြရောဗျ"

ကျေးဇူးစကားကို ပြက်လုံးဟု သူနားလည်သော်လည်း နားတွေ ပိတ်ထားကြသည် ဟူသော အကြောင်းကိုမူ အတည်ဟု ယုံကြည်ပုံရ၏။

"ဘာဖြစ်လို့ နားပိတ်ထားကြတာလဲဗျ"

"ပြောလွန်လွန်းလို့ နားညည်းတာရယ်၊ ကျွန်တော့်အမျိုးသမီးကို စိတ်နာတာရယ် ရောနေလို့ ဖြစ်မှာပေါ့ဗျ"

"ခင်ဗျားအမျိုးသမီးက အဲသလောက်တောင် စိတ်နာစရာကောင်းအောင် ဆိုးခဲ့လို့လား"

"ကျွန်တော်ပြောမယ်လေ။ တွေ့ကြတာကစပြီး ပြောမယ်။ ကျောင်းသူကျောင်းသားဆိုတော့ အများတွေ့သလို တွေ့ကြတယ်ပဲ ဆိုပါတော့။ နာမည် မသိချင်သာနေမယ်၊ ဘာတက်နေတယ်ဆိုတာသာ မသိ ရှိရမယ်။ နှစ်နှစ်၊ သုံးနှစ် တစ်ဝင်းတည်း နေလာတော့လည်း မျက်မှန်းတော့ တန်းမိကြတာပဲပေါ့။ ရန်ကုန်တက္ကသိုလ်ကို ခင်ဗျား ရောက်ဖူးတယ် မဟုတ်လား။ နေရာဒေသ...။

❐

mgyoe.com

mgyoe.com

# အချစ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# (၇)

"... တယ် မဟုတ်လား။ ခင်ဗျား သတိထားမိမယ်ထင်တယ်။ အဲဒီတုန်းက ကုံကော်ပင်တွေ ခုတ်မှ မပစ်သေးတာ။ အဲဒီဘေးက အဆောက်အဦ ဖြူဖြူကြီးက စာကြည့်တိုက်။ မျက်နှာချင်းဆိုင်က အပန်းဖြေရိပ်သာ။ ရိပ်သာရဲ့ နောက်ဘက် ညာဘက်မှာ ဘုရားရှိခိုးကျောင်း။ ဘုရားရှိခိုးကျောင်းရဲ့ နောက်ဘက်၊ အပန်းဖြေရိပ်သာရဲ့ တောင်ဘက်မှာ မြေကွက်လပ်ရှိတယ်။ အဲဒီမှာ ဘူးသီးကြော်ဆိုင် ရှိတယ်"

မျက်မှောင်ချီကာ မြင်ယောင်ပြုကြည့်နေ၏။ ထို့နောက် မေးသည်။

"လမ်းလေးရှိတယ်မဟုတ်လား"

"ရှိတာပေါ့ ကိုနွံအောင်။ အင်း၀ဆောင်ရှေ့က လမ်းနဲ့ တည့်နေတဲ့လမ်း။ အခု ဟောဒီ ကြိုးတံတားလို အရှေ့အနောက် တန်းနေတာ။ ဘုရားရှိခိုးကျောင်းနားကျမှ တောင်ဘက်ကွေ့ပြီး ရွှေဘိုဆောင်ခေါင်းရင်းက ဖြတ်သွားတာပဲ"

"အား... ဟုတ်ပြီ။ တောင်မြောက်တန်းနေတဲ့ စကြံကို ကျွန်တော် မှတ်မိပြီ။ ရန်ကုန်မှာ အရှည်ဆုံးစကြံပေါ့"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

"အဲဒီနေ့က စာကြည့်တိုက်က ငှားထားတဲ့ စာအုပ်တွေ ပြန်အပ်ဖို့ နှီးဆော်စာလာတဲ့နေ့။ နှီးဆော်စာက တတိယအကြိမ်တောင် ရောက်နေပြီ။ ရက်လွန်ကြေးက တစ်ရက် ဆယ်ပြား။ သုံးအုပ်စာဆိုတော့ မနည်းဘူး။ ဒါနဲ့ သွားအပ်ရတာ။ လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတွေက စောင့်ပြီး ကျန်နေခဲ့တယ်။ ယုဒသန် ဘုရားရှိခိုးကျောင်းနောက်က ဖြတ်သွားတာ။ သွားတုန်းကတော့ အမှတ်တမဲ့၊ အဲဒီ ဘူးသီးကြော်ဆိုင်မှာ အမျိုးသမီးလေးယောက် ထိုင်နေကြတာ။ အပြန်ကျ

mgyoe.com

 mgyoe.com 

တော့ ခပ်လှမ်းလှမ်းထဲက သူတို့ ကြည့်လိုက်၊ ပြောလိုက်၊ ရယ်လိုက်နဲ့ဗျ။ ဆိုင်မှာလည်း အတွဲတစ်တွဲပဲရှိတယ်။ လူက ရှင်းနေတာ။ ဆယ့်နှစ်နာရီ မထိုးသေးတော့ တော်တော်များများက စာသင်ခန်းထဲမှာပဲ ရှိကြသေးတယ်"

သူက ခေါင်းတစ်ချက်ညိတ်ကာ–

"အဲဒီ အမျိုးသမီးလေးယောက်ထဲမှာ ခင်ဗျားအမျိုးသမီးပါတယ်ပေါ့"

"ဟုတ်တယ် ကိုနွံအောင်၊ သူတို့ အတွဲဆုံး သူငယ်ချင်းလေးယောက်လေ။ ဒါနဲ့ အနားရောက်လာတော့ ကျွန်တော့်ကို ဝိုင်းပြီး ကြည့်နေတဲ့ မျက်လုံးတွေကို ထင်ထင်ရှားရှား မြင်ရတာပေါ့ဗျာ။ တစ်ယောက်ကဆိုရင် လက်တွေချိုးပြီး ရေတွက်နေတဲ့ သဏ္ဌာန်နဲ့ဗျ။ တစ်ယောက်က ဘာမှန်းတော့ မသိဘူး။ ခပ်တိုးတိုး ပြောတယ်။ တစ်ယောက်က ခေါင်းခါတယ်။ ငြင်းတဲ့ပုံမျိုး။ နှစ်ယောက်က ငြင်းတယ်။ စကားလုံးမကွဲတော့ ဘာမှန်းမသိဘူး။ ကျွန်တော်ကလည်း သတိထားနေမိလို့လားမသိဘူး။ သူတို့ဘေးနားက ဖြတ်သွားရမှာ ဖြူလာတယ်။ သူတို့စားပွဲက လမ်းနဲ့ အနီးဆုံး။ ရင်ခတ်ပင်အောက်က စားပွဲ"

ကိုနွံအောင်က ဟက်ဟက်ပက်ပက် တစ်ချက် ရယ်သည်။ တက္ကသိုလ်ကျောင်းသူ ကောလိပ်ကျောင်းသူ တချို့က တော်တော် နောက်တတ်တာဗျ။ ခင်ဗျား ဘယ်လောက် ခွကျမယ်ဆိုတာ မြင်ပါရဲ့ဟု ပြောလေသည်။ ကျွန်တော် ဆက်ပြောမယ်။ ခွကျရုံအပြင် ဘယ်လောက် စိတ်ညစ်စရာ ကောင်းသွားတယ်ဆိုတာ။ ဘုရားရှိခိုးကျောင်းဘက်ကို မြက်ခင်းထဲကဖြတ်ပြီး ကူးရကောင်းမလားတောင် ကျွန်တော် စိတ်ကူးသေးတာဗျ။ နီးလာလေလေ သူတို့မျက်လုံးတွေက တစ်မျိုးဖြစ်လေလေကိုး။ ရှောင်လိုက်ရင် ပိုပြီး ဟားကြဦးမယ်။ ကိုနွံအောင်နယ်၊ ကျွန်တော် သူတို့အနားက ဖြတ်လည်းသွားရော တစ်ယောက်က လှမ်းခေါ်ပြီး မေးကြည့်လေတဲ့။ ခပ်တိုးတိုး ပြောတယ်။ တစ်ယောက်က နင်ကလည်း ဘယ်ကောင်းပါ့မလဲဟတဲ့။ တစ်ယောက်က နင်တို့ ရှုံးပါတယ်။ တို့က သေချာပါတယ် ဆိုတာလည်း ကြားရသဗျ။ မေးကြည့်ရင် ရှင်းတာပဲတဲ့။ ဘယ်ကောင်းမလဲကွယ်တဲ့။ ဘာတွေမှန်းမသိဘူး။ တစ်ကျောင်းတည်းနေ တစ်ရေတည်းသောက် မောင်နှမတွေပဲ။ မေးလို့ ကောင်းပါတယ်တဲ့။ ကျွန်တော်က ရွှေဘိုဆောင်ဘက် ကွေ့လာတဲ့အထိ အသံတွေ သဲ့သဲ့ကြားရတယ်။ အကြော်ကြော်နေတဲ့ နေရာနားရောက်တော့ စာကြည့်တိုက်ဘက်လိုလို၊ အပန်းဖြေရိပ်သာဘက်လိုလို ကျွန်တော် သမင်လည်ပြန် လှည့်ကြည့်လိုက်တယ်။ အကြော်သည် အဘွားကြီးဆီမှာ သူတို့ အကြော်ဖိုးပေးပြီး ထလာကြတယ်။ ထင်တဲ့အတိုင်းပဲ

mgyoe.com

ကျွန်တော့်နောက်ကို လိုက်လာကြတယ်။ အကြော်ဆိုင်နဲ့ လေးငါးဆယ်လှမ်း အရောက်မှာ ဗျိုး နောင်ကြီးတဲ့။ အသံက ခပ်စူးစူး။ နောင်သော် ဂျူးဂျူးဟု သိရတော့မည့် အမျိုးသမီး။ ကျွန်တော် လှည့်မကြည့်။ နောင်ကြီး ခဏနေပါဦးဟူသော ဒုတိယအသံ။

လှည့်မကြည့်ဖြစ်။ ခြေမရပ်မိ။ ကျွန်းဖိုပင်ရှေ့သို့ ကျွန်တော် ရောက်ပေပြီ။ ဖျပ်ဖျပ် မြည်သော ဖိနပ်သံသည် နီး၍လာ၏။ တစ်ယောက်တည်း၏ ခြေသံ။ ကျွန်တော့်ဘေးသို့ ရောက်ခါနီးတွင်–

"ဒီမယ် နောင်ကြီး၊ ခဏလေး"

မျက်နှာချင်းဆိုင်ကာ ခြေစုံရပ်လိုက်မိသည်။ သူ့ကို ကျွန်တော်ကြည့်သည်။ မျက်နှာ သွယ်။ အသားညို။ အရပ်မှာ ကျွန်တော်နှင့် မတိမ်းမယိမ်း။ ကျွန်တော် မေးမည်အပြုတွင် သူ့သူငယ်ချင်းတွေကို မြန်မြန်လာကြလေဟာဟု လှမ်းခေါ်လေ၏။ သူ ခေါ်ခိုက်တွင် ကျွန်တော့်မျက်လုံးသည် သူ့တစ်ကိုယ်လုံးကို မြင်လေသည်။ ပါးပါးသွယ်သွယ်။ သူ့ သူငယ်ချင်းတွေ အနီးသို့ ရောက်လာတော့မှ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်သည်။ သူ ပြုံးလေသည်။ ဘယ်ဘက်နှုတ်ခမ်းပေါ်ရှိ မှဲ့ကလေးကို မှတ်မှတ်ရရ သတိထားမိသည်။ သူ့သူငယ်ချင်း သုံးယောက်ထဲက အရပ်ရှည်ရှည် အမျိုးသမီးက ပြုံး၍ ပြောသည်။

"ကျွန်မတို့ သီချင်တာလေးတစ်ခုရှိလို့ အကူအညီပေးပါလား"

ထိုအမျိုးသမီးကို နောက်တစ်နေ့တွင် ချူးယဉ်ဟု ကျွန်တော် သိရသည်။

"ဟုတ်ကဲ့၊ ကူညီနိုင်တာဆိုရင် ကျွန်တော် ကူညီပါ့မယ်"

တောင်ငူဆောင် အောက်ထပ် သံဆန်ခါများနှင့် အပေါ်ထပ် ဝရန်တာဘက်သို့ ကျွန်တော် ဈေပြီးကြည့်သည်။ ကျောင်းသားတစ်ယောက်မျှ မတွေ့ရ။ လှမ်း၍ နောက် ပြောင်သံ ကြားရမည် စိုးသည်။ ချူးယဉ်က သူ့ဘေးရှိ အမျိုးသမီးကို လှည့်ကြည့်သည်။

"နန်းမြငြိမ်း... နင် ပြောလိုက်လေ"

နန်းမြငြိမ်းဆိုသူ အမျိုးသမီးက ရှက်သွေးပြုံးဖြင့် ခေါင်းခါသည်။ သူတို့ တစ်သိုက် ထဲတွင် နန်းမြငြိမ်း၏ အသားအရေသည် အလှဆုံး၊ အနုဆုံး၊ အဖြူဆုံး။

"နင်မေးလိုက်ပါလား"

နန်းမြငြိမ်းက ချူးယဉ်ကို အမေးတာဝန် လွှဲပေးသည်။ ဂျူးဂျူးက–

"မိယု နင်ပဲမေးလိုက်လေ။ တို့နိုင်မှာ သေချာပါတယ်"

တစ်ယောက်ကိုတစ်ယောက် တာဝန်လွှဲအပ်နေချိန်တွင် ကျွန်တော် အနေရခက်လာ ၏။ နားလည်း နားမလည်။ စိတ်ကျဉ်းကျပ်စ ပြုလည်း ပြုလာ၏။ နင် မေးလေ။ အစ

mgyoe.com

 mgyoe.com 

က နင်မေးမယ်ဆို။ ဂျူးဂျူးကလည်းဟာ နင်ကပဲ လိုက်မေးမယ်ဆို။ ဟင့်အင်း ဟာ... နင်တို့ပဲမေးလိုက်ပါ။ အသံတွေကြား၊ နှုတ်ခမ်းတွေ၊ မျက်လုံးတွေ၊ အမူအရာတွေကြားတွင် ကျိုးကြည့်ကြောင်ကြည့်နှင့် ကျွန်တော် ရှိနေသည်။ ကျွန်တော် စိတ်မရှည်တော့။

"ခင်ဗျားတို့ဥစ္စာက ဘယ်လိုလဲဗျာ"

ကျွန်တော့်အသံ အတန်မှူ ဆတ်သည်။ ပြုံးရောင်ပြုံးရိပ်ရှိသော မျက်နှာလေးခုသည် အပြုံး လျော့သွား၏။ ဤတွင် နန်းမြငြိမ်းက–

"ဒီလိုပါ ကျွန်မတို့သုံးယောက်က အီကိုကပါ"

ချူးယဉ်မှတစ်ပါး ကျန်သုံးယောက်ကို ညွှန်းသည်။

"သူက ယု။ မြမြယုတဲ့။ သူက ဂျူးဂျူး၊ ကျွန်မက နန်းမြငြိမ်း"

ကျန်တစ်ယောက်ကို မေးဖြင့် ဆတ်၍ပြကာ–

"သူက ချူးယဉ်။ လော တတိယနှစ်"

ချူးယဉ်သည် ဥပဒေအဓိက။ သူတို့သုံးယောက်က စီးပွားရေးတက္ကသိုလ်မှ။ နန်းမြငြိမ်းစကားကို ဖြတ်သည်။ မြမြယုဆိုသူက–

"နောင်ကြီးက စိတ်ပညာကမဟုတ်လား"

အံ့အားတသင့် ခေါင်းညိတ် အဖြေပေးလိုက်သည်။ မြမြယုကပင် ဆက်၍–

"ဒီလိုပါ ဟိုသင်းလေ။ နောင်ကြီးကို မေးစရာရှိလို့။ ကျွန်မတို့မေးတာကို သေသေချာချာ ပြန်စဉ်းစားပြီး အဖြေပေးပါနော်"

လက်ဖက်ရည်ဆိုင်တွင် စောင့်နေသည့် ကျော်ငြိမ်းတို့ကို ပြေးမြင်သည်။ မြန်မြန်မေး၊ မြန်မြန်ဖြေ။ ပြီးရောဟု သဘောထားကာ–

"မေးဗျာ၊ မြန်မြန်မေး သူငယ်ချင်းတွေနဲ့ ချိန်းထားလို့"

စိတ်မရှည်သည်ကို မြင်၍ နန်းမြငြိမ်းက ပြုံးသည်။ မြမြယုက–

"စိတ်မရှိနဲ့နော်၊ နောင်ကြီး ဒီမှာ ကျောင်းလာတက်တဲ့အခါ ဝတ်လာတဲ့ အင်္ကျီရယ်၊ လုံချည်ရယ်၊ ဘောင်းဘီရယ်၊ တိုက်ပုံရယ်။ စုစုပေါင်း ဘယ်နှထည်ရှိသလဲဟင်"

"ဗျာ"

အံ့သြစွာ ဗျာမိသည်မှအပ မပြောမိ၊ မမေးမိ။ နားထင်နားရင်းတွေ ထူသွားသည်ဟု ထင်သည်။

"ဖြေပါဦးရှင့်။ အချင်းချင်းတွေပဲဟာ။ ရှက်စရာမလိုပါဘူး။ ကျွန်မနဲ့ မီယုတို့ တွက်ထားတာက တစ်မျိုး။ နန်းမြငြိမ်းနဲ့ ချူးယဉ်တို့ တွက်ထားတာက တစ်မျိုး ဖြစ်နေ

mgyoe.com

mgyoe.com

တယ်။ နှစ်ထည်ကွာနေတယ်။ တစ်ဆိတ်လောက် ကူညီစမ်းပါ"

ဂျူးဂျူး၏ အသံစူးစူးက မျက်နှာထားအခက်ကို ဖြစ်စေပြန်၏။ သို့သော် မတတ်နိုင်တော့။

"မှန်ပါတယ်၊ ခင်ဗျားတို့ တွက်ထားတဲ့အတိုင်းပါပဲ"

ရှက်စိတ်ကြောင့် ကျွန်တော် ခြေလှမ်းပြင်လိုက်၏။ နန်းမြငြိမ်းက ကျွန်တော့်ရှေ့မှာ ခြေစုံလာရပ်၏။

"အဲသလိုတော့ မလုပ်ပါနဲ့။ ဖြေဦးမှပေါ့"

ကျွန်တော် ခေါင်းခါလိုက်သည်။

"ခင်ဗျားတို့ လောင်တာ သက်သက်ပဲဗျာ"

"မဟုတ်ဘူး၊ အဲသလိုတော့ နည်းနည်းမှမဟုတ်ဘူး"

မြမြယုက ဝင်ရှင်းသည်။ မြမြယု၏ စကားအဆုံးတွင် ချူးယဉ်က ကျွန်တော့်ဘေးတွင် လာရပ်၏။ မျက်ရစ်မရှိသော မျက်လုံးအစုံသည် အပြုံးကြောင့် သိသိသာသာ ကျဉ်းသွားလေသည်။ နှစ်နှစ်ကာကာ ပြုံးပြပြီးမှ–

"အမှန်အတိုင်း တကယ်သိချင်လို့ ခုလို ကျွန်မတို့ စွန့်စားပြီး မေးရတာပါ။ ပတ်ဝန်းကျင်ကို သတိပြုမှတ်သားတဲ့နေရာမှာ ကျွန်မတို့ ဘယ်လောက် အစွမ်းအစရှိသလဲ သိချင်လို့ စမ်းသပ်တာမျိုးပါ။ ကျွန်မတို့ကိုယ် ကျွန်မတို့ စမ်းသပ်တာပါ"

စွန့်စားပြီး မေးတာပါဟူသော အသုံးအနှုန်းကို သဘောကျသဖြင့် ကျွန်တော် ပြုံးမိသည်။ ကျွန်တော့်အပြုံးကြောင့် ဖြစ်မည်။ သူတို့၏ အကြည့်တွေ မျက်နှာစတွေက စောစောကထက် တရင်းတနှီး ရှိလာ၏။ ရှောင်လွှဲလာခြင်းဖြင့် ထိုလေးယောက်၏ ခြေသံတွေ မေးခွန်းတွေကို ကျွန်တော့်အပါးမှ အပြီးတိုင် ကျန်ရစ်ပြေပျောက်သွားစေမည် မထင်။ ထို့ကြောင့်–

"ကဲ... မေးဗျာ၊ မေးမေး"

ဂျူးဂျူးက တခစ်ခစ်နှင့် ရယ်သည်။ ရယ်သံနှင့်ပင်–

"ဖြေရမှာက ရှင်"

"မဟုတ်ဘူးလေ၊ ခင်ဗျားတို့ မေးချင်တာမေး။ ကျွန်တော်ဖြေမယ်"

မြမြယုက လွယ်အိတ်ကို နောက်သို့ဖယ်ကာ–

"အားတော့ အားနာတယ်။ ထက်ထရွှန် အဖြူလက်တို တစ်ထည်၊ လက်ရှည် ဘစ်ထည်၊ လေယာဉ်မောင် အပြာနု လက်တိုတစ်ထည်၊ မန်ကျည်းစေ့ရောင် လက်တို

mgyoe.com

mgyoe.com

တစ်ထည်၊ ဂျင်း ချောကလက်ရောင် လက်ရှည်တစ်ထည်။ ဆဲဗင်းဒေးစ် အုန်းခွံရောင်၊ အဲ... အုန်းသီးအခြောက် အရောင်နုနုလေး"

ကျွန်တော် ရယ်ပစ်ချင်သည်။ အလုပ်မရှိ အလုပ်ရှာပုံကို စိတ်အဆိုးရခက် မဆိုးရခက် ခက်နေ၏။

"ဒါပဲလား၊ ခုပြောတဲ့အထိ အကုန်မှန်တယ်"

မြမြယုက ခေါင်းခါသည်။

"နှစ်ထည်ကျန်သေးတယ်။ နှစ်ထည်စလုံးက လေယာဉ်မောင်ရှန်။ လက်တို။ တစ်ထည်က အဝါနု၊ တစ်ထည်က မြင်းချေးရောင် ဒါပဲ။ မှန်လား"

"မှန်တယ်၊ စုစုပေါင်း ရှစ်ထည်။ ဒီရှစ်ထည်နဲ့ ဒီနှစ်တစ်နှစ်လုံး ကျွန်တော် ကျောင်းတက်နေတာပဲ"

နန်းမြငြိမ်းက ကိုယ်ကို ရှေ့သို့ အနည်းငယ်ကိုင်း၏။ ထို့နောက်–

"လေယာဉ်မောင် အဖြူတစ်ထည် ရှိသေးတယ်မဟုတ်လား"

သူပြောမှ သတိရသည်။ ထို့ကြောင့်–

"သြော်... ဟုတ်တယ်။ ဆီချေးစွန်းလို့ မဝတ်ဖြစ်တာ တစ်လလောက်ရှိပြီ"

ချူးယဉ်က နန်းမြငြိမ်း၏ ဘေးတွင် ယှဉ်ကာရပ်သည်။ အောင်နိုင်သူ၏ အပြုံးဖြင့် ဂျူးဂျူးနှင့် မြမြယုကို ကြည့်ကာ–

"အခုဝတ်ထားတဲ့ တက်ထရွန်အကွက်ကလေးပါဆိုရင် စုစုပေါင်း ဆယ်ထည်ပေါ့"

ကျွန်တော် ခေါင်းညိတ်သည်။ ချူးယဉ်နှင့် နန်းမြငြိမ်းတို့နှစ်ယောက်က ခုန်မတတ် ဖြစ်သွားသည်။ ရယ်သံက လွင်ကနဲ တက်လာ၏။ "ဘောင်းဘီနဲ့ လုံချည်ကို မေးဦးလေ" ဟူသော ဂျူးဂျူး၏အသံက ထွက်လာသည်။ "အို... ဘာမေးစရာလိုသလဲ။ လုံချည် ခုနစ်ထည်၊ ဘောင်းဘီလေးထည်ရှိတယ်လို့ နင်တို့လည်းတွက်တာ ငါတို့လည်း ဒီအရေ အတွက်အတိုင်းပဲဟာ။ တို့နိုင်လို့ ညစ်တာ" ဟူသော ချူးယဉ်၏ အသံစာစာက နားထဲသို့ ဆောင့်ဝင်သည်။

ငြင်းခုံနေစဉ် ကျွန်တော် ခြေလှမ်းလိုက်သည်။ သုံးလေးလှမ်းအရောက်တွင် မည်သူ့ အသံမှန်းမသိသော အော်ပြောသံက ငြင်းခုံသံတွေကြားမှ ထွက်လာ၏။

"ဗျို်း... နောင်ကြီး၊ ကျေးဇူးတင်ပါတယ်"


mgyoe.com

mgyoe.com

# (၈)

"ကြာလိုက်တာကွာ၊ မင်းကို မစောင့်နိုင်လို့ ငါစားပြီးပြီ"

ဗာဒံပင်အောက်ရှိ စားပွဲသို့ ရောက်ရောက်ချင်း ကျော်ငြိမ်းက ပြောသည်။ ကျွန်တော့် နှုတ်ခမ်း စေ့ထားသော်လည်း ပြုံးတုံ့တုံ့ဖြစ်နေ၏။ စားပွဲပေါ်သို့ ကြည့်လိုက်၏။ အသုပ် ပန်းကန်၊ ထမင်းဖြူပန်းကန်၊ လက်ဖက်ရည်ပန်းကန်။ စားကြွင်းသောက်ကြွင်း ထိုပန်းကန် တို့အနီးတွင် သော့တွဲတစ်တွဲ။

"သီဟကျော် လာသွားလား"

ကျော်ငြိမ်းက နှုတ်ခမ်းကို လက်ဖဝါးဖြင့်ပွတ်ရင်း ခေါင်းညိတ်၏။

"မင်းက လေးငါးဆယ်မိနစ်အတွင်း ပြန်ရောက်မယ်ဆိုလို့ မင်းညီက စောင့်နေ သေးတယ်။ နာရီဝက်ကျော်တော့ ပြန်သွားတာပေါ့။ သူ့ သွားစရာရှိလို့တဲ့။ အဘိုးကြီးနဲ့ အဘွားကြီး ရုံးကြိုတဲ့တာဝန် မင်းလွှဲခဲ့တယ်။ အဆောင်ရှေ့မှာ ကားထားခဲ့တယ်။ ကြာ လိုက်တာဒွေးလွင်ရာ။ စာကြည့်တိုက်က ကောင်မလေးတွေနဲ့ စကားလက်ဆုံ ပြောမကုန် ဖြစ်နေတယ်ထင်တယ်။ ဟုတ်လား"

ကုလားထိုင်တွင် ထိုင်လိုက်ပြီးမှ–

"ကတ်ပြားရှာမတွေ့လို့ နည်းနည်းကြာသွားတာပါ။ လမ်းမှာ ပြဿနာတိုးနေလို့"

ကျော်ငြိမ်း မျက်လုံးဝိုင်းသည်။

"ဘာပြဿနာလဲ"

သူ မေးသည်။ ဖြေမည်အပြုတွင် လက်ဖက်ရည်ဆိုင်ကကောင်လေး ရောက်လာပြီး မေး၏။

mgyoe.com

 mgyoe.com 

"ဘာမှာပေးရမလဲဆရာ"

"ခေါက်ဆွဲသုပ်မှာပေးကွာ၊ ငရုတ်သီးနည်းနည်းနော်။ ဒံပေါက်တစ်ပွဲလည်း ယူမယ်"

ခေါက်ဆွဲသုပ်ကို ထမင်းဖြူနှင့် စားမည် စိတ်ကူးသည်။ ကောင်လေးက ဆိုင်ဘက်သို့ လှမ်းအော်ကာ မှာ၏။ တောင်ငူဆောင် စားသောက်ဆိုင်ခန်း၏ ဘာသာစကားအတိုင်း။ ထို့နောက်–

"ဖာလူဒါ ယူဦးမလား"

ရေခဲရေယူမည်လားဟူသော မေးခွန်းကို ခေါင်းညိတ် အဖြေပေးလိုက်သည်။

"လက်ဖက်ရည်ကော"

"စားပြီးမှ မှာမယ်ကွာ။ ခုနေဆို အေးကုန်ဦးမယ်"

ကောင်လေး ထွက်သွားတော့မှ ကျော်ငြိမ်းက–

"ဆိုပါဦး၊ ဘာပြဿနာလဲ"

ကျွန်တော် ပြောပြလိုက်သည်။ စကားအသုံးအနှုန်းတွေကအစ မလွဲအောင် ပြန်ပြောပြလိုက်သည်။ အသက်နှစ်ဆယ်ကျော်မျှ ရှိမည်ထင်ရသော သူတို့အုပ်စုတွင် အသက်အကြီးဆုံး ချူးယဉ်၏ ပုံပန်းသဏ္ဌာန်၊ အသားဖြူပုံ၊ သွားထပ်ရှိပုံ၊ နှုတ်ခမ်းထူပုံ၊ မျက်နှာတွင် မှဲ့ခြောက်လေးတွေ ရှိပုံကို မချန်ခဲ့။ ချူးယဉ်ထက် နှစ်လက်မ သုံးလက်မ အရပ်နိမ့်သော်လည်း ဂျူးဂျူးထက် မြင့်သော နန်းမြငြိမ်း၏ ရုပ်သွင်ကို ပြောပြလိုက်သည်။ သူတို့ အုပ်စုထဲတွင် ကိုယ်လုံးကိုယ်ထည် အလှဆုံး၊ အပြည့်ဆုံး၊ မျက်နှာကျ ချောမောပုံတွေဖြင့် နန်းမြငြိမ်း၏ သွင်ပြင်ကို ပြောပြသည်။ အငယ်ဆုံးဖြစ်သော အရပ်အနည်းငယ်ပုကာ အသားနီစပ်စပ် ဂျူးဂျူး၏ လက္ခဏာ။ မြမြယု၏ မျက်ခုံးပါးပါး၊ နှုတ်ခမ်းပါးပါး၊ ဝိုင်းစက်စူးရှသော မျက်လုံး။ နန်းမြငြိမ်းကဲ့သို့ မျက်နှာလှပပုံ၊ ကိုယ်လုံးသေးသွယ်ပုံ။ ဆံပင်နူးညံ့ ရှည်လျားပုံတွေ မှတ်မိသရွေ့ ပြောပြသည်။

"ဟင်... မင်းဟာကလည်း ရက်ပေလို့ပဲ။ အသေးစိတ်ပါပဲလားကွ"

ခေါက်ဆွဲသုပ်၊ ဟင်းချိုနှင့် ထမင်းဖြူပန်းကန်တွေ စားပွဲပေါ်သို့ ချ၍ရရန် နေရာရှင်းပေးရင်း–

"မျက်လုံးချင်းမှ သိပ်မဆိုင်ရဲတာ။ ဟိုကြည့်ဒီကြည့်ကြည့်ရင်း မျက်လုံးလွှဲထားတော့ ငါ ပြောနိုင်တာပေါ့ကွ"

"မျက်လုံးချင်းများ ဆိုင်ရဲရင်တော့ ကိုယ်အလေးချိန်ကအစ မင်း မှတ်သားလာနိုင်မှာ

mgyoe.com

mgyoe.com

သေချာပါတယ်"

ပြောပြီးတော့ ရယ်နေ၏။

"အံ့ရောကွာ ကတ်သီးကတ်သတ်။ မိန်းကလေးတွေရဲ့ဇာတိက ဒီတစ်ခုနဲ့ပဲ ချီးကျူးလောက်တယ်။ ငါ့ကိုများ အဲသလိုမှတ်ရင် သောက်ရှက်ပဲ။ အကျီသုံးထည်၊ လုံချည်သုံးထည် တစ်ခါလာလည်း ဒါပဲဝတ်၊ တစ်ခါလာလည်း ဒါပဲဝတ်။ ဒါဝတ်သခင်ဖြစ်နေတာ။ သူတို့အချင်းချင်းဆို ဘယ်လောက်များ မျက်လုံးဒေါက်ထောက်ပြီး ကြည့်လိုက်မလဲလို့။ မင်း တော်တော် မအီမလည် ဖြစ်သွားမှာပေါ့"

စားနေဆဲဝါးနေဆဲ ဖြစ်သောကြောင့် ချက်ချင်း ပြန်မပြောဖြစ်။

"စဉ်းစားသာ ကြည့်ပေါ့ကွာ။ တော်တော်နောက်တဲ့ အမျိုးသမီးတွေ။ လူ့ကို ဘာပြန်ပြောလို့ ပြောရမှန်းမသိအောင် ဖြစ်သွားတာပဲ"

ကျော်ငြိမ်းက အကြမ်းပန်းကန်လုံးကို လှမ်းယူရင်း ရယ်သည်။

❒

mgyoe.com